www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ

ဦးအောင်မြင့်၊

အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်

အောင်မြင်ပုံနှိပ်တိုက်။

ဖြန့်ချိရေး

အောင်မြင်စာပေ၊

ပထမအကြိမ် - ၂၀၁၃ ခုနှစ်၊ (ဧပြီလ)၊ အုပ်ရေ(၅၀၀)။

၈၉၅.၈၃

ဝိဇ္ဇာ

ချစ်လေးလုံး/ဝိဇ္ဇာ။ - ရန်ကုန်၊

အောင်မြင်စာပေ၊ ၂၀၁၃။

၁၄၀ - စာ၊ ၁၃.၅ × ၂၁ စင်တီ။

(၁) ဝိဇ္ဇာ




သတင်းစာဟာ သမိုင်းဆိုရင်

ဂျာနယ်က သမိုင်းကို ထုဆစ်မယ့်

ပြည်သူ့ရဲ့ ဟစ်တိုင်....။



www.burmeseclassic.com

www.burmeseclassic.com

အတင်း အဖျင်းလည်း တစ်ပက်ပဲ
သတင်း ပလင်းလည်း တစ်ပက်ပဲ
အရပ်ထဲ ပက်ဆဲပြီး အပြတ်ကဲနေရင်
ဗျာနယ်ထဲ ပါသွားမယ်၊
စတုတ္ထ မဏ္ဍိုင်တဲ့
ခိုင်သလား မမေးနဲ့
ပြည်သူ့အသံ လွှတ်တော်က နှာခံရတဲ့ ခေတ်မှာ
"မင်း" လှူဖြစ်နေတာလေ။ ။



BURMESE CLASSIC





# အခန်း(၁)

ငှက်ရောင်အောက်မှာ ပလာဇာကြီး အပူလောင်ပြီး ကြွပ်နေပါတယ်။ အဆောက်အအုံ အတွင်းပိုင်းမှာတော့ အပူရှိန် မပြင်းလို့ နေသာထိုင်သာရှိရဲ့၊ စီးပွားရေးမကောင်းဘူးလို့ ဘယ်လိုပဲပြောပြော ဈေးထဲမှာတော့ လူတွေအပြည့်ပဲ၊ တစ်ခုတော့ရှိတာပေါ့၊ ဈေးဝယ်ထွက်တာလား၊ အပျင်းပြေလျှောက်ကြည့်နေတာလားဆိုတာ ကာယကံရှင်တွေပဲ သိနိုင်မှာပါ။ အဲဒီ ဈေးသွားဈေးလာ လူအုပ်ကြီးထဲမှာ အောင်မျိုး တင့်နိုင်သိန်း၊ သဥ္ဇာဝင့်၊ မေမိုင်နဲ့ စီစီဝေ တို့လည်းပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



သူတို့က တတိယထပ် ဖက်ရှင်ဆိုင်တန်းတွေမှာ မျက်စိအစာကျွေးနေကြတာ၊ အဆင်ဆန်း အထည်ဆန်းတွေကို ဆိုင်ပေါက်စေ့ဝင်ရှုံးပြီး လိုချင်တပ်မက်စိတ်တွေနဲ့ လောင်မြိုက်လို့နေကြရဲ့။

"ဟယ်. . ဒီခေါင်းစွပ် အနွေးထည်လေး လှလိုက်တာ"

"ဘာလုပ်မလို့လဲ ချွေးထုတ်မလို့လား၊ ဒီလောက် ပူအိုက်နေတာကို"

"ချွေးထုတ်မလို့ မဟုတ်ဘူး၊ မနက်စောစောပိုင်းဝတ်ပြီး ရှိုးထုတ်မလို့"

"အမိပ္ပါယ်မရှိတာဟာ ဈေးနှုန်းကိုလည်း ကြည့်ဦး"

တင့်နိုင်သိန်း သတိပေးမှ မေမိုင်လည်း လေဘဲလ်ကို ပြူးပြဲကြည့်မိတယ်။

"ဘုရား. . ဘုရား. . ခြောက်သောင်းခွဲတဲ့"

"အေး. . အဲ့ဒါ နင်ရတဲ့လခ အကုန်ပဲ၊ အဲဒါဝယ်ဝတ်ပြီး တစ်လလုံး ထမင်းမစားပဲနေ၊ အလုပ်ကို လမ်းလျှောက်ပြီးလာခဲ့"

"တော်ပါပြီဟာ"

စိတ်လေသွားတဲ့ မေမိုင်၊ ခေါင်းစွပ်အင်္ကျီလေးကို သံယောဇဉ်မကုန်သလို ငေးကြည့်နေရဲ့။

"ကဲ. . လာပါဟယ်၊ တခြားဟာတွေ လျှောက်ကြည့်ရအောင်သွားစို့"

သဥ္ဇာဝင့်က မေမိုင့်လက်ကို အတင်းဆွဲခေါ်သွားတယ်။ အဲဒီမှာ မေမိုင့်လက်က ဂေါ်ကွင်းနဲ့ ခေါင်းစွပ်အနွေးထည် ဝတ်ထားတဲ့ မော်ဒယ်ရုပ်ရဲ့ လက်ချောင်းလေးတွေ ချိတ်မိလိုက်လို့ အရုပ်ကို ဆွဲလှဲလိုက်သလို ဖြစ်သွားရော။





အရုပ်လဲကျသွားတဲ့ ဖောင်းခနဲဆိုတဲ့ အသံနဲ့အတူ သူတို့အားလုံး ရင်တုန်သွားကြတယ်။ အောင်မျိုးဦးနဲ့ တင့်နိုင်သိန်းက အရုပ်ကိုဆွဲမပြီး ကမန်းကတန်း ပြန်ထောင်ပေးလိုက်တယ်. . ၊ မေမိုင်ဆိုတာကြောက်ရုံမက မျက်စိစုံမှိတ်လို့. . အားလုံးလည်း အရုပ်ကျိုးသွားရင်ဆိုတဲ့အတွေးနဲ့ ဘုရားတနေရတာလေ၊ ရုတ်တရက် ဆိုင်ထဲက ဝန်ထမ်းတစ်ယောက် အပြေးထွက်လာရင်း. . .

"ကျိုးသွားလား၊ ကျိုးလို့ကတော့ လျော်ရမှာနော်"

တင့်နိုင်သိန်းတို့နှစ်ယောက် အရုပ်ကို သေချာစစ်ဆေးပြီး. .

"အဟဲ မကျိုးဘူးအစ်မ. . မကျိုးဘူး၊ အရင်အတိုင်းပဲ၊ ဟဲ. . ဟဲ. . သွားမယ်နော်"

"နေဦး. ."

ရှုးချင်ယောင်ဆောင်ပြီး အောင်မျိုးဦးနဲ့ တင့်နိုင်သိန်းတို့ ခြေလှမ်းလိုက်ရုံရှိသေး အရောင်းဝန်ထမ်းက လေသံမာမာနဲ့ တားလိုက်တာပါ။

"စစ်ကြည့်ဦးမယ် မသွားကြနဲ့ဦး"

ဝန်ထမ်းမက မော်ဒယ်အရုပ်ကို သူ့ရည်းစားလို သဘောထားပြီး ခြေဆုံးခေါင်းဆုံး စစ်ဆေးနေပါတယ်၊ သူတို့အုပ်စုလည်း ပန်းတောဘထောင်ထောင်နဲ့ မော်ဒယ်ဘိုင်းအရုပ် ဒဏ်ရာအနာတရ မဖြစ်ပါစေနဲ့လို့ ဝိုင်းပြီးဆုတောင်းနေကြရတာ။

"ဘာမှမဖြစ်ပါဘူး အစ်မရယ်၊ ဟုတ်တယ်နော်"

မအောင်မျိုးဦး ထပ်မေးမှ ဝန်ထမ်းမမက မျက်စောင်းထိုးရင်းမကျေမနပ်လေသံနဲ့. . .

"ဘယ်လိုဟာတွေမှန်းလည်း မသိဘူး၊ အရုပ် သူ့ဟာသူနေ



www.burmeseclassic.com

www.burmeseclassic.com



တာကို လက်အငြိမ်မနေနိုင် ခြေအငြိမ်မနေနိုင်နဲ့"

"ဟာဗျာ. . မတော်တဆ ဖြစ်သွားတာ၊ ဘယ်သူက တမင်လုပ်မှာလဲ၊ တစ်ခုခုဖြစ်သွားရင် လျော်ရမယ်မှန်း သိနေတဲ့ဟာ၊ ဆောရီးပဲ တောင်းပန်ပါတယ်ဗျာ၊ ကဲ. . . ကျွန်တော်တို့ သွားလို့ရပြီနော်"

"ကြွ. . ကြွ"

"ဟုတ်ကဲ့ ကြွပြီ. . တာ့တာ"

မလျော်ရတော့မှန်းသိလို့ ပျော်သွားတဲ့ တင့်နိုင်သိန်းက မျက်နှာပြောင်ပြီး နှုတ်ဆက်နေတယ်။ အပေါက်ဆိုးပုံရတဲ့ ဝန်ထမ်းမမက လက်ဝါးထောင်ပြတယ်။ တင့်နိုင်သိန်းကလည်း အလျော့မပေးဘဲ ဖလိုင်းကစ်ပေးပြီး သုတ်ခြေတင်တော့တာ၊ ခပ်လှမ်းလှမ်းရောက်မှ အားလုံး ပေါ့ပေါ့ပါးပါး ရယ်မိကြတယ်လေ။

"မေမိုင်နော်. . . နင် ပြဿနာရှာတုန်းက ရှာပြီး ကွိုင်ပူတော့ ဘာမှဝင်မပြောဘူး၊ ငါတို့ပဲ ရှင်းရတာ"

"အဟဲ အောင်လပါဟာ. . အောင်လ"

မေမိုင်က တောင်းပန်တာကို သူတို့ ထုံးစံအတိုင်း ပြောတယ်၊ အောင်လရဲ့ 'မှားတာရှိရင် တောင်းပန်ပါတယ်'ဆိုတဲ့သီချင်း ပေါ်လာမှ လူငယ်တွေအားလုံး တောင်းပန်စရာရှိရင် အောင်လလို့ပဲ ပြောကြတော့တာ။ စကားလုံးလည်း ချွေတာရာရောက်သလို အချင်းချင်းလည်း နားလည်တယ်လေ။

"ခုမှလာပြီး အောင်လ လုပ်မနေနဲ့၊ ဒီအတိုင်းတော့ မရဘူး တစ်ခုခုကျွေး"

"ရတယ်လေ၊ ရထားပေါ်ရောက်မှ ငွေးချိုသီး ချဥ်နံ့စပ်သုပ် တစ်ရာဖိုး ဝယ်ကျွေးမယ်"





"ဗိုက်နာမ၊ အမြဲတမ်း ဗိုက်နာပြီး တစ်ရွက်ကိုနှစ်ရွက်ဖြစ်အောင်ပွတ်နေတဲ့ မေမိုင်၊ တော်ပြီ. . နောက်ဆို ဘာကိစ္စမှ မကူညီတော့ဘူး. . အငြိမ်ပဲ"

"သူငယ်ချင်းကလည်းဟာ 'စိမ်းသရဖူစိမ်း' သီချင်းကို မယ်တင့်လင်နဲ့ ဟဲတော့မလို့လား"

"ကဲပါ အချင်းအချင်း ကိုက်မနေကြနဲ့၊ ငါတို့လည်း ဗိုက်ဆာပြီ တစ်ခုခုစားကြရအောင်"

"အဲဒါ ဂွတ်တယ်"

သဥ္ဇာဝင့် တင်သွင်းတဲ့အဆိုကို စီစီဝေက အပြတ်အသတ်ထောက်ခံလိုက်တယ်၊ အောင်မျိုးဦးက ပြီးပြည့်စုံတဲ့ မူကြမ်းတစ်စောင် ထပ်တင်သွင်းလိုက်တော့ ပွဲပြတ်သွားရော. . . ။

"ဗမာပြည်မှာနေတယ်၊ ဒါပေမယ့် အမေရိကန် စစ်စတန်ပဲ"

"ဟုတ်တယ်လေ၊ ကိုယ့်ဒေါသနဲ့ကိုယ် ကြိုက်တာစား ကျသဘောက်ရှင်း"

ကန့်ကွက်မဲ လုံးဝမရှိလို့ စားသောက်ဆိုင်တွေဘက် ခြေဦးလှည့်လိုက်ကြတယ်။ နေရာလွတ်ရှိတဲ့ဆိုင်မှာ ဝင်ထိုင်ပြီးတာနဲ့ မြေအိုး[illegible] ဆီချက်၊ ရှမ်းခေါက်ဆွဲနဲ့ ကိုယ်စားချင်တာ တစ်ယောက်တစ်မျိုး မှာကြတယ်။

တင့်နိုင်သိန်းက မေမိုင့်ကို စေ့စေ့ကြည့်ပြီး. . .

"မေမိုင် ငါ့ဒေါသကို ရှယ်ယာဝင်ပါလားဟာ"

"ဘာ. . ဘာကိစ္စ ရှယ်ယာဝင်ရမှာလဲ၊ ငါက ငါ့ချစ်ချစ်တောင် [illegible]တာမဟုတ်ဘူး"

အတည်ပေါက်နဲ့ ပောက်လိုက်တဲ့ မေမိုင့်စကားကို အကုန်



www.burmeseclassic.com

www.burmeseclassic.com



စိတ်ဝင်စားသွားကြရဲ့. . .

"ဘယ်လို ဘယ်လို. . . နင့်ချစ်ချစ်"

"မထင်ရဘူးနော်"

"ဘယ်တုန်းက ဘယ်လိုငြိသွားတာလဲ၊ ငါ့ကွယ်ရာမှာ နချင်တိုင်း ဖြစ်နေတယ်ပေါ့လေ. . ဟုတ်လား"

"ဘယ်ကလဲ၊ ဘယ်သူလဲ. . ပြောစမ်း"

တစ်ယောက်တစ်ပေါက် မေးမြန်းစုံစမ်းရင်း အသားယူဆိုတာတွေကို မေမိုင်က စိတ်မခုတဲ့အိုက်တင်နဲ့. . .

"အဟင်း. . နင်တို့ အားလုံး မြင်ဖူးပါတယ်"

"ဟယ်. . . ဒါဆို တို့ဂျာနယ်တိုက်ကပဲပေါ့"

"ဟင့်အင်း. . မဟုတ်ဘူး သဥ္စာ"

"ရုပ်ကွက်ထဲကလား"

"တင့်နိုင်သိန်း. . မောင်လေး အဖြေမှားပါတယ်ကွယ်"

"သိပြီ တိုက်ဂိတ်ဝက အစောင့်ကုလားကြီး"

"သူက နင့်ညီမရဲ့ဘဲဟဲ့. . ကောင်စုတ်ရဲ့"

"ကဲ. . မေမိုင်၊ ဆန်းထွင့်နဲ့ မောင်မောင်အေးစတိုင်လ်၊ ပဟေဠိနန်းတော် လာလုပ်မနေနဲ့၊ ပြောလည်းမပြောနဲ့ ဘယ်သူမှ လုံး၀ စိတ်မဝင်စားဘူး"

"အောင်မျိုးဦးကလည်းဟယ်၊ ငါ့မှာ ချစ်ချစ်ရှိတယ်ဆိုင်တဲ့ ခိတ်ခါတ်ကျသွားတာလား. . . ယောက်ျားမဟုတ်သလိုပဲ"

"အောင်မှာ နင့်လို နှပ်ချေးကို ချောကလက် လုပ်စားတဲ့ ဦး လုံး၀စိတ်မဝင်စားဘူး"

[illegible]





ထောက်ခံကြပေမယ့် သိပ်စပ်စုချင်နေတဲ့ စီစီဝေက. . .

"မေမိုင် ငါ့ကိုပဲပြော. . တိုးတိုးလေးဖြစ်ဖြစ်"

"ဟင်း. . ဟင်း. . ငါက အားလုံးသိအောင် အကျယ်ကြီး ပြောချင်တာ"

"အဲဒါပေါ့၊ သူ့ခိုးရှေ့ရ တပြုပြုဆိုတာ"

တင့်နိုင်သိန်းကလည်း အပီကိုဖွဲ့တာ၊ ဒါတောင် မေမိုင် အပြုံးမပျက်ဘူး။

"အဟီး. . စောစောက သူချော်လဲလို့ နင်တို့နှစ်ယောက် ဝိုင်းထူပေးကြသေးတယ်လေ. . ဒါတောင် မသိဘူးလား"

"ဘာ. . ."

"ဩော်. . . ခေါင်းစွပ်အနွေးထည်ဝတ်ထားတဲ့ မော်ဒယ်လ်ဘွိုင်းအရုပ်ပေါ့. . ဟုတ်လား"

"ဟုတ်တယ် အဟီး. . ဟီး. . ဘာမှ ဝယ်ကျွေးစရာ မလိုဘူးလေ"

"အရှူးမ ငါဖြင့် တကယ်များလားလို့"

"အေးလေဟယ် အဟုတ်မှတ်လို့"

မိန်းကလေးနှစ်ယောက် မေမိုင့်ကို ဗိုက်ခေါက်ဆွဲလိမ်၊ လက်မောင်းရိုက်နဲ့ ဝိုင်းသမကြရော. . .

"အင်း ဟိုနှစ်ယောက် ကြည့်ရတာလည်း မေမိုင့်အပေါ် မနာလိုဖြစ်နေပုံနဲ့"

"အေးလေ အတွင်းစိတ်က ချက်ချင်းပေါ်လာတာ"

"အောင်မယ် သွေးခွဲတာတွေ သပ်လျှိုတာတွေ လာလုပ်မနေနဲ့နော်၊ ရိုးနေပြီ"



www.burmeseclassic.com

www.burmeseclassic.com



သူတို့အုပ်စု စကားနပန်းနဲ့ အားစမ်းပြီး ကျားဖမ်းနေခိုက်. . . မှာထားတဲ့စားစရာတွေ ရောက်လာလို့ အာရုံပြောင်းသွားကြတယ်၊ ပူနေတာတွေ အေးအောင်လုပ်၊ မနယ်ရသေးတာတွေ နယ်နဲ့ အလုပ်ရှုပ်နေကြတုံး မေမိုင်က. . .

“သူပဲ ကောင်းပါတယ်ဟာ၊ ပေါ်သမျှ အဝတ်ဆန်း ခါးပေါ်က မချဘူး”

“ဘယ်သူလဲ မေမိုင်”

“စောစောက အကောင်လေ၊ မော်ဒယ်လ်အရုပ် တစ်နေ့တစ်မျိုး ပြောင်းဝတ်နေတာ၊ ပိုက်ဆံလည်း မကုန်ဘူး”

“ဟယ် နင်ကလည်း ဒါပဲပြောနေ”

“အဟင်း အဲဒီအကျီလေး ငါ တကယ်ကြိုက်လို့ပါဟာ”

ဆီချက်ကို တူနဲ့ညှပ်ယူပြီး ကိုရီးယားတွေ ပဲခေါက်ဆွဲစားသလို ရှူးလူးရှုလူးနဲ့ လေတွေပါ စုပ်သွင်းနေတဲ့ အောင်မျိုးဦး. . . မေမိုင့်ကို အကြီးကြီး သနားသွားတယ်။

“အဲဒါ ပစ္စည်းမဲ့ဒေါသနဲ့ အညတရ ဝေဒနာပေ့ါ”

“စလာပြီ မဆန့်မပြဲအလုံးတွေ”

“ကြီးကြီးကျယ်ကျယ် ပြောတာမဟုတ်ဘူး တင့်နိုင်သိန်းတို့ဆီမှာ လူသန်းငါးဆယ်လောက်က ဖွတ်ကျော့ပြာစုနေတာ၊ မင်းကော. . . မေမိုင်သဘောကျတဲ့အကျီ ဝယ်ဝတ်နိုင်လား”

အောင်မျိုးဦးရဲ့ အမေးကို တင့်နိုင်သိန်းက ခေါင်းခါပြီး ဖြေတယ်။

“ဒါပဲလေ၊ လူတွေ အလုပ်လုပ်တယ်ဆိုတာ စားဝတ်နေရေး အဆင်ပြေချင်လို့ မဟုတ်ဘူးလား၊ ခုတော့ ကိုယ်ကြိုက်တဲ့အကျီ တစ်





ထည်တောင် ဝယ်မဝတ်နိုင်တဲ့ဘဝ”

“အေးဟာ ရတဲ့လခနဲ့ တစ်ယောက်တည်းစား ဆိုရင်တောင် ကော်နှစ်ဆယ်လောက်ပဲ စားလို့ရတာ၊ သိပ်စိတ်ညစ်ဖို့ ကောင်းတာပဲ”

“မျှော်လင့်ချက်မဲ့ လူသားတွေ ဖြစ်နေတာလေ”

“အဲဒီ ဝင့်ဆင်းရဲက ဘယ်တော့လွတ်မလဲ”

သဥ္ဇာဝင့်ရဲ့အမေးကို အောင်မျိုးဦးကပဲ ဖြေတယ်။

“ပါရာဒိုင်း အရွှေ့အားကောင်းလာတဲ့ တစ်နေ့ပေ့ါ”

“ပါရာဒိုင်းဆိုတာ ဘာလဲ၊ ငါတော့ ဖင်စီဒိုင်းလ်ပဲသိတယ်”

တင့်နိုင်သိန်းက ဟာသဖောက်တယ်။

“ဟော့ကောင်. . . ထောင်တန်တဲ့စကားတွေ မင်းနှောင့်တာနဲ့ အချုပ်ခန်းရောက်သွားဦးမယ်”

စီစီဝေက ဖျန်ဖြေစကား ဝင်ပြောပါတယ်။

“စကားကောင်းကောင်း မပြောဘဲ ကိုက်နေကြရင် ရေနဲ့ပက်လိုက်မှာနော်၊ ‘တို့ခေတ်’ကို ဘယ်တော့ရောက်မှာလဲ. . အဲဒါပဲပြော”

“သန့်ရှင်းတဲ့အစိုးရနဲ့ ကောင်းမွန်တဲ့ အုပ်ချုပ်မှုစနစ် ဖြစ်လာတဲ့နေ့”

“အဲ့ဒါကို သမ္မတကြီးကိုယ်တိုင် ကတိပေးထားတာလေ”

စကားဝိုင်းကို စိတ်ဝင်စားသွားတဲ့ သဥ္ဇာဝင့် ပါဝင်ဆွေးနွေးလာတယ်။

“ဒီစကားကို သမ္မတကြီးက (၃၀. ၃. ၂၀၁၁)မှာ ပြောခဲ့တာ (၁. ၄. ၂၀၁၁)ထုတ်တဲ့ သတင်းစာတွေမှာ အကျယ်တဝင့် ပါခဲ့ပေမဲ့ ခက်တာက အပေါ်မှာပြောင်းပြီး အောက်ခြေမှာ အခြေအတိုင်း ဖြစ်နေတဲ့ကိစ္စပဲ. . .”



www.burmeseclassic.com

www.burmeseclassic.com



အောင်မျိုးဦးရဲ့ ရှင်းလင်းချက်ကို တင့်နိုင်သိန်းက လက်မခံတဲ့သဘောနဲ့. . .

"မင်းကလည်းကွာ နည်းနည်းပါးပါး အကောင်းမြင်ပေးဦးမှပေါ့၊ နှစ်ထောင့်တစ်ဆယ် နိုဝင်ဘာ(၇)ရက်နေ့မှာ ရွေးကောက်ပွဲ လုပ်ပေးတယ်၊ အဲဒီလ(၁၃)ရက်နေ့မှာပဲ ဒေါ်အောင်ဆန်းစုကြည်ကို နေအိမ်အကျယ်ချုပ်ကနေ လွှတ်ပေးလိုက်တယ်၊ အခု ကောင်းမွန်တဲ့ အုပ်ချုပ်ရေးစံနစ်နဲ့ သန့်ရှင်းတဲ့အစိုးရဖြစ်အောင် ကြိုးစားမယ်လို့ ကတိပေးတယ်၊ အခေါ်အဝေါ်မတူတဲ့ ယုံကြည်ချက် အကျဉ်းသားတွေကို လွှတ်ငြိမ်းချမ်းသာခွင့်ပေးနေပြီလေကွာ"

"ဟုတ်တယ်လေ အငြိမ်းစား ပင်စင်လစာတွေကိုလည်း တိုးပေးလိုက်ပြီ"

အကုန်ဝိုင်းအာပေမယ့် အောင်မျိုးဦးက မလျှော့ဘူး. . .

"ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ ဒီမိုကရေစီ နိုင်ငံတော်သစ်ကြီးဆီ ပြည်သူတွေအားလုံးရောက်မှ အောင်မြင်မှာလေ"

"သိပ် လောဘမကြီးပါနဲ့ကွာ၊ အပေါ်ဆုံးကိုရောက်ဖို့ အောက်ခြေလှေကားထစ်တွေကစပြီး တက်ရတာလေ"

"မင်းပြောတာ မှန်ပါတယ်၊ ဒါပေမယ့် တို့တွေက အဲဒီအောက်ခြေလှေကားထစ်ကိုရောက်ဖို့ နှစ်ခြောက်ဆယ်ကျော် လျှောက်ခဲ့ရတာလေ၊ အဲဒါက ဆိုးနေတာ"

အပြန်အလှန်ပြောနေတာက အောင်မျိုးဦးနဲ့ တင့်နိုင်သိန်း နှစ်ယောက်ထဲ ဖြစ်သွားရော၊ ဒီတော့. . ကောင်မလေးတွေ ပျင်းလာတယ် ထင်ပါရဲ့။

"ကဲ တော်တော့ဟယ်. . ၊ နင်တို့ကလည်း နိုင်ငံရေးပဲ ပြောမ





နေနဲ့လေ ပျင်းစရာကြီး တခြားဟာပြော"

"ဟုတ်တယ်ဟယ် ပေါ့ပေါ့ပါးပါးပဲ ပြောကြ"

မေမိုင်နဲ့ စီစီဝေတို့ တောင်းဆိုလာလို့ အောင်မျိုးဦးတို့ရဲ့ နိုင်ငံရေးစကားဝိုင်းက ဘရိတ်အုပ်လိုက်တဲ့ကားလို ဆန့်ငင်ဆန့်ငင် ဖြစ်သွားပါတယ်။

တင့်နိုင်သိန်း ခေါင်းကုတ်စဉ်းစားရင်း. . .

"အင်း. . ကဲ. . ဒါဆို မုန့်လေပွေဟာ"

"ဘာလဲ နင် စားချင်လို့လား"

"ဝေးလိုက်တာ စီစီဝေရာ၊ နင်ပဲ ပေါ့ပေါ့ပါးပါးပြောဆို၊ မုန့်လေပွေလောက် ပေါ့ပါးတာ ဘာရှိသေးလို့တုန်း"

"ကောင်စုတ်"

"တော်ကြစမ်းပါဟယ်၊ အချစ်ရေး အိမ်ထောင်ရေးအကြောင်းပြောမှ အားလုံးဝင်ဆွေးနွေးလို့ ရမှာပေါ့"

"ဩော်. . နင်က ယောကျ်ားယူချင်နေပြီပေါ့၊ ဟုတ်လား. . မေမိုင်"

"ယူချင်နေတာ မဟုတ်ဘူး၊ လူတိုင်း ကြုံရမယ့်ကိစ္စမို့ ဆောင်ရန်ရှောင်ရန်လေးတွေ ကြားဖူးနားဝ ရှိထားချင်တာ"

"ဒါဆို ငါ့မှာ ကြားဖူးနားဝ ဗဟုသုတတွေ အများကြီးပဲ၊ ပွားပေးရမလား"

"ပြောကြည့်လေ တင့်နိုင်သိန်း"

"ငါ့အစ်မ လင်မယား ခဏခဏ ရန်ဖြစ်တယ်ဟ၊ ဒါပေမယ့် ငါ့အစ်မက လွန်တာပါဟာ၊ သူတို့ကြည့်ပြီး အိမ်ထောင်ရေးအသိတွေ အများကြီး ရတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟောကြည့် . . ယောက်ျားတွေများ ယောက်ျားချင်း ဘက်လိုက်ပြီး အစ်မအရင်းရဲ့ အတင်းကို ပြောမယ်ပေါ့. . ဟုတ်လား တင့်နိုင်သိန်း"

"အဲလိုတော့ မဟုတ်ဘူးပေါ့၊ ငါ့ယောက်ဖပြောတာ ရယ်ရလို့ပါဟ မေမိုင်ရ"

"ကဲပါ ဒါဆိုလည်း အမြည်းလေးပေး"

"အဟင်း. . ဒီလိုဟ၊ တစ်နေ့မှာ သူတို့လင်မယား ထုံးစံအတိုင်း ရန်ဖြစ်တယ်၊ ထုံးစံအတိုင်း ငါ့ယောက်ဖပဲ ဖူးယောင်သွားတာ"

"မင်းအစ်မက ရွှေတံဆိပ်ရ မိန်းမရှာစားပဲ ဖြစ်ရမယ်. . . ဟုတ်လား"

"အသာနားထောင်စမ်းပါ အောင်မျိုးဦးရာ"

"အေးလေဟယ် ကြားက ကြားဖြတ်မပြောနဲ့ ဗီးလ်ငုပ်တယ်"

စီစီဝေ ဝင်ဟန့်လိုက်လို့ အောင်မျိုးဦး ပါးစပ်ပိတ်သွားလေရဲ့၊

"ငါ့အစ်မက ယောက်ဖကို အားရအောင် ဗျင်းပြီး သူ မလုပ်သလို အပြင်ထွက်သွားရော၊ ဒီတော့ ငါပဲ ယောက်ဖကို ပြုစုရတာပေါ့"

"သနားပါတယ် ချစ်လို့ယူထားကြတာ မဟုတ်လား"

"အေးလေ အဲဒါကိုပဲ ငါလည်း မေးကြည့်မိတာ သဥ္ဇာရ. . ၊ အစ်ကိုတို့ ချစ်လို့လက်ထပ်ခဲ့ကြတာ မဟုတ်လားပေါ့. . .၊ အဲဒီမှာ ယောက်ဖက ခေါင်းတညိတ်ညိတ်နဲ့ သိပ်ဟုတ်တာပေါ့ကွာ သမီးရည်းစားဘဝတုန်းက မင်းအစ်မကို ဘယ်လောက်ထိ ချစ်ခဲ့သလဲဆိုရင် တစ်ခါတလေမှာ ကိုက်စားချင်စိတ်တောင် ပေါက်မိတယ်လို့ ဖြေတာဟ"

"ဟယ်. . . အံ့ရော တော်တော်ချစ်တာနော်၊ တာနောယက္ခလိုပဲ"





"ဖြတ်မပြောနဲ့လေဟာ"

အဟောက်ခံထားရလို့ အခဲမကျေဖြစ်နေတဲ့ အောင်မျိုးဦးက စီစီဝေကို ပြန်ခွပ်တယ်။

"ငါက ဖြတ်ပြောတာ မဟုတ်ဘူး၊ စကားထောက်ပေးတာ ပြောရတဲ့သူ အားရှိအောင်"

"ကဲ လိုရင်းမရောက်တော့ဘူးဟေ့ ဆက်ပြော တင့်နိုင်သိန်း"

ကြားက သမာသမတ်နဲ့ ဒိုင်ဝင်လုပ်တာ မေမိုင်ပါ၊ ဒီတော့မှ တင့်နိုင်သိန်း ဆက်ပြောခွင့်ရသွားတယ်။

"အဲ့ဒါနဲ့ ငါလည်း အခုကောလို့ ပြန်မေးကြည့်တာပေါ့"

"အင်း. . အဲဒီတော့"

"အဲဒီတော့မှ ယောက်ဖက ဟိုတုန်းက ကိုက်မစားမိလိုက်တာကို အခု အကြီးအကျယ်နောင်တရနေမိတာလို့ ဖြေတာဟေ့"

မေမိုင်တို့တစ်တွေ ရယ်လိုက်ကြတော့ ခွက်ထိုးခွက်လှန်ပဲ. . တော်တော်နဲ့ အရှိန်သတ်လို့ မရဘူး။

"ဒါပဲလား တင့်နိုင်သိန်း၊ လုပ်စမ်းပါဦး ဆက်ရန်လေး ဘာလေး"

"အဟင်း. . ဒါနဲ့ ငါလည်း အစ်မနဲ့ အိမ်ထောင်ကျခဲ့တာ ကျေနပ်ရဲ့လားလို့ ထပ်မေးမိတယ်"

"ဘာပြောလဲဟင် ဘာပြန်ပြောလဲ"

စီစီဝေက သိချင်စိတ်နဲ့ အမောတကော မေးတော့တာ. . .

"ယောက်ဖက သိပ်ကိုကျေနပ်ပါတယ်ကွာ၊ တစ်ခုပဲ ဆုတောင်းချင်တော့တာပါလို့ ပြောပြန်ရောဟေ့"

"ဘာဆုတောင်းချင်တာတဲ့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"နောက်ယူမယ့်မိန်းမ မင်းအစ်မထက် မညံ့ပါစေနဲ့ဆိုတဲ့ ဆုတဲ့"

"ဟား. . ဟား. . ဟား. . ဟား. . မင်းယောက်ဖကတော့ တကယ့်လူပဲဟေ့"

ရယ်ရလွန်းလို့ မျက်ရည်သုတ်နေရတဲ့ မေမိုင်က. . .

"ဒါဆို အခု သူတို့လင်မယား ကွဲသွားကြပြီပေါ့ ဟုတ်လား"

"ကွဲစရာလား၊ ဒုတိယကလေးတောင် ကိုယ်ဝန်ဆောင်နေပြီ ဟေ့"

တင့်နိုင်သိန်းရဲ့ အပြောကြောင့် မိန်းကလေးတွေ မျက်လုံးပြူး သွားကြတယ်။

မေမိုင်က ကျေနပ်သွားတဲ့လေသံနဲ့. . .

"ဒါပဲလေ လင်နဲ့မယား လျှာနဲ့သွားပဲဟာ၊ ပြီးတော့လည်း မိန်းမ ကောင်းပန်းပန် တစ်ပွင့်ပန်တဲ့၊ တည်မိတဲ့ဘုရား လင်းတမဲ့ နားနားပေါ့"

"ကဲ. . တော်ပြီ. . တော်ပြီ၊ လင်းတတွေဘာတွေ နားမနေနဲ့၊ မြန်မာလိုစားပြီးရင် အမေရိကန်လို ရှင်းလိုက်ကြတော့၊ ဈေးဝယ်ဖို့ ထွက်လာတာ ဘာမှမဝယ်ရသေးဘူး"

စီစီဝေ လောလိုက်တော့မှ ကိုယ်စားတာကိုယ်ရှင်းပြီး ဆိုင်ထဲ က ထွက်လာခဲ့ကြတယ်၊ ဘာရယ်မဟုတ်ဘဲ ရွေ့လျားစက်လှေကား တက်စီးကြသေးတယ်၊ အပေါ်ထပ်မှာ ပရိဘောဂပစ္စည်းတွေပဲ ရှိတော့ တာ ဝယ်မှာလည်း မဟုတ်ဘဲနဲ့၊ သူတို့အတွက်မှာ ကပ်လျက် အဆင်း လှေကားက ဆင်းလာတဲ့ နတ်သမီးသုံးယောက်နဲ့ ပက်ပင်းတိုးတာ. . ။

သိတဲ့အတိုင်းပဲ ပုရိသအာဟာရဖြစ်တဲ့ ကြွကြွရွရွ ဣတ္ထိယကို တွေ့တော့ အောင်မျိုးဦးနဲ့ တင့်နိုင်သိန်းရဲ့ မျက်လုံးတွေ အပတ်မလည်





တော့ဘူး။ ပြူးထွက်ပြီး ပြုတ်ကျမတတ်ဘဲ၊ မပြူးပဲ ခံနိုင်ပါ့မလား ဆိုလို့ တိုရောက်ပြီး ကိုရီးယားမလေးတွေ တွေ့လိုက်ရသလိုမျိုး ဖြစ်နေတာ လေ။ ပက်စက်တယ်ဗျာ(အဲ ဟုတ်ပေါင်)ကြည့်လို့ကောင်းလိုက်တာဗျာ။ အပေါ်ပိုင်းက ဟာလာဟင်းလင်း၊ အောက်ပိုင်းက ရှင်းရှင်းလင်းလင်း ဆိုသလိုပါပဲ။

ပိတ်စကို အတတ်နိုင်ဆုံး ချွေတာပြီး တိုနိုင်သမျှ တိုထားတဲ့ ဒီဇိုင်းနဲ့ဆိုတော့ ယောကျ်ားမှန်သမျှ ပြူးထွက်ကုန်တာပေါ့။ တင့်နိုင် သိန်းက အဆိုးဆုံး. . . စပြီး မြင်လိုက်ကတည်းက သူ့မျက်လုံးတွေ ကောင်မလေးသုံးယောက်နဲ့ ပါသွားတာ ဘေးချင်းယှဉ်မိတဲ့အချိန်မှာ သူ့ပါးစပ်ထဲက သွားရည်တစ်စက်နှစ်စက်လောက်တောင် ပေါက်ခနဲ ပြုတ်ကျလာသေးတယ်။

သူတို့လေးတွေက အောက်ဆင်းပြီး ကိုယ်က အပေါ်တက်နေ တာမို့ လားရာဆန့်ကျင်နေတာဆိုတော့ တင့်နိုင်သိန်းက သမင်လည် ပြန်နဲ့တင် အားမရတော့ဘဲ ကောင်မလေးတွေနောက်ကို တစ်ကိုယ်လုံး လှည့်ပြီး ကြည့်တဲ့အထိပဲ။ ဒီတော့ အထက်တက်သွားတဲ့ စက်လှေကား ပေါ်မှာ နောက်ပြန်ကြီးပါလာခဲ့တာ. . . အငမ်းလွန်သွားလို့ လှေကား အဆုံး ရောက်လာတာကို သတိမပြုမိလိုက်ဘူး. . ၊ အဲ့ဒါ သူ့အတွက် ကြိုဟ်ဆိုးဝင်တာ။

ခွေးချေးသိမ်း ဝတ်ထားတဲ့ ပုံဆိုးက စက်လှေကားထဲ ညပ်ပြီး ပါသွားရော၊ သူ့ပုဆိုးကို လှေကားက ဆွဲချွတ်လိုက်သလို ဖြစ်သွားတော့ တင့်နိုင်သိန်း ဗိုင်းခနဲ လဲတော့တာပေါ့၊ လှေကားထဲ တဖြည်းဖြည်းဝင် သွားတဲ့ သူ့ပုဆိုးကို အတင်းပြန်ဆွဲပေမယ့် မရတော့. . . ။


"ဟာ. . ဟ. . လုပ်. . လုပ်ကြပါဦး"



www.burmeseclassic.com

www.burmeseclassic.com





သူ့ အပေါင်းအသင်းတွေလည်း အထိတ်တလန့်နဲ့ ကူညီဖို့ နောက်ပြန်လှည့်ပြီး ဝိုင်းလာကြပါတယ်။ ဒါပေမယ့် မေမိုင်တို့ မိန်းကလေးတစ်သိုက် ချက်ချင်းပြန်လှည့်သွားကြတယ်လေ၊ အာမေဋိတ်သံတွေ တစ်ယောက်တစ်ခွန်း ထွက်လာရင်းနဲ့ပေါ့။

"ဟယ်. . တင့်နိုင်သိန်း. . နင့်. . ပုဆိုး. . ပုဆိုး"

"အမလေး"

"ဟယ်. . တော့်. . ရှက်စရာကြီး"

မိန်းကလေးတွေရဲ့ မှတ်ချက်ကိုကြားမှ သူ့ကိုယ်သူ ငုံ့ကြည့်ပြီး ပုဆိုးပြန်ရဖို့ ကြိုးစားနေတာကို လက်လျှော့လိုက်ပါတယ်။ သူ့မှာ. .





အောက်ခံဘောင်းဘီပါပေမယ့် ရေကူးဘောင်းဘီမျိုးဆိုတော့ ဒုက္ခရောက်ပြီပေါ့၊ အရှက်မကွဲအောင် လက်နှစ်ဖက်နဲ့ကာပြီး ငုတ်တုတ်ထိုင်နေရတာ၊ ပုဆိုးတစ်ထည်လုံး ညပ်သွားတဲ့ စက်လှေကားလည်း အသံစုံအော်ရင်း ရပ်သွားပါပြီ။

"ဟေ့ကောင် အောင်မျိုးဦး လုပ်. . လုပ်ပါဦးကွ၊ ကာစရာ ကွယ်စရာ တစ်ခုခုပေး"

တင့်နိုင်သိန်း အားကိုးတကြီး တောင်းနေပေမယ့် အောင်မျိုးဦးမှာလည်း အဝတ်တစ်ထည် ကိုယ်တစ်ခုရယ်၊ တခြားအပို ဘာမှမပါဘူး၊ ဒီတော့ ကြံရာမရသလို ရှပ်အင်္ကျီအိတ်ကပ်ထဲ လက်နှိုက်လိုက်တော့ တစ်ထောင်တန်ငါးရွက် ထွက်လာတယ်၊ မရှိတာထက်စာရင် ဒါလည်းမဆိုးဘူးလို့ တွေးရင်း ပိုက်ဆံငါးရွက်ကိုစီပြီး ယပ်တောင်လို ဖြန့်လိုက်တယ်။

"ရော့. . လောလောဆယ် ဒါနဲ့ကာထား"

အရှက်ကွဲရလို့ မျက်နှာမည်းနေတဲ့ တင့်နိုင်သိန်းလည်း ဘာမှ စဉ်းစားမနေနိုင်တော့ဘဲ အောင်မျိုးဦး လှမ်းပေးတဲ့ ပိုက်ဆံယပ်တောင်ကို ယူပြီး အရှက်တွေ ဟင်းလင်းပွင့်နေတဲ့နေရာကို ကာထားရင်းနဲ့ ထရပ်လိုက်တယ်၊ အဲဒီမှာ မေမိုင်တို့အုပ်စုနဲ့ ဈေးသွားဈေးလာတွေဆီက အသံမျိုးစုံ ထွက်လာတော့တာ"

"ဟယ်. . . တင့်နိုင်သိန်း"

"ဟင်. . ဒါ ဘယ်လိုဖြစ်တာလဲ"

"အမလေး ပလုတ်တုတ်ကြီး. . အဲ. . ဟုတ်ပေါင်"

"ဟာ. . ကိုဘော်ဒါ ဘယ်လိုဖြစ်တာလည်း လေလတ်တင်တာလား"



www.burmeseclassic.com

www.burmeseclassic.com



အသံမျိုးစုံကြားမှ သူ့အဖြစ်သူ သတိရသွားတဲ့ တင့်နိုင်သိန်း ပြန်ထိုင်လိုက်တယ်၊ အဲဒီနောက် ထိုင်ရက်နဲ့ပဲ အနီးဆုံး တိုင်တစ်တိုင်ဆီ ဖားခုန်ခုန်လို့ အရောက်သွားရတော့တယ်လေ၊ ပြီးတော့. . တိုင်ကို ဖက်ထားလိုက်တယ်၊ နည်းနည်းတော့ မျက်နှာပူ သက်သာသွားတာပေါ့၊ မျောက်ပွဲနဲ့ ခွေးချင်းကိုက်တာကိုတောင် တကူးတက အချိန်ပေးကြည့်တတ်တဲ့ ဗမာလူမျိုးတွေဆိုတော့ တင့်နိုင်သိန်းကို လူတွေဝိုင်းနေရော၊ ဟိုကောင် တုတ်တုတ်တောင် မလှုပ်ရဲဘူး။

ဒီလိုနေရာမှာ ယောက်ျားထက် မိန်းမတွေက ဖြတ်ထိုးဉာဏ် ပိုကောင်းတယ်ဆိုတာ လက်တွေ့ကျကျ သိလိုက်ရတာ၊ သဥ္ဇာဝင့်က သူ့ရဲ့ထီးကိုဖွင့်ပြီး ကာထားပေးလိုက်တယ်၊ မေမိုင်ကလည်း အားကျမခံ ထီးတစ်ချောင်းထပ်ဖွင့်ပြီး ချထားလိုက်တော့ ဟိုကောင်လုံခြုံသွားရော၊ အဲဒီတော့မှ စီစီဝေက. . .

"ဟဲ့. . . အောင်မျိုးဦး ဘာလုပ်နေတာလဲ၊ အောက်ထပ်မှာ ပုဆိုးတစ်ထည် သွားဝယ်လိုက်"

"ဩော်. . အေး. . အေး"

အောင်မျိုးဦးလည်း အဲဒီတော့မှ သတိကော အသိပါ ပြန်ဝင်လာပြီး ပုဆိုးဝယ်ဖို့ မပျက်သေးတဲ့ အဆင်းစက်လှေကားနဲ့ အောက်ထပ်ကို ဆင်းခဲ့တယ်၊ လမ်းတစ်ဝက်ရောက်မှ သူ့ပိုက်ဆံတွေ ယပ်တောင်ဘဝနဲ့ တင့်နိုင်သိန်းဆီ ကျန်ခဲ့တာကို သတိရတာ၊ ဒါနဲ့ အောက်ဆင်းနေတဲ့ စက်လှေကားအတိုင်း အပေါ်ကိုပြန်တက်တယ်၊ လှေကားရဲ့ ဆင်းနှုန်းနဲ့ သူ့ရဲ့တက်နှုန်းက လယ်ဗယ်လိုဖြစ်နေတော့ လှုပ်ရှားနေပေမယ့် ဆိုရာမရောက်ဘဲ အပြေးကျင့်စက်ပေါ် လမ်းလျှောက်နေတဲ့လူလို ဖြစ်နေတာပေါ့။





ဒါနဲ့ စိတ်လောနေတာကို ထိန်းပြီး အောက်ထပ်အထိ လိုက်သွားတယ်၊ ပြီးမှ ရပ်နေတဲ့ လှေကားအတိုင်း ပြန်တက်ခဲ့ရတယ်လေ၊ အပေါ်မှာ မျောက်ပွဲက အရှိန်ကောင်းနေဆဲပဲ၊ သူ့ကို မြင်တာနဲ့ မေမိုင်တို့ ဝိုင်းမေးကြရော. . .

"ဟဲ့. . . ပုဆိုးကော"

"အဟီး ငါ့မှာ ပိုက်ဆံမှ ပါမသွားတာ"

"နင်ကလည်းဟယ် လယ်ထွန်သွား နွားမေ့ တကတဲ"

အောင်မျိုးဦးက တင့်နိုင်သိန်းဆီက ပုဆိုးဖိုးနဲ့ သူ့ပိုက်ဆံ ငါးထောင်ပါ ပြန်တောင်းတယ်၊ တင့်နိုင်သိန်းက မျက်နှာငယ်လေးနဲ့. . .

"ဟေ့ကောင် ငါးထောင်ထက် မများစေနဲ့၊ သိပ်အကောင်းကြီး မလိုဘူး အရှက်လုံရင်တော်ပြီ၊ မြန်မြန်လုပ်ကွာ"

"အေးပါဟ"

ဒီတစ်ကြိမ်မှာတော့ အောင်မျိုးဦး အမှားအယွင်းမရှိဘဲ ဦးဂျမ်းကို ဆွဲခေါ်ပြီး စုစုပေါင်းဆယ့်ငါးမိနစ်လောက်နဲ့ အပေါ်ထပ် ပြန်ရောက်လာခဲ့တယ်၊ ခုခေတ်ပုဆိုးအားလုံး ချုပ်ပြီးသားမို့ တော်ပါသေးရဲ့၊ ပုဆိုးဝါလာတာမြင်တော့ တင့်နိုင်သိန်း အားရဝမ်းသာ ထရပ်ပါတယ်၊ ထီးနှစ်ချောင်းကြားမှာ ရှင်းရှင်းကြီး စီစီဝေက သူ့မျက်နှာကို ခပ်ကျဲကျဲချဲ့ထားတဲ့ လက်ဝါးနဲ့အုပ်ရင်း. . .

"ဟဲ့. . အကောင် အရှက်မရှိဟယ်၊ ပြန်ထိုင်လိုက်စမ်း"

"ဟေ. . . အဲ"

ဒီတော့မှ တင့်နိုင်သိန်း သူ့ဟာသူ ငုံ့ကြည့်ရင်း ကမန်းကတန်း ထိုင်အချမှာ ထီးကိုင်းတစ်ချောင်းက သူ့ဖွားဖက်တော်ကို ကျီးယယ်လိုက်သေးတယ်၊ ခြစ်မိလိုက်တာများ ဖျစ်ခနဲပဲ၊ တင့်နိုင်သိန်း မအော်ရဲဘူး



www.burmeseclassic.com

www.burmeseclassic.com



တကျွတ်ကျွတ်နဲ့ စုတ်သပ်လို့ အောင်မျိုးဦးက ပလတ်စတစ်အိတ်ထဲက ပုဆိုးကို ဆွဲထုတ်ပြီး ဦးဂျမ်းတံဆိပ်တွေကို ခွာလိုက်တယ်၊ တင့်နိုင်သိန်းကို လှမ်းပေးရင်း. . .

"မြန်မြန်ဝတ် တင့်နိုင်သိန်းရေ၊ မင်းကို မျက်လှည့်ပြတဲ့သူလား၊ ထီးကြော်ငြာမယ့်ကောင်လား ထင်ပြီး ဝိုင်းရှုံ့နေကြတာ"

"ဟုတ်ပဟယ် နင့်အဖြစ်ကတော့ စံပဲ၊ တော်ရုံတန်ရုံ ဘူးတာ မဟုတ်ဘူး၊ ခုတော့ မြင်မကောင်းရှုမကောင်း"

"အဟင်း ကင်မရာပါမလာတာ ကံကောင်းတယ်မှတ်၊ ဓာတ်ပုံဆောင်းပါးရေးထည့်လိုက်ရင် ကမ္ဘာကျော်သွားမယ်"

"တော်စမ်းပါဟယ်၊ အဲလို အညီအဟောက်သတင်းတွေ တို့ဂျာနယ်မှာ ထည့်စရာလား၊ ပုဆိုး စက်လှေကားညပ်တာ သတင်းမဟုတ်ဘူး၊ နောက်ပိုင်းမှာ. . ခွေးတွေဝိုင်းဆွဲမှ သတင်းဟဲ့"

ဝိုင်းပြီး နှိပ်ကွပ်နေတဲ့စကားလုံးတွေကို တင့်နိုင်သိန်း အရေးမစိုက်အားဘူး၊ ဦးဂျမ်းကို ခေါင်းကစွပ်ပြီး ခပ်မြန်မြန်ဝတ်တယ်၊ သိတဲ့အတိုင်းပဲ ပုဆိုးအသစ်ဆိုတာ ကော်တွေနဲ့တောင့်နေတော့ ထိုးထိုးထောင်ထောင်နဲ့ပေါ့၊ ထောင့်မကျိုးတဲ့ ပုဆိုးသစ်နဲ့သွားတဲ့ တင့်နိုင်သိန်းတာ. . .

"အဟဲ. . နင်တို့ထီးတွေ ပြန်သိမ်းလို့ရပြီ ကျေးဇူးပဲ၊ ငါ့ကို ဝိုင်းပြီး ခစားမနေနဲ့ သက်သာသလိုနေကြတော့"

"အောင်မာ နှာဘူး ကောင်စုတ်၊ စောစောက အခွက်နဲ့များ တခြားစီ၊ ဒီလိုမှန်းသိရင် ထီးနဲ့ကာမပေးဘူး. . . ဟွန်း"

"အေးလေ မျက်နှာကိုက ကျောက်ကျောဂျယ်လီကို ပေါ်လစ်ရှ်တင်ထားသလိုပဲ၊ မျက်နှာပြောင်ရတဲ့ကြားထဲ နှာခေါင်းကလည်း ရဲလို့"





"ငါ ဘူးကျတာမဟုတ်ဘူး၊ သနားလို့ အားပေးတာ"

"ဘာကို သနားတာလဲ"

"ဟ. . . ရှိစုမဲ့စု အလှလေးတွေကို လူကြည့်စေချင်လို့ အခုလို ဖော်ပြရှာကြတာကို အားမပေးရင် သူတို့လေးတွေ စိတ်မကောင်း ဖြစ်သွားမှာပေါ့၊ ဒါကြောင့် အားရပါးရ ရှုံးလိုက်တာ"

"အေး. . အရှုံးကောင်းတော့ ပုဆိုးကျောင်းသွားရော မဟုတ်လား"

အောင်မျိုးဦးရဲ့ အပိတ်စကားကြောင့် မိန်းကလေးများ ပါးစပ်မစေ့အောင် ရယ်ကြတယ်။ တင့်နိုင်သိန်း အဖြစ်ကတော့ ပြောစမှတ်တွင်ခဲ့ပြီ။

"မနက်ဖြန် ရုံးရောက်ရင် ဒီကိစ္စကို အင်တာနက် တင်လိုက်မယ်"

"ကြိုက်သလိုသာလုပ်၊ ရှက်စရာ အကန့်မရှိဘူး၊ ယောကျ်ားပီသတဲ့လူတိုင်း မိန်းကလေးတွေရဲ့ အလှအပကို မြတ်နိုးကြတယ်၊ ဒါ သဘာဝပဲ"

တင့်နိုင်သိန်းက မထူးလျှော့နဲ့ ဘာမှမမှုသလို လေသံပစ်လိုက်လို့ စီစီဝေတို့အုပ်စု တင်းသွားကြတယ်။

"တကယ်နော်၊ အေး စိတ်သာချ. . မနက်ဖြန်မနက် ဆယ်နာရီ မထိုးခင်. . နင့်ကိစ္စ တစ်ရုံးလုံး သိသွားစေရမယ်လို့ ငါ ကတိပေးတယ်ဟာ"

အဲဒီနေ့က သဉ္ဇာဝင့်ရဲ့ ခြိမ်းခြောက်စကားနဲ့ သူတို့အုပ်စုရဲ့ ရှော့ပင်ခရီးစဉ်ကို အဆုံးသတ်လိုက်ကြတယ်။ တကယ်ဝယ်ဖြစ်ခဲ့တာ တင့်နိုင်သိန်းအတွက် ဦးဂျမ်းပုဆိုးတစ်ထည်ပါ။



www.burmeseclassic.com

www.burmeseclassic.com



သူတို့အုပ်စုက နာမည်ကြီးဂျာနယ်တိုက်က သတင်းထောက်တွေနဲ့ စာရေးတွေလေ၊ လခထုတ်ရက်နဲ့ အနီးဆုံး တနင်္ဂနွေမှာ ဂျူတီအောဖ်ရလို့ အုပ်စုလိုက် ဈေးဝယ်ထွက်ခဲ့ကြတာ၊ ခုချိန်မှာ ခင်မင်မှု ရောင်စဉ် မပြောင်းလဲသေးတဲ့ သူငယ်ချင်းတစ်စုပဲ ဆိုပါတော့၊ ပါလာသမျှ အိတ်ထဲက ပိုက်ဆံကို လေတိုးရင်တောင် လျော့သွားမှာ စိုးသလို အရိပ်တကြည့်ကြည့် လုပ်နေရတော့ သူတို့ ဘာမှမဝယ်ဖြစ်ကြတော့ဘူး။

အင်း. . ဖဆပလခေတ်က ဝန်ကြီးချုပ်ဦးနု ပြောခဲ့သလို ခုချိန်မှာလည်း လူတစ်ကိုယ်၊ တိုက်တစ်ခန်း၊ ကားတစ်စီး၊ ဖုန်းတစ်လုံး၊ တစ်လဝင်ငွေ ဆယ်သိန်းလို့ အသံတွေထွက်လာရင် သိပ်ကောင်းမှာပဲနော်။









# အခန်း(၂)

ဒီလမှာတော့ လဆန်းပိုင်းကစပြီး သူတို့အဖွဲ့တွေ တအားအလုပ်များခဲ့ကြတယ်။ အကုန်လုံး ပြေးလွှားပြီး သတင်းယူနေကြရတယ်။ နေပြည်တော်ကိုလည်း အိမ်ဦးကြမ်းပြင်လို အရောက်အပေါက်များသလား မမေးနဲ့။

တစ်လလုံး အလုပ်တွေများပြီး လူတွေလည်း မနားကြရလို့ ညည်းညူစ ပြုလာကြပြီ။ ဒီလိုနဲ့ တစ်လကုန်လို့ လခထုတ်ရက်တို ရောက်လာပြန်ရော၊ လခထုတ်ရက်ဆိုတော့ ဝန်ထမ်းတွေအားလုံး



www.burmeseclassic.com

လတ်လတ်ဆတ်ဆတ် သွေးစုပ်ခွင့်ရတဲ့ ဇန်ပိုင်းယားတွေလို လန်းလန်းဆန်းဆန်း ဖြစ်နေကြတယ်။

တင့်နိုင်သိန်းနဲ့ အောင်မျိုးဦး ရုံးခန်းထဲဝင်လာတာနဲ့ ရောက်နှင့်နေတဲ့ မေမိုင်တို့ဆီက ဆီးကြိုနှုတ်ဆက်သံ ထွက်လာတော့တာ. . .

"ဟော. . နွားဘူးနဲ့အာလူး ရောက်လာကြပြီလား"

ပလာဇာမှာ အငမ်းလွန်ပြီး ပုဆိုးကျွတ်ကျတဲ့ဖြစ်ရပ် ဖြစ်ပြီးကတည်းက တင့်နိုင်သိန်းဟာ နွားဘူးဆိုတဲ့ ဘွဲ့ထူးကို အပိုင်ရခဲ့တယ်။ နိုင်ငံရေးအကြောင်း စကားဖောင်လွန်းတဲ့ အောင်မျိုးဦးကို အာလူးတဲ့၊ တစ်ခေတ်တစ်ခါက နိုင်ငံပိုင်သတင်းစာတွေထဲမှာ အတွဲညီခဲ့တဲ့ သာမုနဲ့အာယုလို နွားဘူးနဲ့အာလူးဆိုပြီး နာမည်ရခဲ့တာ။

"ဘာလဲ မေမိုင်. . သိပ်ဟောင်ဖွာဟောင်ဖွာ လုပ်မနေနဲ့၊ အယ်ဒီတာချုပ်က (UMFCCI)ကို ချက်ချင်းသွားဖို့ တာဝန်ပေးထားတယ်၊ နင်. . လိုက်ခဲ့ရမှာ"

"အန်တီစုနဲ့ ပြည်ထောင်စုဝန်ကြီး တွေ့ဆုံပွဲမဟုတ်လား၊ ငါသိပါတယ်"

"သိရင် အသင့်ပြင်လေ၊ ပို့ပေးမယ့်ကားက ရယ်ဒီပဲတဲ့ မြန်မြန်လုပ်"

သူတို့အဖွဲ့ဝင်(၅)ယောက် အသံဖမ်းစက်တွေ ကင်မရာတွေ ဖုန်းတွေနဲ့ မှတ်စုစာအုပ်တွေ ပြင်ဆင်ပြီး ထွက်ခဲ့ကြတယ်၊ ကားပေါ်ရောက်မှ. . .

"ငါ ဘာမှ မစားခဲ့ရသေးဘူး"

"အစောကြီး ရောက်နေတာပဲ မေမိုင်ရယ်၊ တစ်ခုခုထွက်စားထားရောပေါ့"






"သဥ္စာတို့နဲ့ စကားကောင်းနေလို့ မေ့သွားတာ"

"အဲဒါပဲ မိန်းမတွေများ စကားမပြောဘဲနေရင် တစ်သိန်းပေးမယ်ပြောကြည့် ငွေတစ်သိန်း အဆုံးခံမယ့်အစားမျိုး"

"အမလေး နင်ကပဲ ပြောရတယ်ရှိသေး၊ နင့်နာမည် အာလူးလေ"

"ဟဲ. . ဟဲ. . ငါက အသက်ကြီးလာရင် ငါ့အဖေလို နိုင်ငံရေးသမားပဲလုပ်မှာ နိုင်ငံရေးသမားဆိုတာ အနည်းဆုံး အဲရည်အချင်းအဖြစ် စကားပြောကောင်းဖို့လိုတယ်၊ ဒါကြောင့် လေ့ကျင့်နေတာ"



"ဟင်း. . ဟင်း. . ဖြစ်ပါလိမ့်မယ် လွှတ်တော်အမတ် ဒီရှုပ်နဲ့"

"အေး. . ပြောထားဦးပေါ့၊ တကယ် လွှတ်တော်ထဲဝင်ခွင့်ရမှ …မောနဲ့"

"စိတ်ချ. . ပရောဂျက်တစ်ခု ချပေးမယ်ဆိုရင်တောင် နင့်လို …အောက်မကျို့ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဟား. . ဟား. ဟား. . မှတ်ထားနော် မှတ်ထားမေမိုင်၊ ဟား . . ဟား. . "

"ဒါနဲ့ နင့်အဖေ လွတ်လာတာတောင် ကြာပြီနော်"

စီစီဝေက မဆီမဆိုင် စကားလမ်းလွှဲတယ်။

"အေးနော်. . အဲ့ဒီတုန်းက နင်တို့(၂)ယောက် မပါဘူး"

"(၅)ညနဲ့ဆိုတာတော့သိတယ်. . . ဘာတွေလုပ်ခဲ့လို့လဲ"

"အစုံပဲ"

"အဖေက ထောင်ကို သူ့အမျိုးအိမ်လို သဘောထားပြီး ဝင်လိုက်ထွက်လိုက် လုပ်နေတာ၊ (၈၈)မှာ တောခိုတယ်၊ အလင်းဝင်လာတော့လည်း ဆန္ဒပြတာက ခဏခဏပဲ နောက်ဆုံးအဖမ်းခံရတာက ကုန်ဈေးနှုန်းကျဆင်းရေး တစ်ကိုယ်တော် ဆန္ဒပြမှုနဲ့ သံယာ့အရေးအခင်း"

"ဘယ်ပါတီကလဲ"

"အဖေက ဘယ်ပါတီမှ မဝင်ဘူး၊ တစ်ယောက်တည်း တစ်ကိုယ်တော် ကျဲတာဟ သဥ္စာရဲ့"

"ဪ. . . အခုလွတ်လာတော့ ဘာတွေလုပ်နေလဲ"

"အိမ်မှာ. . ထောင်အတွေ့အကြုံစာအုပ်ပဲ ရေးနေတယ်လေ၊ အဖေ့ ကျန်းမာရေး သိပ်မကောင်းဘူးကွ"

ဒီမိုကရေစီနိုင်ငံသစ်က သဘောထားကွဲလွဲမှုတွေကို ကိုယ်စီတွေးရင်း ကားပေါ်မှာ အသံတိတ်သွားတယ်၊ (UMFCCI) ရှေ့မှာ သူတို့ကို ချပေးပြီး ဂျာနယ်တိုက်ကကား ပြန်သွားပြီ။ အဲ့ဒီဧည့်ဂေဟာအဝင်ဝမှာ သူတို့လို ဂျာနယ်လောကသားတွေ တစ်ပုံကြီးပဲ၊ တွေ့ဆုံကြမယ့် သူတွေက လုံးဝရောက်မလာသေးဘူး။





သူတို့အလုပ်က ဒီလိုပဲ စိတ်ရှည်ရှည်စောင့်ရတာကိုက အရည်အချင်းကောင်းတစ်ရပ် ဖြစ်နေပြီ။ အဝင်မှာ နည်းနည်း မေးလို့ရမယ်၊ ဆွေးနွေးပြီး ပြန်အထွက်မှာ မီဒီယာကို ရှင်းလင်းပြောကြားကြမယ်၊ အဲဒီအချိန်အထိ စောင့်ပြီး သတင်းယူရမှာ. . .

"ကဲ. . မေမိုင် ကြာဦးမှာနော်၊ ဟိုးလမ်းထိပ်နားမှာ လမ်းဘေးဆိုင်တစ်ဆိုင် တွေ့ခဲ့တယ်၊ အဆာပြေ တစ်ခုခုသွားစားမလား"

"အေးဟယ် သွားရအောင်"

အဆာပြေ တစ်ခုခု ဗိုက်ထဲထည့်ထားဖို့ မေမိုင်တို့ငါးယောက် လမ်းထိပ်ဘက် ပြန်ထွက်လာခဲ့ကြတယ်။

"တို့နိုင်ငံရဲ့ နိုင်ငံရေးမိုးလေဝသက သာယာစပြုနေပြီနော်"

"အင်း မိုးတိမ်တောင်နဲ့ စိုက်ဆင်းလေပြည်တွေ ငြိမ်သွားတော့လည်း ပြာလဲ့လဲ့ကောင်းကင်ကို ပြန်မြင်ခွင့်ရတာပေါ့ကွာ"

"အမလေးဟဲ့ နူရွှနေလိုက်တာ၊ ဂျာနယ်လစ်ကနေ စာရေးဆရာ ဖြစ်သွားပြီလား"

"အဲဒါ ငါ့ရည်မှန်းချက်ပဲ မေမိုင်၊ ငါက ဆရာလူထုဦးစိန်ဝင်းတို့ ဆရာမောင်ဝံသတို့ကို သိပ်အားကျတာ"

"အားကျရင် နိုင်ငံရေးကို နားလည်အောင် ကြိုးစားပေါ့"

"နိုင်ငံရေးကို မစားကောင်းတဲ့အသီးလို့ လူတွေထင်နေတာကို ပြောင်းပစ်ရမှာ"

"ဟုတ်တယ် အောင်မျိုးဦး ဒီမှာသာ တစ်မျိုးကြီး ဖြစ်နေတာ နိုင်ငံတကာမှာ အသားကျနေပြီး တက်တက်ကြွကြွ စိတ်ဝင်စားသူ့သူသီ ပေါ့ပေါ့ပါးပါးနဲ့ ဟာသလုပ်နေတဲ့သူတွေလည်း ရှိတယ်"

"လုပ်စမ်းပါဦး ကြားဖူးနားဝလေးတွေ"



www.burmeseclassic.com

www.burmeseclassic.com



အောင်မျိုးဦး စကားထောက်ပေးလိုက်တော့ တင့်နိုင်သိန်း ပြောအားရှိသွားတယ်။

"ဒီလိုကွာ. . . တစ်ခါက ဂျော့ဘုရှ်၊ ဟီလာရီကလင်တန်၊ ခရစ်ယာန်ဘုန်းတော်ကြီးတစ်ပါးနဲ့ (၅)နှစ်သားကလေးတစ်ယောက် လေယာဉ်အတူ စီးလာကြသတဲ့၊ ကံဆိုးချင်တော့ လေယာဉ်စက်ချို့ယွင်းပြီး ပျက်ကျမလို ဖြစ်လာတယ်၊ လေထီးကလည်း သုံးခုပဲ ပါလာသတဲ့"

"အင်း. . ."

"အဲဒီမှာ ဟီလာရီကလင်တန်က ကျွန်မက မိန်းမသားတစ်ယောက် လေဒီဖတ်စ်ဆိုတဲ့ အခွင့်အရေးအရ ကျွန်မအရင်ဆင်းမယ်ဆိုပြီး လေထီးတစ်ခုဝတ်ပြီး ခုန်ဆင်းသွားတယ်"

"ဒါ ဖြစ်သင့်တယ်"

မစ္စစ်ကလင်တန် အရင်ခုန်ဆင်းသွားတာကို မေမိုင်က ထောက်ခံတယ်။

"အဲ. . နောက်[illegible]ဂျော့ဘုရှ်က ဘုန်းကြီးနဲ့ ကလေးကို အားနာသလိုကြည့်ရင်း ကျုပ်က လူသန်းပေါင်းများစွာကို ဦးဆောင်နေရတာ၊ ကျုပ်မရှိရင် အမေရိကန်နိုင်ငံကြီး ဒုက္ခရောက်သွားလိမ့်မယ်လို့ ပြောပြီး လေထီးတစ်ခုယူလို့ ခုန်ဆင်းသွားပြန်ရောတဲ့"

"အင်း. . . တမ်ပိုတက်လာပြီ"

"လေယာဉ်ပေါ်မှာ ဘုန်းကြီးနဲ့ ကလေးပဲ ကျန်တော့တာ၊ အဲဒီမှာ ဘုန်းကြီးက ကလေးကို လေထီးဝတ်ပြီး ဆင်းတော့လို့ပြောသတဲ့"

"မှန်တယ်၊ လူတွေကို ကယ်တင်ရမှာ သူတို့လို ဖာသာတွေရဲ့ အလုပ်ပဲ"

"ဟင်း. . ဟင်း မလောပါနဲ့ မေမိုင်ရယ်၊ ငါးနှစ်သားလေး ပြန်





ပြောတာ နားထောင်ပါဦး"

"အေး. . ပြော. . ပြော"

"ငါးနှစ်သားလေးက ရပါတယ် ဖာသာ၊ ကျွန်တော်တို့နှစ်ယောက် လေထီးတစ်ယောက်တစ်ခုနဲ့ အတူတူခုန်ချကြတာပေါ့လို့ ပြောသတဲ့"

"အင်း. . ."

"ဒီတော့ ဖာသာက လေထီးတစ်ခုပဲ ရှိတော့တာလေလို့ ပြန်ပြောသတဲ့၊ အဲဒီမှာ ငါးနှစ်သားက ရယ်ရယ်မောမောနဲ့ လူသန်းပေါင်းများစွာကို ဦးဆောင်နေရတဲ့ လူကြီးက သားရဲ့ ကျောပိုးအိတ်ကို လေထီးမှတ်ပြီး ယူသွားတာပါလို့ ပြောတာတဲ့ဟေ့"

"ဟား. . ဟား. . ဟား. . အဲဒါတော့ ထိတယ်ကွာ၊ တကယ်ရယ်ရတယ်"

ပြောကြဆိုကြ ရယ်မောကြရင်း. . လမ်းဘေးဆိုင်လေးဆီရောက်လာလို့ အညောင်းပြေထိုင်ပြီး ကော်ဖီမစ်နဲ့ အဆာပြေမုန့်လေးတွေ စားကြတယ်။ အောင်မျိုးဦးက. . .

"အင်း. . . နိုင်ငံရေးဆိုတာ တစ်ခါတစ်ခါမှာ အမြီးအမောက်မတည့်တာတွေလည်း အများကြီးကွ၊ တခြားမကြည့်နဲ့. . အိုဘားမား သမ္မတဖြစ်ခါစမှာ (၂၀၁၀)အတွက် ငြိမ်းချမ်းရေး နိုဘယ်လ်ဆုကြီး ရခဲ့တယ်လေ၊ အဲဒီဆုယူတဲ့ပွဲမှာပြောခဲ့တဲ့ အိုဘားမားရဲ့ စကားက တကယ်ရယ်စရာကောင်းတယ်"

"ဘာပြောသွားလို့လဲ အောင်မျိုးဦး"

"အဟင်း. . ငြိမ်းချမ်းရေးအတွက် စစ်ကတော့ တိုက်နေရဦးမှာပဲတဲ့ မေမိုင်ရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်. . အဲလိုကြီးလား တလွဲစီနော်"

"အဲဒါကြောင့် ပြောတာပေါ့၊ ကမောက်ကမတွေပါဆို"

နိုင်ငံရေးအခင်းအကျင်းတွေ ပန်းနုရောင်သမ်းပြီး ခတ်ကွင်းပြင်နေခိုက်မှာ မှားတာရှိရင် တောင်းပန်ပါတယ်ဆိုတဲ့ အောင်လအသံက သူ့ခါးကြားထဲက ထိုးထွက်လာပါတယ်။

အောင်မျိုးဦး ဖုန်းထုတ်ပြီး စကားပြောလိုက်တယ်။

"ဟဲလို နဂါးငွေ့တန်းဂျာနယ်က သတင်းထောက် အောင်မျိုးဦးပါ"

"ကျွန်တော် မုံရွာက တင်ဝင်းပါ. . . သတင်းပေးနေကျဒေသခံလေ. . ."

"ဟုတ်ကဲ့ ကိုတင်ဝင်း. . . ကျွန်တော်မှတ်မိပါတယ်"

"လက်ပံတောင်းက သပိတ်စခန်းကို ဒီနေ့မနက်(၃)နာရီလောက်မှာ ရဲတပ်ဖွဲ့က ဖြိုခွဲလိုက်ပါပြီ. . ."

"ဗျာ"

"အင်တာနက်ဖွင့်ကြည့်လိုက်ပါ၊ ဒီမှာရှိတဲ့ သတင်းထောက်တွေ ရသလောက် သတင်းတွေနဲ့ပုံတွေ တင်ထားတယ်"

"ဟုတ်လား. . ဒီမှာလည်း သတင်းလိုက်နေရလို့ မကြည့်မိဘူး"

"ဆိုးတယ်ဗျာ. . သံဃာတွေအများကြီး မီးလောင်ဒဏ်ရာ ရကုန်တာ"

"ဟုတ်ကဲ့ အခုလိုသတင်းပေးတာ ကျေးဇူးတင်ပါတယ်၊ ကျွန်တော် အင်တာနက်ကြည့်လိုက်ဦးမယ်. . နောက်မှပြန်ဆက်မယ်နော်"

အောင်မျိုးဦးကို အားလုံးက စိုးရိမ်တကြီး ကြည့်နေကြရဲ့. . .





"ဘာဖြစ်လို့လဲ အောင်မျိုးလဲ"

"လက်ပံတောင်းတောင်ကို ဖြင်းလိုက်ပြီတဲ့"

"ဟင်" "ဘာ"

အားလုံးဖုန်းတွေထုတ်ပြီး အင်တာနက်ဖွင့်လိုက်ကြတယ်၊ ထုံးစံအတိုင်းပဲ ကွန်နက်ရှင်က ဖိုးရွှေလိပ်ဖြစ်နေပြန်ပြီ၊ မနည်းသည်းခံစောင့်ဆိုင်းပြီးမှ သိချင်တာတွေကို သိမြင်ခွင့်ရကြတယ်။

ဟုတ်တယ် မုံရွာက ကိုတင်ဝင်းပြောတာမမှားဘူး၊ မြင်ကွင်းတွေက ပိုးစိုးပက်စက်ပဲ ရသလောက်သတင်းအချက်အလက်တွေနဲ့ ဓာတ်ပုံတွေကြည့်ပြီး အားလုံးငိုင်သွားကြတယ်။

"တို့တွေဘာလုပ်ကြမလဲ"

"ဘာလုပ်လို့ရမှာလဲကွာ. . . အခြေအနေကိုစောင့်ကြည့်ပြီး စတုတ္ထမဏ္ဍိုင်ပီပီ မှန်တဲ့ဘက်က ရပ်တည်ရမှာပေါ့"

"အဲဒါအသာထား လောလောဆယ် ဂျပန်တွေနဲ့ကိစ္စ သတင်းယူရဦးမှာ သွားကြစို့"

လက်တလောကိစ္စကလည်း ရှောင်လွှဲလို့မရတော့ (UMFCCI) ကို ပြန်လာပြီး သတင်းယူကြရတော့တယ်. . သတင်းယူနေရပေမဲ့ စိတ်ဝင်စားလို့မရတော့ဘူး မျက်စိထဲမှာ ဒဏ်ရာတွေနဲ့ သံဃာတော်တွေကိုပဲ မြင်ယောင်နေမိတော့တာလေ. . .

လောလောဆယ်တော့ လူစုစု,စုစု ဖြစ်တာနဲ့ အားလုံးပြောမိကြတာက လက်ပံတောင်းတောင်အရေးပဲ။ လက်ဖက်ရည်ဆိုင်မှာဆို ပိုဆိုးတာပေါ့ အာလူးရော. . နှာဘူးရော. . အားလုံးလူစုံတက်စုံနဲ့ ဝေလပေါင်းတက်နေတော့တာ။

"ဟုတ်တယ် ဒါတော်တော်ဆိုးတာ"



www.burmeseclassic.com

www.burmeseclassic.com



"သီတဂူဆရာတော် မိန့်သွားတာမှတ်သားစရာပဲ ကိုယ်တော်တို့ ဒီမီးလောင်သက်နိုး သေချာသိမ်းထား၊ တကယ့်ရှားပါးပစ္စည်းတဲ့လေ. . ."

"ဒါတင်ကမလား ကိုယ်တော်တို့ ရေနဲ့ပက်ခံရတာပါ. . ဒါပေမယ့် ဧရဲပြည်က ရေဆိုတာလေ"

အားလုံးရင်နာနာနဲ့ ရယ်မိကြတယ်၊ တကယ်လည်း နားမလည်နိုင်ကြပါဘူး၊ ပွင့်လင်းလူဘောင်နဲ့ ဒီမိုကရေစီအမည်ခံပြီးမှ ဒီလိုဖြစ်ရတာ ဘာကြောင့်လဲ. . .

"မီးလောင်ဗုံးလား မီးခိုးဗုံးလားဆိုတာတောင် ငြင်းကြတုန်း"

"ကာတွန်း အော်ပီကျယ်ပြောတော့ မျက်ရည်ယိုဗုံးတဲ့ကွ. . ."

"အာလူးရာ ကြည့်လည်းပြောပါဦး နှစ်မျိုးထဲနဲ့တောင် အပတ်မလည်ရတဲ့ထဲ"

"ဒီမယ်နှာဘူး. . သူပြောတာအဓိပ္ပါယ်ရှိတယ်၊ အဲ့ဒီ အရေးအခင်း ဓာတ်ပုံတွေတွေ့ရတဲ့ ပြည်သူတွေအားလုံး မျက်ရည်ဖြိုင်ဖြိုင်ကျရလို့ မျက်ရည်ယိုဗုံးလို့ပြောတာကွ. . ."

အာလူးရှင်းပြတော့ လက်ဖက်ရည်ဝိုင်းကလူတွေအားလုံး ဟက်ထိသွားရော၊ ဟုတ်တယ်ဗျာ ဒါဟာ တကယ့်မျက်ရည်ယိုဗုံးပဲ. .

အဲ့ဒီအချိန်မှာ ဆိုင်ထဲမေမိုင်ဝင်လာလေရဲ့၊ မျက်ရည်ယိုဗုံးထိနေတဲ့ အောင်မျိုးဦး အချစ်ယိုဗုံးပါထပ်မှန်သွားရော. . ဒေါ်စုခေါင်းဆောင်တဲ့ လက်ပံတောင်းတောင်ကိစ္စစုံစမ်းရေးကော်မရှင်ဟာ အောင်မျိုးဦး အချစ်ယိုဗုံးမှန်တဲ့ကိစ္စကိုတော့ ဖြေရှင်းပေးနိုင်မှာ မဟုတ်ဘူး။

"အောင်မျိုးဦး ဆရာက တို့နှစ်ယောက် ကန်တော်ကြီးပဲလေ့(စ်)ဟိုတယ်ကို သွားရမယ်တဲ့. . ."





"ဘာကိစ္စလဲ ဘူဖေးပါတီရှိလို့လား. . ."

"ဟုတ်မယ် အားကြီးကြီး. . Air Bagan ပျက်ကျတဲ့ကိစ္စ သတင်းစာရှင်းလင်းပွဲတဲ့"

"အဲ. . ဟုတ်သား. . .'

မြန်မာပြည်မှာဖြစ်လိုက်ရင် ကိစ္စတွေကဆန်းသလားမမေးနဲ့ ဟဲဟိုးမှာလေယာဉ်ပျက်ကျတာ လေယာဉ်ပေါ်ကလူတစ်ယောက်နဲ့ လမ်းပေါ်မှာဆိုင်ကယ်စီးလာတဲ့ လူတစ်ယောက်သေသတဲ့ အံ့ရော. .

ထားတော့. . ဒီနေ့ မေမိုင်နဲ့နှစ်ယောက်တည်း သတင်းသွားယူရမဲ့ ကိစ္စတွေကိုတော့ အောင်မျိုးဦး အရမ်းတက်ကြွနေတယ်. . ဒီလိုနဲ့ သူတို့နှစ်ယောက် ကန်တော်ကြီးပဲလေ့(စ်)ဟိုတယ်ကို ရောက်ခဲ့ရတယ်။ ဒီနေ့ (၂၉)ဒီဇင်ဘာ(၂၀၁၂)၊ (၂၅)ရက်နေ့ကပျက်ကျတဲ့ လေယာဉ်ကိစ္စရှင်းလင်းတာ အရင်ကထက်စာရင်တော့ ပိုပြီးမြန်ဆန်လာသလိုပဲ"

အဲဒီမှာ ဦးစိုးဝင်း(Director of Flight Operation) က ဦးဆောင်ရှင်းလင်းပါတယ်။ လေယာဉ်က (Black Box) ကို စက်ဘူမှိုပြီးစစ်ဆေးထားသတဲ့ ခရီးသည် (၇၁)ဦးပါပေမဲ့ ဖြစ်စဉ်မှာ လူနှစ်ယောက်ပဲသေတာ တကယ့်ကို ကံကောင်းမှုကြီးပဲပေါ့. . .

အပြန်ကျတော့ ပန်းကန်လုံးကွန်းမှာ အမောပြေခဏဝင်ထိုင်ဖြစ်ကြတယ်။ အောင်မျိုးဦးအတွက်တော့ မဟာဆုလာဘ်ကြီးပဲ၊ မေမိုင်အလှကိုကြည့်ပြီး အောင်မျိုးဦးရဲ့ မျှသိပ်နိုင်စွမ်းတွေ ကုန်ဆုံးသွားတယ်။

"မေမိုင် ဒီဇင်ဘာ(၂၃)က ရွှေတိဂုံမှာလာနားတဲ့ ငှက်တွေလဲ့အာစုံတွဲတွေပါမယ်ထင်တယ်နော်"

"ပေါက်ကရတွေ အာလူးရယ်. . ."



www.burmeseclassic.com

www.burmeseclassic.com



"သူတို့က ဆောင်းခိုခရီးထွက်ရင်း တစ်ထောက်နားကြတာ လေ၊ မိသားစုလိုက်ဆိုတော့ စုံတွဲတွေပါမှာပေါ့. . ."

"ပါတော့ ဘာဖြစ်လဲ"

"အားကျတယ်"

မေမိုင်က မျက်စောင်းထိုးတယ်။







# အခန်း (၃)

**ဆင်း**ရဲမွဲတေမှုလျှော့ချရေးနဲ့ ပြုပြင်ပြောင်းလဲရေးတွေ အောက်ခြေကိုမလုပ်လို့ သန်းငါးဆယ်ကျော်လူထုက ဘာအကျိုးကျေးဇူးမှ မခံစားရသေးဘူး၊ ဘာညာနဲ့ ဘယ်လိုပဲပြောပြော. . နာမည်ရဂျာနယ်တွေ စီးပွားဖြစ်လာတာတော့ အထင်အရှားပဲ၊ ဝယ်လိုက်တဲ့ ထိုက်တွေ ကားတွေ ပုံနှိပ်စက်တွေဆိုတာ မြင်မကောင်း ရှုမကောင်း အခုပဲကြည့် အာလူးတို့ဂျာနယ်က ခြေလှမ်းတွေကျဲပြီး နေ့စဉ်သတင်းစာ ထုတ်ဝေဖို့ စိုင်းပြင်းနေကြပြီ။ ဒီတော့ ဝန်ထမ်းတွေထပ်ခန့် သတင်း

www.burmeseclassic.com



ထောက်တွေထပ်ခေါ်နဲ့ သူတို့တိုက်မှာ လူသစ်တွေဆိုတာ အများကြီး။

အယ်ဒီတာချုပ်တွေကလည်း ဘာတွေဘယ်လို ယုံကြည်အားကိုးနေသည်မသိ၊ အောင်မျိုးဦးကို သင်တန်းသားသစ်တွေမောင်းဖို့ တာဝန်ပေးထားရဲ့၊ လစာလည်းမတိုး ရာထူးလည်းမတက်ဘဲနဲ့ အလိုလိုနေရင်း ဆရာကြီးဖြစ်သွားတယ်. . .

ဒါနဲ့ ဈေးဦးပေါက်အဖြစ် အကယ်ဒမီပွဲသတင်းယူဖို့ သတင်းထောက်အသစ်သုံးယောက်နဲ့အတူ အောင်မျိုးဦး ရန်ကုန်သုဝဏ္ဏအားကစားကွင်းကိုရောက်နေကြတယ်. . ။ ဒီပွဲကို နေပြည်တော်မှာပဲကျင်းပနေတာကြာပေါ့၊ ဒီနှစ်မှ ရန်ကုန်ပြန်ရောက်လာတာ။

သတင်းဓာတ်ပုံရိုက်နည်း၊ အင်တာဗျူးနည်းတွေ လက်တွေ့သင်ပေးလိုက်တယ်။

အသစ်လေးတွေက နတ်ကရာကြည့်မောသလို မင်းသား မင်းသမီးတွေ တစ်ထောကြီးကို ငေးမောနေကြတာနဲ့တင် လာရင်းကိစ္စကိုမေ့နေကြလို့ ဆရာကြီးပီပီ ဟိန်းရဟောက်ရသေးတယ်။

အသွင်ဆန်း အမြင်ဆန်းနဲ့ တစ်ကျော့ပြန် အကယ်ဒမီပွဲကိုညနေ(၂)နာရီလောက်ကတည်းက တေးသီချင်းဖျော်ဖြေမှုတွေနဲ့ စတင်ခဲ့တာ (၃)နာရီလောက်မှ ပြန်ကြားရေး ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်နဲ့ အစည်းအရုံးဥက္ကဋ္ဌ ဦးဇင်ဝိုင်းတို့ မိန့်ခွန်းပြောကြတယ်။

မီဒီယာတွေအတွက် သီးသန့်နေရာ စီစဥ်ပေးထားလို့ အရင်လိုဂျွန်ရမဖြစ်တော့ဘူး။

ရုပ်ရှင်ဇာတ်ကားတွေက တအားနည်းနေလို့ ဆုရတာလည်းအပြင်မှာမှန်းထားကြသလိုပါပဲ၊ လွဲသွားတာတစ်ခုပဲရှိတယ် အဲဒါကအကောင်းဆုံးအမျိုးသားဇာတ်ဆောင်ဆုပဲ ထင်ကြေးပေးထားတဲ့ မင်း





သားတွေမရဘဲ ထာဝရအလင်းတန်းများဇာတ်ကားက နောင်နောင်ရလို့ပေါ့. .

အထူးခြားဆုံးက လူရွှင်တော် မော့(စ်)ဇာတ်ပို့ဆုရခဲ့တဲ့အဖြစ်ပဲအားလုံးက ထိုက်တန်တယ်လို့ မှတ်ချက်ပေးတယ်။ ဦးမော့(စ်)ကလည်း တစ်သက်လုံးစောင့်ဖမ်းနေတာ (၅၉)နှစ်ကျမှပဲ မိတော့တယ်လို့ ကျေးဇူးတင်စကားပြောသွားရဲ့. . .

နောက်ဆုံးပိတ်မှာ ထာဝရအလင်းတန်းများ ဇာတ်ကားကအကယ်ဒမီ (၈)ဆုသိမ်းပိုက်ပြီး အောင်ပွဲခံသွားခဲ့တယ်။ အောင်မျိုးဦးတို့အုပ်စုလည်း ပတ်စာခွာဖျာသိမ်းတဲ့အထိ သတင်းယူပြီးမှ တိုက်ကိုပြန်ခဲ့ကြတယ်။ သတင်းဓာတ်ပုံတွေ အသံသွင်းဖိုင်တွေ ကွန်ပျူတာထဲထည့်ပြီးတော့ ညကလှနေခဲ့ပြီ။

အောင်မျိုးဦးကို ဘာကြောင့်မှန်းမသိ ကြည်ညိုလေးစားနေကြတဲ့ အသစ်လေးတွေထဲက စံရွှေအောင်နဲ့လွင်မြင့်အောင်က အတင်းဆွဲခေါ်ပြီး ဘီယာနဲ့ပြုစုကြတယ်. . ။ အာလူးလည်း ဆရာကြီးလုပ်လို့ကောင်းနေတာပေါ့။

“အစ်ကို (၂၀၀၁)ခုနှစ်က အကောင်းဆုံးသတင်းဓာတ်ပုံဆုနဲ့ပြီး ငွေဆယ်သိန်းပိုက်ခဲ့တာဆို”

“အင်းဟုတ်တယ်လေ”

“ဘာသတင်းနဲ့လဲအစ်ကို”

“ကိုမင်းကိုနိုင်တို့ လွတ်ငြိမ်းချမ်းသာခွင့်နဲ့လွတ်လာတဲ့ သတင်းနဲ့ပေါ့၊ ကိုယ့်ဖာသာကလည်း ယုံကြည်ချက်အကျဉ်းသားပဲလေ”

“ဩော် စိတ်ဝင်စားစရာပဲဗျာ၊ မပင်ပန်းဘူးဆိုရင် ဒေါတ်ရှင်းအရင်း အသေးစိတ်ပြန်ပြောပြပါလား အစ်ကို”

www.burmeseclassic.com



အောင်မျိုးဦး မြောက်တောက်တောက်ဖြစ်သွားတယ်။ ဘိုးတော်လိုလို ပညာရှိလိုလိုနဲ့ ခေါင်းတဆတ်ဆတ်ညိတ်ရင်း ဘီယာသောက်တယ်၊ ပြည်ကြီးငါးသုပ်ကို နံနံပင်အုပ်ပြီးတီးတယ်၊ ရိက္ခာဝလို့ လိပ်ပြာလုံသွားတော့မှ. . .

"အင်း. . အဲဒီတုန်းက. . အဟမ်း. . တိတိကျကျ ပြောရရင် (၂၀၁၁)အောက်တိုဘာ (၁၁)ရက်နေ့ကပေါ့ကွာ. . . ."

အယ်ဒီတာချုပ်ခေါ်လို့ အောင်မျိုးဦးတို့လူဟောင်းအုပ်စု မျက်နှာငယ်လေးတွေနဲ့ ရုံးခန်းထဲရောက်နေကြရဲ့ ဆူပူကြိမ်းမောင်းဖို့ ခေါ်တာများလားဆိုတဲ့ အတွေးနဲ့ပေါ့ ဒါပေမဲ့ မဟုတ်ပါဘူး၊ အယ်ဒီတာချုပ်က နှာခေါင်းပေါ် လျှောကျနေတဲ့ မျက်မှန်ကို အသာတွန်းတင်လိုက်ရင်း. . .

"သိပ်အရေးကြီးတဲ့ သတင်းအနံ့တစ်ခု ရထားတယ်၊ မနက်ဖြန်မဟုတ်ရင် သဘက်ခါပဲ၊ တို့သမ္မတကြီးက ယုံကြည်ချက်အကျဉ်းသားတွေ လွှတ်ပေးလိမ့်မယ်"

သတင်းထူးအတွက် သတင်းထောက်တွေ ကြွက်စီကြွက်စီ ပူညံပူညံ ဖြစ်ကုန်ကြတယ်။ တစ်ယောက်တစ်ပေါက်နဲ့ ထင်မြင်ချက်ပေးသံတွေက အယ်ဒီတာချုပ်ရဲ့ ချောင်းဟန့်သံအောက်မှာ ပျောက်ဆုံးသွားရဲ့။

"အဟမ်. . အဟမ်း. . ဒီသတင်းယူဖို့အတွက် အထူး အခွင့်အရေးတစ်ရပ်အနေနဲ့ သရက်ထောင်ကိုသွားဖို့ အောင်မျိုးဦးကို တာဝန်ပေးချင်တယ်"

အားလုံးရဲ့အကြည့်က အောင်မျိုးဦးဆီ ရောက်လာတယ်၊ အောင်မျိုးဦးလည်း ဝမ်းသာစိတ်နဲ့ မျက်ရည်တောင် ဝဲလာတယ်၊ သူ့





အဖေ ၅(ည)နဲ့ အထဲရောက်နေတာ လုပ်ဖော်ကိုင်ဖက်တွေ သိထားကြတာကိုး၊ သတင်းလည်းယူရင်း အဖေကိုလည်း ကြိုဆိုခွင့်ရတဲ့ အစီအစဉ်အတွက် အယ်ဒီတာချုပ်ရဲ့ စာနာမှုကို ကျေးဇူးတင်မိတယ်။

"ဒီတော့ အောင်မျိုးဦး၊ တင့်နိုင်သိန်းနဲ့ မေမိုင်တို့ အတွဲက ချက်ချင်းပြင်ဆင်ပြီး ခရီးစထွက်၊ သရက်က သိပ်မဝေးပါဘူး၊ ခရီးစရိတ်နဲ့ စားစရိတ်၊ ဘဏ္ဍာရေးဌာနမှာ ထုတ်သွား၊ ကျန်တဲ့လူတွေ အင်းစိန်လေဆိပ်နဲ့ ဘူတာရုံကို လူစုခွဲပြီး စုံစမ်းထားကြ၊ မြစ်ကြီးနားထောင်က လူတွေ လေယာဉ်နဲ့ပဲ ပြန်လာမှာ၊ သော်တာ၊ မာလာနဲ့ ရဲတိုက်ဦးက စတင်းန်ဘိုင်စောင့်နေ၊ သီတင်းကျွတ် လပြည့်နေ့မှာ ဒေါ်စုက N.LD သက်ကြီးပုဂ္ဂိုလ်တွေကို ဂါရဝပြုပွဲရှိတယ်၊ အားလုံးရှင်းတယ်နော် ဆက်လုပ်"

"ဟုတ်ကဲ့. ."

အောင်မျိုးဦး၊ တင့်နိုင်သိန်းနဲ့ မေမိုင်တို့ ကသုတ်ကရက် လှုပ်ရှားကြရတော့တာ၊ အရင်ဆုံး ကိုယ့်အိမ်ကိုယ် ဖုန်းဆက်ပြီး သုံးရက်စာ အဝတ်အစား အသုံးအဆောင်တွေ အသင့်ပြင်ခိုင်းရတယ်၊ အဲဒီမှာ အောင်မျိုးဦးအမေ ဒေါ်နွယ်နွယ်မျိုးပါ လိုက်မယ်ဖြစ်ရော၊ ဒါ သူ့အဖေအတွက် အရေးကြီးတဲ့ ကိစ္စမို့ ပိုက်ဆံလုံလုံလောက်လောက် ယူခဲ့ဖို့ပဲ မှာရတော့တယ်။

ပိုက်ဆံထုတ်ဖို့ကိစ္စနဲ့ တခြားလုပ်စရာရှိတာတွေ လုပ်ပြီး ဂျာနယ်တိုက်ကကားနဲ့ ထွက်လာခဲ့ကြတယ်၊ ပထမဆုံး မေမိုင့်အိမ်ကို ဦးတည်လိုက်ကြတယ်။

"မေမိုင်. . အဲလို ညအိပ်ညနေ ခရီးထွက်ရတာ အိမ်မှာ စိတ်ချရဲ့လား"



www.burmeseclassic.com

www.burmeseclassic.com



"ခုမှ စိတ်မချလို့လည်း မရတော့ဘူးလေ၊ အလုပ်လျှောက်ကတည်းက အဲလိုခရီးထွက်ရမယ်ဆိုတာ သိပြီးသားပဲဟာ"

"ကောင်းတော့. . ကောင်းတယ်ဟာ၊ တကယ်လို့များ နင် လင်နောက်တွေဘာတွေ လိုက်မယ်ဆို အေးဆေးပဲ ပေါ်တင်ထွက်သွားရုံပဲနော်"

"နှာဘူး ကောင်စုတ်"

မေမိုင်က မိန်းကလေးတွေရဲ့ အကျင့်အတိုင်း တင့်နိုင်သိန်းရဲ့ လက်မောင်းကို ဖြောင်းခနဲရိုက်ပြီး ဘွဲ့ထူးဂုဏ်ထူးတွေ ဖော်ထုတ်လို့ ချီးကျူးပါတယ်။ နှာဘူးက ဒီလောက်နဲ့ မဖြုံဘူး. . .

"နင် ကံကောင်းပါတယ်ဟာ၊ ငါတို့နဲ့အတူ သွားခွင့်ရတာ. . အစ်ကိုရင်းတွေ ကောက်ရသလို အကောင်းစား ဘော်ဒီဂတ်တွေနဲ့ ဆုံရတာ"

"အင်း ဟုတ်ပါတယ်၊ အဲဒီအတွက်တော့ ကျေးဇူးအကြီးကြီးတင်ပါတယ် နှာဘူးရယ်၊ ကဲ. . . ကျေနပ်ပြီလား"

မေမိုင့်ကို စပြီးတော့ အောင်မျိုးဦးဘက် လှည့်လာပြန်တယ်။

"မင်းအဖေကို တွေ့ရတော့မယ်ဆိုတော့ ဝမ်းသာနေမှာပဲပေါ့ ဟုတ်လား အာလူး"

"ဆောက်ဖြစ်မှ ကျောင်းဒကာပါကွာ၊ လွတ်မယ့်လူထဲ ပါဦးမှလေ၊ အစိုးရသစ် လက်ထက်မှာ ဒါက ဒုတိယအကြိမ် လွတ်ငြိမ်းချမ်းသာခွင့်ပါ၊ ပထမအကြိမ်မှာလည်း တစ်ယောက်မှမပါတော့ သိပ်မမျှော်လင့်ပါဘူးကွာ"

"ဒီတစ်ခါတော့ ပါမှာပါ၊ အင်း. . . မင်းက သိပ်မပျော်ပေမယ့် မင်းအမေ တအားပျော်နေမှာ၊ သူလည်း တစ်ယောက်တည်း





ဖျင်းနေတာ ကြာပြီလေ. . အဟီး"

"ဟော့ကောင်. . ဟော့ကောင် မင်းတော်တော်ဖောင်းနေပြီနော်၊ စကာနောက်တာကလည်း အရွယ်သုံးပါးမရွေးတော့ပါလား"

"အဟင်း. . ကလေးလေးတွေနဲ့ လူကြီးတွေကမှ ပိုပြီး စလို့ကောင်းတာ"

တင့်နိုင်သိန်း ပွဲဆူအောင် နှောင့်နေတဲ့အချိန်မှာပဲ မေမိုင်တို့အိမ်ရောက်လာတယ်။ မေမိုင့်အိမ်ဆိုတာ တင့်နိုင်သိန်းအိမ်ပါပဲ၊ သူတို့က ရေကျော်က ကျိုတော်အိမ်ရာမှာ နေကြတာ၊ မေမိုင်က သုံးလွှာမှာ နှာဘူးက ငါးလွှာမှာ၊ သုံးယောက်လုံး တိုက်ပေါ်တက်လာပြီး သုံးလွှာအရောက်မှာ. . .

"ကဲ. . ငါ အမေတို့ကို နှုတ်ဆက်ပြီး ပစ္စည်းတွေ ယူလိုက်ဦးမယ်၊ ဒီကပဲစောင့်"

"အေး. . ."

မေမိုင်တို့ တိုက်ခန်းထဲရောက်တော့ အာလူးကို ထိုင်ခိုင်းထားပြီး နောက်ဖေးဘက်ဝင်သွားတာ ပေါ်မလာတော့ဘူး။ အာလူးတစ်ယောက်ထဲ အူကြောင်ကြောင် ဖြစ်နေတုန်း၊ ချာတိတ်တစ်ယောက်ဝင်လာတယ်၊ မေမိုင့်မောင် ဖြစ်မယ်ထင်ပါရဲ့၊ ဆယ်မိနစ်လောက်ကြာမှ မေမိုင် အထုပ်ဆွဲပြီး ပြန်ထွက်လာတယ်၊ သူ့အမေလက်ထဲမှာ အအေးတစ်ခွက်ပါတယ်။

"မောင်အောင်ရေ အအေးသောက်ဦး၊ မင်းတို့အလုပ်တလည်း ထွက်လိုက်ရတဲ့ ခရီးဆိုတာများ မပြောလိုက်ချင်တော့ဘူး"

"ဟုတ်ကဲ့ ဒေါ်လေး၊ ဒီတစ်ခါ သိပ်မဝေးပါဘူး၊ သရက်ကြီးတင်ပါ၊ လွတ်ငြိမ်းချမ်းသာခွင့်နဲ့ ထွက်လာတဲ့သူတွေကို ထောင်ဝူးဝတာ



www.burmeseclassic.com

www.burmeseclassic.com



သွားကြိုရမှာ"

"အင်း . . ခေတ်ပြောင်းသွားပြီဆိုတဲ့ ပြယုဂ်ပေါ့ ဟုတ်လား"

"ဟုတ်ကဲ့ . ."

"ဒီတစ်ခါ ကိုအောင်မျိုးဦးက သတင်းယူရုံတင် မဟုတ်ဘူး မေမေရဲ့၊ သူ့အဖေကိုပါ သွားကြိုမှာ တစ်ချက်ခုတ် နှစ်ချက်ပြတ်ပေါ့"

"ဟင် . . မင်းအဖေက ထောင်ကျနေတာလား"

အလန့်တကြားမေးလိုက်တဲ့ မေမိုင့်အမေကြီး အထိတ်တလန့် ဖြစ်သွားပုံက သိပ်သိသာနေတယ်။ မေမိုင်လည်း အားတုံ့အားနာ ဖြစ်သွားရင်း . . .

"နိုင်ငံရေးအမှုပါ မေမေရယ်၊ ၅(ည)နဲ့ ဆွဲထားတာလေ"

"အဲဒါ ပိုဆိုးတယ်၊ တစ်သက်လုံး အဖိနှိပ်ခံနေရတာနဲ့ လူမွဲလူတောင် မပြောင်တော့ဘူးလေ"

သူ့အမေရဲ့ ပွင့်ပွင့်လင်းလင်းအပြောကြောင့် မေမိုင် အတော်အားနာသွားတယ်၊ မျက်စိမျက်နှာလည်း ပျက်နေပြီ၊ ဒီတော့ အားနာပါးနာ ဖာထေးရှာတယ်။

"ခုနက မေမေပြောသလို ခေတ်ပြောင်းသွားပါပြီ မေမေရဲ့၊ နိုင်ငံရေးကို တရားဝင်လုပ်ခွင့်ရှိနေပါပြီ၊ ဥပဒေနဲ့အညီဆိုရင် ဖမ်းလို့မရတော့ပါဘူး"

"ဖမ်းတယ် လွှတ်တယ်ဆိုတာ သူတို့သဘောပါအေ"

"အဲလို မဟုတ်တော့ပါဘူးဒေါ်လေး၊ တရားဝင် ပါတီထောင်ခွင့် ရွေးကောက်ပွဲဝင်ခွင့် နိုင်ငံရေးလုပ်ခွင့်တွေ ရှိနေပါပြီ"

"အဲဒီအချိန်မှာ စေ့ထားတဲ့တံခါးက တင့်နိုင်သိန်း ဝင်လာပါတယ်"





"အဆင်သင့်ပဲလား"

"အေး . . သွားကြစို့ ကဲ . . မေမေ သမီးတို့ သွားတော့မယ်"

"အေး . . အေး . . မောင်တင့်နိုင်သိန်းရေ၊ သမီးကို ဂရုစိုက်လိုက်ပါကွယ်၊ မင်းပါလို့သာ ခွင့်ပြုရတာ၊ ရှေ့လျှောက် အယ်ဒီတာမဖြစ်ရင် အလုပ်ထွက်ခိုင်းတော့မယ်"

"မေမိုင့်အတွက် စိတ်ချပါအန်တီ သွားမယ်နော်"

အားလုံးနည်းတူ အောင်မျိုးဦးလည်း နှုတ်ဆက်ပေမယ့် ဒေါ်လေးအမူအရာက အလာတုန်းကလောက် ဟက်ဟက်ပက်ပက် မရှိတော့ဘူးဆိုတာ အာလူးသတိပြုမိတယ်။ အင်း . . လူတွေရဲ့ နိုင်ငံရေးအပေါ်ထားတဲ့အမြင်တွေ မပြောင်းသေးပါလားဆိုတာ သိလိုက်ရတယ်၊ အကြောက်တရားနဲ့ ဖိနှိပ်ထားခဲ့လို့ စိတ်ခါတ်ခေါက်ရိုးကျိုးနေတာတွေ ပြေသွားအောင် အချိန်အများကြီး ပေးရဦးမယ်ဆိုတာ အထင်အရှားပါပဲ။

"မေမိုင် နင် အန်တီမျက်စိနောက်အောင် ဘာတွေလုပ်ထားလဲ"

"ဟင့်အင်း မလုပ်ပါဘူး၊ ဘာဖြစ်လို့လဲ"

"နင် လင်နောက်လိုက်ဖို့ အစီအစဉ်ရှိတာ သိလို့ထင်တယ်၊ အလုပ်ထွက်ခိုင်းမလို့တဲ့"

"နားစမ်းပါ နှာဘူးရယ်၊ အလုပ်ရဖို့ဆိုတာ လွယ်တာမှတ်လို့၊ ပြီးတော့ ဒီအလုပ်ကို ငါ သဘောကျတယ်"

"တော်သေးတာပေါ့၊ ဒေါ်အေးသာကျော့ရယ် နင်သာ အလုပ်ထွက်သွားရင် တော့ပ်တင်းန်းစာရင်းဝင် အတုံးဆုံး သတင်းထောက် ဆယ်ယောက်ပြည့်မှာ မဟုတ်တော့လို့ ငါ စိတ်ပူနေတာ"



www.burmeseclassic.com

www.burmeseclassic.com



"သေနာ. . ."

ထုံးစံအတိုင်း မေမိုင် လက်သံပြောင်သမျှ တင့်နိုင်သိန်း သွားအဖြံသားနဲ့ ခံရှာတယ်၊ ဒါကိုကြည့်ပြီး အာလူး မနာလို ဖြစ်နေတယ်၊ ဖြစ်နိုင်ရင် မေမိုင်ရိုက်တာကို သူပဲ ခံလိုက်ချင်တယ်၊ တခြားယောက်ျားတွေနဲ့ ရင်းရင်းနှီးနှီးနေတာ သူမကြိုက်ချင်တော့ဘူး၊ အချစ်ဆိုတာ အဲသလိုမျိုး အူကြောင်ကြောင်ရယ်၊ အရိုက်မခံရလို့ မနာလို ဖြစ်လိုဖြစ်နဲ့. . .

"ဟဲ့. . . အာလူး၊ ငူငူငိုင်ငိုင်နဲ့ ဘာဖြစ်နေတာလဲ"

မေမိုင်လှမ်းမေးတော့ သူ့ကို ဂရုစိုက်ဖော်ရသားပဲလို့တွေးပြီး အာလူးရင်ချောင်သွားတယ်။

"အဟင့်. . . ဘာရယ်မဟုတ်ပါဘူး၊ အဖေ့ကို သတိရလို့"

အာလူးအဖြေက လုံလောက်နေလို့ သူ့အတွင်းစိတ် ယောက်ယက်ခတ်နေတာကို မေမိုင်တို့ မရိပ်မိလိုက်ဘူး။

"သိပ်လည်း ဝါဒီဖြစ်မနေပါနဲ့ကွာ၊ မင်းအဖေ လွတ်မှာပါ"

နှာဘူးက နှစ်သိမ့်စကား ပြောပေးတယ်၊ ပြီးတော့ ကိုယ့်အတွေးနဲ့ကိုယ် ငြိမ်သွားကြရော၊ ကားပေါ်မှာ စကားသံ တိတ်သွားတယ်၊ ဒီလိုနဲ့ မိနစ်နှစ်ဆယ်လောက်မောင်းပြီးတော့ အာလူးတို့ မြောက်ဥက္ကလာကို ရောက်လာရော၊ အာလူးအမေ ဒေါ်နွယ်နွယ်မျိုးက အထုပ်ပြင်ပြီး အဆင်သင့်စောင့်နေလို့ အချိန်မကုန်တော့ဘူး၊ အိမ်တံခါးသော့ပိတ်ပြီး ဆက်ထွက်လာခဲ့ကြတယ်၊ ဒေါ်နွယ်နွယ်မျိုး မျက်နှာလည်း မယုံမရဲနဲ့ စိတ်စောမှုတွေ စွန်းထင်းလို့. . .

"သား မင်းအဖေ တကယ်လွတ်မှာလားဟင်"

"အဲဒါတော့ မပြောတတ်ဘူးမေမေ ကံတရားပဲ"





"ဒီကိစ္စက အားလုံးဝိုင်းဝန်းတောင်းဆိုနေကြတဲ့ ပြည်သူ့အသံပါ ဒေါ်ဒေါ်၊ လူကြီးတွေကိုယ်တိုင်က လွှတ်တော်အသံ ပြည်သူ့အသံဖြစ်ရမယ်လို့ ကြွေးကြော်ထားတာပါ၊ လွတ်လာလိမ့်မယ်လို့ ထင်ပါတယ်"

အနောက်အပြောင်မပါပဲ လူစကားစစ်စစ်ပြောပြီး နှစ်သိမ့်ပေးလိုက်တဲ့ နှာဘူးရဲ့စကားကြောင့် ဒေါ်နွယ်နွယ်မျိုးမျက်နှာ ပြုံးယောင်သမ်းသွားတယ်။

"တော်ပါသေးရဲ့ကွယ် ဒီတစ်ခါ ထောင်အပြောင်းမှာ မြစ်ကြီးနားကနေ သရက်ထောင်ရောက်လာလို့ သွားရလာရ အဆင်ပြေသွားတာ"

"သိပ်လည်း စိတ်ပူမနေပါနဲ့ ဒေါ်ဒေါ်၊ ဒီတစ်ကြိမ်တော့ တော်တော်များများ လွှတ်ပေးမယ်လို့ သမီးတို့ ယုံကြည်ပါတယ်"

"အေးကွယ် အဲလိုပဲ ဖြစ်ပါစေလို့ ဆုတောင်းပါတယ်"

သူတို့အုပ်စု အောင်မင်္ဂလာအဝေးပြေးဂိတ်မှာ ခရီးတစ်ထောက်နားပြီး မကွေးကားနဲ့ သရက်မြို့ကို ခရီးဆက်ခဲ့ကြတယ်။ ကားပေါ်မှာ ဒေါ်နွယ်နွယ်မျိုးနဲ့ မေမိုင် အတူထိုင်ခွင့်ရလို့ အဆင်ပြေသွားတယ်၊ နှာဘူးနဲ့ အာလူးလည်း လွတ်လွတ်လပ်လပ် ခြေဆန့်ကျောဆန့်လိုက်လာခဲ့ရလို့ စိတ်ဖိစီးမှုတွေ မခံစားရတော့ဘူးပေါ့။ ဒီလိုနဲ့ သရက်ကို ညတိုးနာရီဆယ်မိနစ်လောက်မှာရောက်တယ်၊ တစ်မြို့လုံး ဂျာနယ်လစ်တွေ အကျဉ်းသားတွေရဲ့ မိသားစုတွေနဲ့ ပြည့်နေလို့ တည်းခိုစရာနေရာရအောင် ခက်ခက်ခဲခဲ ကြိုးစားလိုက်ရတယ်။

မနက်ကျမှ လွှတ်မယ်မလွှတ်ဘူး သိရမှာဆိုတော့ စိတ်စောသူမောနဲ့ပဲ အိပ်လိုက်ကြတယ်၊ မိသားစုခန်းတစ်ခန်းမှာ ခုတင်အစုံ



www.burmeseclassic.com

www.burmeseclassic.com



ထပ်ထည့်ပေးလို့ တည်းခိုရတာ အဆင်ပြေခဲ့တယ်။ ကားစီးခဲ့ရတာ ပင်ပန်းလို့ အိပ်ရာဝင်ခဲ့ကြပေမယ့် အတွေးတွေကိုယ်စီနဲ့ လူးလွန့်နေမိကြတယ်၊ ဘယ်သူမှ ကောင်းကောင်းအိပ်မပျော်ဘူး။

မနက်လင်းတာနဲ့ အဆာပြေစားသောက်ပြီး သရက်ထောင်ရွှေမှာ သွားစောင့်ကြတယ်၊ သူတို့လို လာစောင့်နေတဲ့သူတွေလည်း အများကြီး၊ အားလုံးရဲ့ မျက်နှာတွေမှာ မျှော်လင့်ချက်ကိုယ်စီနဲ့၊ ဒါပေမယ့် အခြေအနေကို ဘယ်လိုမှ စုံစမ်းလို့ မရဘူး၊ တဖြည်းဖြည်း နေမြင့်လာတာနဲ့ လူအုပ်ကြီးရဲ့ မျှော်လင့်ချက်တွေ ဝေဝါးလာတယ်၊ အနားက ခါတော်မီ စားသောက်ဆိုင်လေးတွေမှာ အရိပ်ခိုရင်း ဖြစ်သလို စားသောက်လိုက်ကြရတယ်လေ။

ဒေါ်နွယ်နွယ်မျိုးကို တည်းခိုဆောင် ပြန်ပို့ပြီး အာလူးတို့ အုပ်စုက တာဝန်အရ ဆက်စောင့်ကြတယ်၊ နေ့ခင်းနှစ်နာရီလောက်ကျမှ မနက်ဖြန် သီတင်းကျွတ် လပြည့်နေ့မှာ လွှတ်ပေးမယ့်အကြောင်း. . သတင်းသဲ့သဲ့ရလို့ လူအုပ်ကွဲသွားတယ်။

အဲဒီညက ဒေါ်နွယ်နွယ်မျိုး အစောကြီး အိပ်ရာဝင်သွားရော၊ စိတ်မောလူမောနဲ့ ပရက်ရှာတက်လာလို့ သွေးကျဆေး တိုက်ထားရရဲ့။ သူတို့သုံးယောက် ညစာစားဖို့ ထွက်ခဲ့ကြတယ်၊ နှာဘူးက ကွမ်းဝယ်ချင်လို့ဆိုပြီး လှစ်ခနဲ ပျောက်သွားတယ်၊ နှာဘူး ဘီယာသွားကစ်တယ်ဆိုတာ အာလူးသိပြီးသား။

"ပင်ပန်းနေပြီလား မေမိုင်"

"လူပင်ပန်းတာထက် စိတ်မောတာက ပိုဆိုးတာ"

"ဟုတ်တယ်နော်"

"ငါလေ နင့်အမေကိုကြည့်ပြီး သနားလည်း သနားတယ်၊ စိတ်





ထည်း ပင်ပန်းတယ်၊ အတိအကျ သတင်းထုတ်ပြန်လိုက်ရင် လူတွေဒီလောက်မပင်ပန်းတော့ဘူးပေါ့"

"ဒါတွေက နိုင်ငံရေးကိစ္စတွေ မေမိုင်ရဲ့၊ လှည့်ကွက်တွေ အများကြီး၊ တစ်ခါတစ်ခါမှာ ကိုးလိုးကန့်လန့် အဖြစ်တွေလည်းရှိတယ်"

"ဘယ်လိုမျိုးလည်း"

"အင်း. . တို့ဆီမှာ တစ်ခါတုန်းက နိုင်ငံကြီးတစ်ခု အကူအညီနဲ့ ပြည်လမ်းမကြီးကို ခင်းပေးလိုက်တဲ့ လမ်းကြီးက ကျယ်လည်းကျယ် ကောင်းလည်းကောင်းဆိုတော့ လေယာဉ်ပျံတောင် ဆင်းလို့ရအောင် အဆင့်မီနေတယ်။ ဒီတော့ စိတ်ပူတတ်တဲ့ အိမ်နီးချင်း နိုင်ငံကြီးတစ်ခုက အဲဒီလမ်းကြီးရဲ့ အလယ်ခေါင်ကနေ ဓါတ်တိုင် တွေစိုက်ပြီး ဓါတ်ကြိုးတွေ သွယ်ပေးလိုက်သတဲ့"

"ဪ လေယာဉ်ဆင်းလို့မရအောင် လုပ်လိုက်တာပေါ့ ဟုတ်လား"

"ဟုတ်တယ်မေမိုင် တိုက်ရိုက်မသက်ဆိုင်ပေမယ့် အနီးစပ်ဆုံး ဥပမာတွေပေါ့၊ နိုင်ငံရေးဆိုတာ လှည့်ကွက်မြှပ်ကွက်တွေ အများကြီး နှစ်ငါးဆယ်လောက် အထက်ကခိုင်းတာပဲ လုပ်လာတော့ ကိုယ်ပိုင်ဆုံးဖြတ်ချက်နဲ့ မလုပ်တတ်တော့တာလည်းပါတယ်"

"ဟုတ်မယ်နော်"

"အဲဒီကိစ္စကို လှောင်ထားတဲ့ ဟာသလေးတောင် ရှိသေးတယ်"

"ပြောပါဦး"

"ဌာနတစ်ခုရဲ့ ရုံးအုပ်ကြီး အခန်းထဲက နာရီရပ်နေလို့ ရုံးစာရေးက ဆရာ နာရီရပ်နေပါတယ်ဆရာလို့ သတိပေးတယ် အဲဒီတော့



www.burmeseclassic.com

www.burmeseclassic.com



ဦးအုပ်ကြီးက တမင်ရပ်ထားတာကွ၊ ညွှန်မှူးရဲ့ အမိန့်အတိုင်း အချိန်ကို ဆွဲထားရမယ်လို့ ပြောတယ်တဲ့လေ”

“အဟင်း. . ဟင်း. . ဟုတ်တယ်၊ နိုင်ငံသစ်အတွက် ခေါက်ရိုးကျိုး အလေ့အကျင့်တွေကို အရင်ပြောင်းကြရမှာနော်၊ လူတိုင်းမှာ လိုအပ်ချက်တွေနဲ့ပဲ. . .”

မေမိုင် စိတ်ဝင်တစား ဆွေးနွေးပေမယ့် အာလူးက ဒါတွေပြောရတာ စိတ်မပါတော့ဘူး၊ မေမိုင့်အလှကို တစိမ့်စိမ့်ကြည့်ရင်း သူ့စိတ်တွေ ဂနာမငြိမ် ဖြစ်နေပြီး မျိုသိပ်ထားရတဲ့ အချစ်တွေ ပွင့်ထွက်မတတ်ဖြစ်နေပြီ။

“ဒါနဲ့ နင့်အဖေ နိုင်ငံရေးလုပ်တော့ ဒေါ်ဒေါ်တစ်ယောက်ထဲနေရတဲ့အချိန်တွေ သိပ်များခဲ့မှာပဲနော်”

“ဟုတ်တယ် အမေမပြောနဲ့၊ ငါတောင် ဓါတ်ပုံတွေကြည့်ပြီး အဖေ့ရုပ်ကို အလွတ်ကျက်ထားရတာ”

“ဒေါ်ဒေါ့်ကို လေးစားတယ်ဟာ၊ တခြားမိန်းမတွေဆို ဘယ်သည်းခံမှာလဲ၊ ကွာရှင်းပြီး နောက်အိမ်ထောင် ပြုလိုက်မှာပေါ့”

“ဟုတ်တယ် ဒီတစ်ချက်တော့ အမေ့ကို ကျေးဇူးတင်သလို အဖေ့ကိုလည်း အားကျတယ်၊ တကယ်အနစ်နာခံတဲ့ ပါရမီ ဖြည့်ဖက်ကို ရထားတဲ့အတွက်ပေါ့”

“အားကျရင် ရှာပေါ့”

“ရှာစရာ မလိုတော့ဘူး၊ တွေ့ပြီးသား”

“ဟင်. . .”

မေမိုင် မျက်လုံးလေး ဝိုင်းသွားပြီး မလုံမလဲနဲ့ မော့ကြည့်တယ်၊ တကယ်တော့ သူတို့နှစ်ယောက်ကြားမှာ တရားဝင် ဖွင့်ဟပြောတာမျိုး





မရှိသေးပေမယ့် တစ်ယောက်မျက်လုံး တစ်ယောက်ဖတ်ပြီး အဓိပ္ပါယ်နဲ့ ဆိုလိုရင်းကို နားလည်ထားကြတာ၊ ခုလို ရိပ်ဖမ်းသံဖမ်း စကားစလာတော့ မေမိုင်နည်းနည်းလန့်သွားလေရဲ့။

“ဟုတ်တယ်၊ မေမိုင် ငါ့ဘဝ အဖော်မွန်ကို ရှာတွေ့ခဲ့တာ ကြာလှပြီ၊ ဖွင့်ပြောဖို့ သတ္တိမရှိတာရယ်၊ အခြေအနေ မပေးတာရယ်ကြောင့် မပြောဖြစ်ခဲ့တာ”

“ဟုတ်လား ကောင်းတာပေါ့၊ ဘယ်ကလဲ ငါတို့သိတဲ့သူပဲလား”

“အင်းပေါ့၊ ဘယ်သူလဲဆိုတာ နင် မသိချင်ဘူးလား”

မျက်လုံးဝိုင်းနေတဲ့ မေမိုင်၊ ခေါင်းပါငုံ့သွားရော. .

“ပြောကြည့်လေ၊ ငါကူပြောပေးလို့ ရချင်ရမှာပေါ့”

“နင် ကူညီလို့ရတာတော့ သေချာတယ် မေမိုင်၊ ဘာဖြစ်လို့လဲဆိုတော့ ငါ ရွေးချယ်ထားတဲ့သူက နင်ဖြစ်နေလို့ပဲ”

“ဟင်. . နင်. . နင်”

“ဟုတ်တယ် မေမိုင်၊ နင့်ကို ငါချစ်နေတာ ကြာလှပြီ၊ ဒီနေ့တော့ ရင်ထဲမှာ သိမ်းထားဖို့ ဘယ်လိုမှ မဖြစ်နိုင်တော့လို့ ပရိုပို့စ်လုပ်တာ ဘဝတစ်လျှောက်လုံး နင့်ဘေးမှာ ငါရှိနေချင်တယ် မေမိုင်”

မေမိုင် ဘာမှ မပြောဘူး၊ ဟင်းချိုပန်းကန်ကို မွှေနှောက်ပြီး ကြက်သွန်မိတ် ဘယ်နှဖတ်ပါသလဲဆိုတာ ရေတွက်နေတော့တယ်၊ အာလူးကို မျက်လွှာပင့်ပြီးတောင် မကြည့်တော့ဘူး။

“ပြောပါဦး မေမိုင်ရယ်၊ ငါ့အပေါ် နင် ဘယ်လိုသဘောထားသလဲ ဆိုတာ”

“ငါ. . ငါ. . ဘာပြောရမှာလဲ အာလူးရယ်”

“ငါ့ကို နင့်ရင်ထဲမှာ လက်ခံနိုင်မလားဆိုတာပေါ့”



www.burmeseclassic.com

www.burmeseclassic.com



မေမိုင် တစ်ချက်မော့ကြည့်ပြီး အထိတ်တလန့်မေးတယ်၊ ပြီးတော့ ခေါင်းပြန်ငုံ့သွားရော၊ စကားမပြောတတ်တဲ့ အအတစ်ယောက်လို ဖြစ်နေတာ။

"ချက်ချင်း အဖြေပေးဖို့ ခက်ခဲမယ်ဆိုတာ ငါ သိပါတယ်၊ စဉ်းစားပေးမယ် ဆိုရင်ပဲ ငါ ပျော်မိမှာပါ"

မေမိုင် ထမင်းဆက်စားတယ်၊ ဟင်းချို ခပ်သောက်တယ်၊ တစ်သျှူးယူပြီး နှုတ်ခမ်းကိုသုတ်တယ်၊ မေမိုင် ဂနာမငြိမ် ဖြစ်နေသလို အာလူးလည်း ရင်ဘတ် ဟာစိဟာစိ ဖြစ်နေပြီ၊ အဲဒီအချိန်မှာ တင့်နိုင်သိန်း ပြန်လာတာကို လှမ်းမြင်လိုက်လို့. . .

"တစ်ခုခုပြောပါ မေမိုင်၊ ဟိုကောင် နှာဘူး ပြန်လာနေပြီ"

မေမိုင် မလုံမလဲနဲ့ လှည့်ကြည့်တယ်၊ နှာဘူး တကယ်ပြန်လာနေပြီ၊ အောင်မျိုးဦးကို ကြည့်ရတာလည်း စိတ်စောမှုတွေနဲ့ ညှိုးငယ်နေလို့ သနားချင်သလို ဖြစ်သွားတယ်၊ ဒါနဲ့ပဲ. . .

"ဟို. . ဟို. . နင် တကယ်ပြောတာလား၊ နောက်နေတာလား အာလူး"

"ဟာ မေးရက်တယ် မေမိုင်ရယ်၊ ဒါ နောက်စရာလား၊ ရင်ထဲက စကားအစစ်ပါ မေမိုင်ရာ ဘုရားစူးရပါစေရဲ့"

နှာဘူးရောက်လာဖို့ ခြေလှမ်းဆယ်လှမ်းစာလောက်ပဲ လိုတော့တာ။

"မေမိုင်"

"အင်း. . ဟို. . ဟို. . ငါ. . ငါ. . စဉ်းစားပေးပါ့မယ် အာလူးရယ်"

"ဟာ. . တကယ်. . တကယ်နော် မေမိုင်"





မေမိုင်က သူ့မူပိုင်အပြုံးနဲ့ ခေါင်းညိတ်ပြတယ်၊ ဘာမှ ရင်ခုန်စရာ မကောင်းဘဲနဲ့တောင် အာလူးရဲ့ နှလုံးသားရပ်ဝန်းက ရေခဲခေတ်ပြန်ရောက်သွားရော. . .

"ဟိတ် ဘာတွေ အတင်းပြောနေတာလဲ"

နှာဘူးက ရောက်ရောက်ချင်း ဆောက်နဲ့ထွင်းတယ်၊ မေမိုင်က နှာခေါင်း ပွစိပွစိလုပ် အနံ့ခံရင်း. . .

"ဟွန်း အနံ့စူးစူးတစ်ခုရတယ်၊ ဟုတ်တယ်. . နင် အရက်သောက်လာတာလား နှာဘူး"

"အရက်မဟုတ်ပါဘူးဟ ဘီယာပါ"

"ဘာထူးလို့လဲ အတူတူပဲဟာ"

"ဘယ်ကလာ တူရမှာလဲ၊ ဘီယာက တစ်ခွက်ခြောက်ရာ၊ အရက်က ခြောက်ရာဖိုးဆို ဘာစ်ပုလင်းလောက်ရတာတွေ အများကြီး"

နှာဘူးရဲ့ ဖြေရှင်းချက်ကို သဘောကျပြီး အာလူးရယ်မိတယ်၊ တော်ပါသေးရဲ့ မေမိုင့်ဆီက စဉ်းစားပါမယ်ဆိုတဲ့ ကတိရပြီးမှ နှာဘူး ပြန်ရောက်လာလို့၊ နှာဘူးက အေးစက်နေတဲ့ ထမင်းတွေကို အေးအေးဆေးဆေး စားနေတယ်၊ အာလူးကတော့ မေမိုင့်မျက်နှာပေါ်မှာ အချစ်နှပ်တြွင်းရဲ့ သဲလွန်စရှိမရှိ ရှာနေမိရဲ့။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၄)

“အဖေ. . အဖေ. . သားတို့ ဒီမှာ အဖေ”

“ကိုဦး”

(၂၀၁၁) အောက်တိုဘာ (၁၂)ရက် သီတင်းကျွတ်လပြည့်နေ့ မနက်ရှစ်နာရီမှာတော့ အာလူးတို့သားအမိ အဖေဖြစ်တဲ့ ဦးနောင်ဦးနဲ့ ပြန်လည်ဆုံစည်းခွင့် ရခဲ့ပါတယ်။ နှာဘူးနဲ့ မေမိုင်က တခြားနိုင်ငံရေး အကျဉ်းသားနှစ်ယောက်ကို တာဝန်ခွဲပြီး လိုက်ဖျူးနေကြတယ်။ အာလူး လက်က ကင်မရာက တဖျတ်ဖျတ်ပွင့်လို့. . .





ဒေါ်နွယ်နွယ်မိုးက အသင့်ဆောင်လာတဲ့ စံပယ်ပန်းကုံးတွေနဲ့ ခင်ပွန်းသည်ကို ဂုဏ်ပြုကြိုဆိုတယ်။ အဲဒီမြင်ကွင်းကို သားဖြစ်တဲ့ သတင်းထောက် အောင်မျိုးဦးက အမှတ်တရမှတ်တမ်းတင် ဓါတ်ပုံရိုက်တယ်၊ မိသားစုမျက်နှာတွေမှာ အပြုံးပန်းတွေဆင်လို့ ဦးနောင်ဦးက ဒေါ်နွယ်နွယ်မျိုးကို ဝမ်းသာအားရ ပွေ့ဖက်လိုက်ရဲ့၊ ဒေါ်နွယ်နွယ်မျိုး မျက်ဝန်းမှာ မျက်ရည်တွေ ယိုးလေးခိုလို့ ဒါကိုလည်း အာလူး အလွတ် မပေးဘူး၊ သူ့ကင်မရာက မီးတလက်လက်နဲ့. . .။

“ကိုဦး. . .”

“နွယ်နွယ် နေကောင်းရဲ့လား၊ ပိန်သွားတယ်”

ထောင်ထဲက ထွက်လာတဲ့သူက အပြင်ကလူကို နေကောင်းရဲ့လား မေးနေပုံက ကြည်နူးဆွတ်ပျံ့စရာပါပဲ၊ အာလူး သူ့အဖေနဲ့အမေကို ခဏလွှတ်ပေးထားလိုက်တယ်၊ ဒါပေမယ့် သူတို့ စကားမပြောနိုင်ကြဘူး၊ တစ်ယောက်လက် တစ်ယောက်ဆုပ်ကိုင်ရင်း အပြန်အလှန်စိုက်ကြည့်နေကြတာ၊ ဝမ်းသာလုံးဆို့တယ်ဆိုတာ ဒါမျိုးနေမှာပေါ့. . .။

ထိုက်သင့်သလောက် အချိန်ပေးပြီးတဲ့နောက်. . .

“အဖေ အထဲမှာ နေမခလို့လား၊ အသားတွေ လတ်လာတယ်”

“မနောက်ပါနဲ့ ဦးလေးရယ်”

ဦးနောင်ဦးရဲ့ တုံ့ပြန်စကားကြောင့် မိသားစုတွေ ရယ်ပွဲဖွဲ့မိကြရဲ့၊

“ငါ့သားတောင် လူကြီးတစ်ယောက် ဖြစ်နေပြီပဲ”

“ဒါတင်ကမလား ကိုဦးရဲ့၊ အခု သူက သတင်းထောက်. . . အဖေ့ကို လာကြိုတာမဟုတ်ဘူး ၊သတင်းလာယူတာ”

“ဟင်. . ဟုတ်လား၊ ဒါကြောင့် ကင်မရာ တကိုင်ကိုင်နဲ့ လတ်



www.burmeseclassic.com

www.burmeseclassic.com



စွမ်းပြနေတာပေါ့လေ”

“အဟ. . ဟုတ်တယ် ဖေဖေ၊ သားနဲ့အဖေအဖြစ် အိမ်ကျမှပဲ တွေ့ကြမယ်လေ၊ အခုတော့ အင်တာဗျူးလေး လုပ်လိုက်ရအောင်”

“ဟာ. . ဒီကောင် တကယ်လုပ်နေတာပါလား”

ဦးနောင်ဦးက သားဖြစ်တဲ့သူကို ချစ်စနိုးနဲ့ နားရင်းအုပ်လိုက်လေရဲ့၊ အာလူးက မရတော့ဘူး၊ အသံဖမ်းစက်ထုတ်ပြီး အသင့်ပြင်နေပြီမို့ ဦးနောင်ဦးလည်း ဣန္ဒြေဆည်လိုက်ရတယ်။

“ဦးနောင်ဦး အခုလို လွတ်လာတော့ ဘာဆက်လုပ်ဖို့ အစီအစဉ်တွေ ရှိပါသလဲ”

“လောလောဆယ်တော့ ကျမ်းမာရေးကောင်းအောင် လုပ်ရဦးမယ်၊ အပြင်က အခြေအနေတွေကိုလည်း တိတိကျကျသိအောင် လေ့လာရဦးမယ်၊ ပြီးရင်တော့ နိုင်ငံရေးပဲ လုပ်မှာပါ”







“ဟုတ်ကဲ့ အထဲမှာ ဘယ်လောက်နေခဲ့ရလဲ၊ ဘာမှုတွေနဲ့ ထောင်ဘယ်လောက် ကျခဲ့တာပါလဲ”

“အင်း. . (၉၁)ခုနှစ်ကစပြီး ထောင်ကျခဲ့တာ၊ အခုဆို လေးကြိမ်မြောက် ပြန်လွတ်တာပေါ့၊ အမှုတွေကတော့ စုံတယ်၊ နိုင်ငံတော်ဆန့်ကျင်မှု၊ အီလက်ထရွန်နစ် ဥပဒေ၊ လှုံ့ဆော်စာ ဖြန့်ဝေမှု၊ ဆန္ဒပြမှု အဲ. . နောက်ဆုံးကတော့ (၂၀၀၇)ရွှေဝါရောင် တော်လှန်ရေးပါ (၆၅)နှစ် ကျခဲ့ပါတယ်၊ (၅)နှစ် (၂)လနဲ့ (၃)ရက်နေပြီး လွတ်လာတာပါ”

“ဟုတ်ကဲ့ လွတ်မြောက်မှုအပေါ် ခံစားရတာနဲ့ ထောင်ထဲက အတွေ့အကြုံလေး သိပါရစေ”

“ဒီလောက် မြန်မြန်လွတ်မယ်လို့ မထင်ခဲ့ဘူး၊ ပါမယ်လို့လည်း မမျှော်မိဘူး၊ နှစ်ခြောက်ဆယ်လောက် ကျန်သေးတာလေ၊ ခံစားမှုကို ပြောရရင်၊ ချုပ်နှောင်ခံထားရတာကို သဘောကျတဲ့သူ ဝမ်းသာမဲ့သူတော့ ရှိမယ်မထင်ပါဘူး၊ ထောင်အတွေ့အကြုံ ပြောရမယ်ဆိုရင်တော့ နှစ်ထောင့်ကိုးလောက်ကစပြီး အတော်ပြောင်းလဲသွားပါတယ်၊ ကျန်းမာရေးကအစ စားသောက်နေထိုင်ရေးအားလုံး အဆင့်မြှင့်ပေးတယ်၊ လိုအပ်ချက်တွေ ရှိတုန်းပဲဆိုပေမယ့် အဆင်ပြေပါတယ်”

“ကျန်းမာရေး အခြေအနေကော ဘယ်လိုနေပါလဲ”

“ရင်ကျပ်ရောဂါ ရှိပါတယ်၊ ထောင်ထဲမှာ ဆေးကုခွင့်တော့ရတယ်၊ ဒါပေမယ့် အနာနဲ့ဆေး မတွေ့သလိုပဲ”

“လွတ်ငြိမ်းချမ်းသာခွင့် ပေးတဲ့အပေါ် ဘယ်လိုမြင်ပါသလဲ”

“ကောင်းတာလုပ်တာကို ကောင်းတယ်လို့ပဲ မြင်တယ်၊ အခု လွှတ်တာ ဒုတိယအကြိမ်ပေါ့နော်၊ ကိုယ် သိသလောက် ဒီနေ့ ယုံကြည်ချက်အကျဉ်းသား ငါးယောက်ပဲပါတယ်၊ အထဲမှာ ကိုမင်းကိုနိုင်တို့လို



www.burmeseclassic.com

www.burmeseclassic.com



နာမည်ကြီး အကျဉ်းသားတွေ ကျန်နေပါသေးတယ်၊ လက်နက်ကိုင်ပုန်ကန်တဲ့ အဖွဲ့တွေနဲ့တောင် မျက်နှာချင်းဆိုင် ဆွေးနွေးနေကြတာပဲ၊ အားလုံးကို လွှတ်ပေးသင့်တာပေါ့"

"ဟုတ်ကဲ့ပါ ဦးနောင်ဦး၊ ဘယ်ကိုပြန်ရမှာပါလဲ၊ ဘယ်သူတွေလာကြိုကြလဲ"

"ရန်ကုန်ကို ပြန်မှာပါ၊ ဇနီးနဲ့သား လာကြိုပါတယ်"

"ဟုတ်ကဲ့ ခုလို ဖြေကြားပေးတာ ကျေးဇူးတင်ပါတယ်"

အာလူး အသံဖမ်းစက်ကို ပိတ်ပြီး ဘေးလွယ်အိတ်ထဲထည့်တာ သူ့အဖေကို စူးစူးစိုက်စိုက် ကြည့်လိုက်တယ်၊ ဦးနောင်ဦး မျက်ဝန်းမှာ သားအပေါ် ယုံကြည်စိတ်ချမှုတွေအပြည့်နဲ့. . .

"ဖေဖေ. . ဒီမိုကရေစီ နိုင်ငံသစ်ကြီးက ဖေဖေ့ကို ဝမ်းမြောက်ဝမ်းသာ ကြိုဆိုပါတယ်၊ အနာဂတ်အတွက် အားတင်းထားပါနော်"

"ကောင်းပါပြီ သားရယ်"

ဦးနောင်ဦးနဲ့ ဒေါ်နွယ်နွယ်မျိုးတို့က အခြားလွတ်မြောက်သူမိသားစုတွေနဲ့အတူ ထောင်အာဏာပိုင်တွေ စီစဉ်ပေးတဲ့ကားတွေနဲ့ အရင်ပြန်ကြရမှာ၊ အာလူးက အဖေနဲ့ အမေကို ကားပေါ်လိုက်ပို့ရင်း. .

"သား အလုပ်တွေ မပြီးသေးဘူး ဖေဖေ၊ ပြီးရင်လည်း သတင်းပို့ရမှာနဲ့ တိုက်ကိုတိုက်ရိုက်ပြန်ရမှာ မနက်ဖြန်ထွက်မယ့် ဂျာနယ်မှာ ဒီသတင်းတွေပါဖို့ အလုပ်ကအများကြီးရယ်၊ ညပြန် အိပ်နိုင်မယ် မထင်ဘူး"

"ဟေ. . . အေးပေါ့၊ ဘယ်တတ်နိုင်မလဲ၊ တာဝန်ရှိနေတာကိုး"

"ဖေဖေနဲ့ မေမေတို့အတွက် သား တမင်ရှောင်ပေးတာ မဟုတ်





ဘူးနော်၊ တကယ်အလုပ်များနေတာ"

"ဟာ. . ဒီကောင်တော့လား"

အာလူးအပြောကြောင့် ဒေါ်နွယ်နွယ်မျိုးမျက်နှာ ရဲသွားတယ်။ ဦးနိုင်ဦးလည်း ရှက်ရမ်းရမ်းပြီး အာလူးကို နားရင်းအုပ်သေးတယ်။ အာလူးက တခွတာလုပ်ပြီး လစ်ပြီ။

၅ ၅ ၅ ၅



www.burmeseclassic.com

www.burmeseclassic.com



အာဖေနဲ့အမေ ပြန်သွားပြီးတဲ့နောက် ကျန်တဲ့လူတွေဆီ အပြေးအလွှားသွားပြီး ဓါတ်ပုံရိုက်သတင်းယူရတယ်။ သရက်ထောင်က လွတ်လာတဲ့သူတွေထဲမှာ လူစိတ်အဝင်စားဆုံး အကျဉ်းသားက ကိုမင်းကိုနိုင်နဲ့ ကိုနောင်ဦးပဲ. . .

ကိုမင်းကိုနိုင်ရဲ့ အပြန်ခရီးကိုသူတို့အားလုံး တောက်လျှောက်လိုက်ပြီး သတင်းယူတယ်။ တစ်မြို့ဝင်တစ်မြို့ထွက်နဲ့ပဲ ပြန်ခဲ့ကြတယ်။ သူတို့အားလုံးရဲ့ နောက်ဆုံးနေရာက ရန်ကုန်၊ မြောက်ဥက္ကလာပ၊ မယ်လမုဘုရားပဲ။ လမ်းတစ်လျှောက်လုံး ကြိုဆိုတဲ့ပြည်သူတွေကလည်း အုန်းအုန်းထလို့။ ကိုမင်းကိုနိုင်လည်း ပြောရ၊ ဟောရလွန်းလို့ အသံတောင်မထွက်တော့ဘူး၊ မြောက်ဥက္ကလာပရိတ်သတ်ကို နှုတ်ဆက်စကားပြောပြီးတော့ အချိန်ကမနည်းတော့ဘူး. . . အာလူးတို့လည်း ပြိုင်းနေကြလို့ ဒီသတင်းခရီးစဉ်ကို အဆုံးသတ်လိုက်ကြတယ်။

အောင်မျိုးဦးက အာခြောက်သွားတဲ့ဟန်ပန်နဲ့ ဘီယာကို





မော့ငတ်ရေချသောက်ပစ်လိုက်တယ်။ အထင်ကြီးအားကျသလို ငေးမောနေတဲ့ ဂျူနီယာလေးတွေကို မျက်လုံးမှေးပြီးကြည့်ရင်း. . .

"သတင်းသမားဆိုတာ ဆန္ဒကိုရှေ့တန်းတင်လို့မရဘူး၊ ဘက်လိုက်ရဘူး ဒွိဟမဖြစ်ရဘူး၊ အစွန်းတရား လွတ်ရမယ် သတင်းမှန်ကိုပဲပေးရမယ်. . "

"ဟုတ်ကဲ့ပါ အစ်ကို"

"ဒါတွေကို အမြဲလိုက်နာခဲ့လို့ အစ်ကိုအကောင်းဆုံးဆုရခဲ့တာလေ. . ."

"အခုနောက်ပိုင်းမှာ ပုဂ္ဂလိကနေ့စဉ်သတင်းစာတွေပါ ထုတ်တော့မှာဆိုတော့ သတင်းအရင်းအမြစ်တွေက တအားလိုလာပြီလေ၊ သတင်းမရလို့ အတင်းတွေရေးပြီး အတင်းစာမဖြစ်ဖို့လည်း အရေးကြီးတယ်. . ."

"ဟုတ်ကဲ့ မှတ်ထားပါ့မယ်အစ်ကို"

အဲဒီညနေက ဆရာကောင်းဖြစ်သွားတဲ့ အာလူးတစ်ယောက် ဘီယာသောက်ပြီး တော်ကီပွားလိုက်တာ မိုးစုပ်စုပ်ချုပ်ရော တကယ်တော့ အာလူးဆုရခဲ့တာက ပြည်သူစိတ်ဝင်စားတဲ့ သတင်းဇာတ်ကောင် (မင်းကိုနိုင်)ရဲ့ တော်တည့်မှန်ကန်တဲ့စိတ်ဓာတ်ကြောင့်ဆိုလည်း မမှားပါဘူး။ မရှယ်ဘဲ စော်ကဲမင်းဖြစ်တာမျိုးမဟုတ်ပေမဲ့ အခြေအနေနဲ့ ဒီရိုယပေါင်းစပ်ပြီး ကောင်းမြတ်တဲ့ဆုလာဘ်ကို ရခဲ့တာပေါ့. . .။

အိမ်ပြန်ရောက်တော့လည်း ဖေဖေက သူ့ရဲ့ပထမဆုံးလက်ရာ 'နောက်ကြည့်မှန်မှာ ပေါ်တဲ့အရိပ်'ဆိုတဲ့ ထောင်အတွေ့အကြုံ နိုင်ငံရေးအတွေးအမြင်စာအုပ်ကို ကြည့်ပြီး ပီတိတွေဖြစ်နေတာတွေ့ရတယ်။

"ဟာ ဖေဖေ့စာအုပ်ထွက်ပြီလား"



www.burmeseclassic.com

www.burmeseclassic.com



“ဆိုပါတော့ မနက်ဖြန် ထရိတ်ဒါးမှာ စာအုပ်မိတ်ဆက်ပွဲနဲ့ အတွေ့အကြုံရှင်းလင်းပွဲလုပ်မယ်လေ လက်မှတ်ထိုးပေးတဲ့ စာအုပ်စာတမ်း ရောင်းချပွဲရောပေါ့”

“သိပ်ကောင်းတာပေါ့ဖေဖေရာ သားလည်းသတင်းယူဖို့ လာခဲ့မယ်”

“အေး. . . အေး”

အဖေရဲ့ဖြတ်သန်းမှုအတွေ့အကြုံကို ဘဝနဲ့ရင်းပြီး သွန်းချထားတဲ့ စာအုပ်လေးကို အထင်တကြီး ကောက်ယူကြည့်လိုက်တယ်။ အမေလည်း လက်ဆောင်လာပို့သွားတဲ့ စာအုပ်တွေကို ကြည့်ပြီး ကြည်နူးပီတိတွေနဲ့ မျက်ရည်ဝိုင်းနေရဲ့. . .

“စာအုပ်က ထောင်တွင်းအတွေ့အကြုံဆိုတော့ (၈၈)ကစပြီး အဖေ့သမိုင်းရယ် အမေနဲ့ဘယ်လိုဆုံခဲ့တယ်ဆိုတာရယ် သားကို ပြောပြပါလား”

ဖေဖေ မျက်နှာကြက်ကို မော့ကြည့်တယ် ပြီးတော့ မေမေ့ကို ကြည့်တယ်၊ နောက်ဆုံးမှာ သက်ပြင်းရှိုက်လိုက်ပြီး. . .

“အဲဒီအကြောင်းတွေ ပြန်စဉ်းစားမိရင် မိသားစုအပေါ် တာဝန်မကျေခဲ့တဲ့ အဖေ့ကိုယ်အဖေ ရှက်မိပါတယ် သားရယ်”

“ဘာမှ ရှက်စရာမလိုပါဘူး အဖေ၊ ဒါ စနစ်ကြောင့်ဖြစ်တဲ့ ဘေးထွက်ဆိုးကျိုးတွေပါ. . . အဖေတာဝန်မကျေတာမှ မဟုတ်ဘဲ”

“ဟုတ်သားပဲကိုဦး၊ ဒါတွေပဲ ပြန်တွေးပြီး စိတ်မကောင်းဖြစ်မနေပါနဲ့၊ နွယ်ကလည်း ကိုဦးအကြောင်း သိသိကြီးနဲ့ လက်ထပ်ခဲ့တဲ့ဟာ. . .”

“အခုလို အားပေးဖော်ရတာ သိပ်ကိုကျေးဇူးတင်မိပါတယ်။





အင်း (၈၈)ဆိုတဲ့ ဂဏန်းအပူးလေးလုံးက အဖေ့ဘဝကို ထုဆစ်ပုံဖော်ခဲ့သလို မြန်မာ့သမိုင်းမှာလည်း တစ်ဆစ်ချိုး မော်ကွန်းစိုက်ထူခဲ့တဲ့ အခန်းတွေပေါ့. . .”

ဖေဖေ့မျက်နှာမှာ အတိတ်ကိုလွမ်းမောတသ သတိရခြင်းတွေနဲ့ ရီဝေမှုန်မှိုင်းလို့သွားပါတော့တယ်။

၄ ၄ ၄ ၄



www.burmeseclassic.com

www.burmeseclassic.com



"တို့အရေး . . တို့အရေး . .
ဒီမိုကရေစီ ရရှိရေး တို့အရေး . .
တစ်ပါတီ အာဏာရှင်စံနစ် အလိုမရှိ . . အလိုမရှိ . . ။
နေဝင်းအစိုးရ ဖြုတ်ချကြ . . ဖြုတ်ချကြ . . "

ကြွေးကြော်တောင်းဆိုသံတွေက ဘဝင်ညံနေသလို ဆန္ဒပြပြည်သူတွေကလည်း လှုပင်လယ်ကြီးလို လမ်းမပေါ်မှာ စီးမျောလာတယ်၊ အချိန်က (၁၉၈၈)ခုနှစ် ဩဂုတ်လ ရှစ်ရက်၊ ရှစ်လေးလုံး နေ့ထူးနေ့မြတ်ကြီး စခဲ့တဲ့ အစိုးရဆန့်ကျင်ဆန္ဒပြပွဲတွေဟာ အရှိန်အဟုန်ကောင်းနေဆဲပါပဲ။

"သပိတ် . . သပိတ် မှောက် . . မှောက်
ဒီမိုကရေစီ ရရှိရေး တို့အရေး . . . တို့အရေး
မ. ဆ. လ ပါတီ ပြုတ်ကျရေး တို့အရေး . . တို့အရေး
အရေးတော်ပုံ အောင်ရမည် . . အောင်ရမည်"





အထွေထွေမကျေနပ်မှုကြီးက ပေါ်ပေါက်လာတဲ့ ကြွေးကြော်သံတွေက ကြမ်းတမ်းပေမယ့် တကယ့်ရင်တွင်းဖြစ် စကားလုံးတွေပဲဖြစ်တယ်။ ဒီအရေးအခင်းကြီး အစပျိုးလာရတာက (၅. ၉. ၈၇) နေ့လယ် ဆယ့်တစ်နာရီသတင်းကြောင့် ဆိုရင်လည်း မမှားဘူး။ အဲဒီသတင်းမှာ (မ. ဆ. လ)အစိုးရက ခုနစ်ဆယ့်ငါးကျပ်၊ သုံးဆယ့်ငါးကျပ်နဲ့ နှစ်ဆယ့်ငါးကျပ်တန် ငွေစက္ကူတွေကို တရားမဝင်ကြောင်း ကြေညာခဲ့တယ်။

ခေတ်ပျက်သူဌေး၊ မှောင်ခိုးသူဌေးနဲ့ ဆိုက်ကားသမား ပဲပြုတ်သည်ပါမကျန် နာလန်မထူနိုင်အောင် ထိခိုက်နစ်နာသွားခဲ့ရတယ်လေ။ သတ်ထဲရှိတဲ့ ပိုက်ဆံရဲ့ ခုနစ်ဆယ်ရာနှုန်းလောက် အလကားဖြစ်သွားတော့ တစ်တိုင်းပြည်လုံး ဆင်းရဲမွဲတေသွားခဲ့ရတယ်။ ဒါက ရှစ်လေးလုံး ထမ်းပိုးကြီးနားကို ပထမဆုံး လွှင့်စင်လာတဲ့ မီးပွားတစ်စပါ။

အဲဒီ ရှစ်ဆယ့်ခွန် ကိုးလပိုင်းမှာပဲ လေးဆယ့်ငါးကျပ်တန်နဲ့ ကိုးဆယ်ကျပ်တန် ငွေစက္ကူအသစ်တွေ စပြီး ထုတ်ဝေခဲ့ပြန်ရော၊ တိုင်းပြည်တွင် မငြိမ်မသက်ဖြစ်ပြီး ဟိုနားဒီနားတွေမှာ ဆန္ဒပြမှုတွေ စဖြစ်လာခဲ့တာ၊ ထောင့်ကိုးရာရှစ်ဆယ့်ခုနစ် လက်ကျန်ကာလတွေကို တစ်ပြည်လုံး မကျေမလည်နဲ့ ဖြတ်ကျော်လာခဲ့ပြီး ထောင့်ကိုးရာရှစ်ဆယ့်ရှစ်ခုနှစ် မတ်လဆယ့်နှစ်ရက်နေ့မှာတော့ ရန်ကုန်စက်မှုတက္ကသိုလ်ကျောင်းသားတွေနဲ့ ကြို့ကုန်းရပ်ကွက်က လူငယ်တွေ စန္ဒာဝင်း လက်ဖက်ရည်ဆိုင်မှာ ရန်ဖြစ်တယ်။

တစ်ဖက် လေးငါးယောက်နဲ့ စခဲ့တဲ့ရန်ပွဲဟာ နောက်ပိုင်းမှာ စက်မှုကျောင်းသားအားလုံးနဲ့ ရပ်ကွက်လူထုအထိ ကူးစက်ပြီး အစိုးရဆန့်ကျင်ရေး အသွင်အထိ အရှိန်တက်လာခဲ့ပါတယ်။ (၁၃. ၃. ၈၈) မှာ ဆူပူမှုတို လုံထိန်းတွေက ပစ်ခတ်ဖြိုခွဲခဲ့လို့ စက်မှုတက္ကသိုလ်ကျောင်းသား ဖုန်း

www.burmeseclassic.com



မော် သေဆုံးပြီး အများအပြား ဒဏ်ရာရခဲ့တာက နောက်ထပ် မီးပွား တစ်စပဲပေါ့။

(၁၅. ၃. ၈၈)မှာ အာဇာနည် ကိုဘုန်းမော်ရဲ့ ဈာပန ပို့ကြရင်း ဆန္ဒပြမှုတွေ ထပ်ဖြစ်လာတယ်၊ နောက်နေ့မှာ ဗိုလ်ချုပ်စိန်လွင် ဦး ဆောင်ပြီး အကြမ်းဖက်ဖြေရှင်းလို့ တံတားနီအရေးအခင်းဆိုပြီး နာမည် တွင်သွားတယ်။ ဆန္ဒပြမှုတွေက ရပ်မသွားတဲ့အပြင် ရန်ကုန်တစ်မြို့လုံး ကို ကူးစက်သွားခဲ့တယ်လေ။ ဆယ့်ရှစ်ရက်နေ့မှာ ဆန္ဒပြ လူအုပ်ကို မျက်ရည်ယိုဗုံးသုံးပြီး ဖြိုခွင်းတယ်၊ တွေ့သမျှလူကို အချုပ်ကားထဲ အ တင်းထိုးသိပ်ထည့်ရာက အသက်ရှူကျပ်ပြီး လူ လေးဆယ်လောက် သေဆုံးခဲ့ရတယ်။

ဒီကြားထဲမှာ နေထိုင်မကောင်းဖြစ်နေတဲ့ ဗိုလ်ချုပ်ကတော် ဒေါ်ခင်ကြည်ကို ပြုစုဖို့ ဗိုလ်ချုပ်သမီး ဒေါ်အောင်ဆန်းစုကြည် ရန်ကုန် ကို ရောက်လာပါတယ်။ ဗိုလ်မှူးချုပ်ဟောင်းအောင်ကြီးရဲ့ စာမျက်နှာ (၄၀)ပါ အိတ်ဖွင့်ပေးစာကလည်း ပြည်သူတွေကြားကို ပျံ့နှံ့သွားခဲ့ တယ်။ ကျောင်းသားထုကြီးကလည်း ရန်ကုန်တက္ကသိုလ်ဝင်းထဲမှာ တပ်စွဲစုရုံးပြီး တရားပွဲတွေ မြိမ့်မြိမ့်သဲ ကျင်းပလာကြတယ်။

ကျောင်းသားတွေက ကျောင်းသားသမဂ္ဂဖွဲ့စည်းဖို့၊ ကျောင်း တွေ ပြန်ဖွင့်ပေးဖို့၊ အရေးအခင်းမှာ သေဆုံးရတဲ့ ကျောင်းသားစာရင်း အတိအကျ ထုတ်ပြန်ပေးဖို့ တောင်းဆိုလာကြတယ်၊ (၁၄. ၆. ၈၈) တောင်ငူဆောင်ရှေ့မှာ ကျောင်းသားခေါင်းဆောင် မောင်မောင်ကျော် မိန့်ခွန်းပြော တရားဟောခဲ့တယ်၊ ကျောင်းသားနဲ့ လူထုပရိသတ်က တစ်ခဲနက် ထောက်ခံအားပေးကြတယ်၊ အဲဒီ ကျောင်းသားတွေ့ဆုံပွဲမှာ တက္ကသိုလ်ကျောင်းသား ကိုနောင်ဦးနဲ့ မနွယ်နွယ်မျိုးတို့ စဆုံခဲ့တာ။





"ဒီမှာတွေ့နေကာ သုံးလေးရက်ရှိပြီ၊ ဘယ်မေဂျာကလဲ"

"ကျွန်မ ရုက္ခဗေဒ တတိယနှစ်က နွယ်နွယ်မျိုးပါ"

"ဟုတ်ကဲ့ တွေ့ရတာ ဝမ်းသာပါတယ်၊ ကျွန်တော် မြန်မာစာ နောက်ဆုံးနှစ်က နောင်ဦးပါ၊ တက်ကြွတဲ့ ကျောင်းသူတစ်ယောက်နဲ့ ဆုံခွင့်ရတာ ဂုဏ်ယူပါတယ်ဗျာ"

"ဒီပွဲမှာ ကျွန်မတို့ နိုင်ပါ့မလား ကိုနိုင်ဦး"

"သိပ်တော့မလွယ်ဘူး မနွယ်နွယ်၊ သေနတ်ပြောင်းဝက ထွက် တဲ့အာဏာအောက်မှာ ဘာမဆို ဖြစ်သွားနိုင်တယ်"

"ဟိုနေ့က ကိုမောင်မောင်ကျော် ဟောပြောတာ ကောင်းတယ် နော်၊ နားထောင်ရတာ ကြက်သီးတောင်ထတယ်"

"အနှစ်နှစ်အလလက ရင်ထဲမှာ သိမ်းထားရတဲ့ စကားတွေ လေ၊ ဦးနေဝင်းရဲ့ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ကြောင့် ကမ္ဘာ့အဆင်းရဲ ဆုံး နိုင်ငံစာရင်းထဲ မြန်မာပါသွားတာ ဘယ်လောက်ရင်နာဖို့ကောင်း လဲ"

"ဟုတ်တယ် ဒီလောက် သယံဇာတ ပေါကြွယ်ဝတဲ့ နိုင်ငံဟာ (L.D.C)နိုင်ငံ ဖြစ်သွားတယ်ဆိုတာ ယုံတောင်မယုံနိုင်ဘူး"

"(၂၆)နှစ်လုံး တံခါးပိတ်ဝါဒ သုံးခဲ့တဲ့ ကျေးဇူးတွေလေ"

အဲဒီအချိန်မှာ ကမာရွတ်လှည်းတန်းအနီးတစ်ဝိုက် ရပ်ကွက် တွေက လူထုပေးပို့လိုက်တဲ့ ထမင်းထုပ်တွေ၊ တောင်းကြီးတောင်းငယ် တွေနဲ့ ရောက်လာတယ်၊ စီမံခန့်ခွဲရေးအဖွဲ့က လက်ခံပြီး ကျောင်းဝင်း ထဲက ဒီမိုကရေစီဘက်တော်သားတွေကို ချက်ချင်းပဲ ဝေပေးပါတယ်၊ ကျောင်းသားတွေလည်း စည်းကမ်းတကျ တန်းစီပြီး ကိုယ့်အရည်တိုင် စောင့်ကြတယ်။



www.burmeseclassic.com

www.burmeseclassic.com



"ဟေ့. . တို့က ကျောင်းသားတွေလား၊ မီးဘေးဒုက္ခသည်တွေလား"

ခပ်နောက်နောက် ကျောင်းသားတစ်ယောက်ရဲ့ အော်ဟစ်သံကြောင့် ရယ်သံတွေ ကျယ်ကျယ်လောင်လောင် ထွက်လာရဲ့။

"ထမင်းထုပ် စားနေရပေမယ့် ကျွန်တော်တို့က ကိုထွန်းရွှေရဲ့ အမျိုးသားတက္ကသိုလ် ကျောင်းသားတွေပါ၊ ကိုထွန်းရွှေ သီချင်းထဲမှာပါသလို အင်မတန်ဆိုးဝါးလှတဲ့ မီးဘေးကြောင့် ထမင်းထုပ်စားရတာ မဟုတ်ဘူး၊ မီးဘေးထက်ဆိုးတဲ့ မင်းဘေးသင့်လို့ ပြည်သူတွေရဲ့ မေတ္တာထမင်းထုပ်ကို စားနေရတာပါ"

နောင်ဦးရဲ့ ရှည်ရှည်ဝေးဝေး ရှင်းပြမှု အပြီးမှာ တခဲနက် အားပေးထောက်ခံသံတွေ ထွက်လာပါတယ်။

"ဟေး. . ဟေး. . ဟေး. . ဟုတ်တယ် မှန်တယ်၊ မင်းဘေးသင့် မေတ္တာထမင်းထုပ်ဟေ့"

"မင်းဘေးသင့် မေတ္တာထမင်းထုပ်. . မင်းဘေးသင့် မေတ္တာထမင်းထုပ်"

ထိထိမိမိ စကားလုံးတွေနဲ့ အကွက်ကျကျပြောလိုက်တဲ့ နောင်ဦးကို နွယ်နွယ်မျိုး အထင်တကြီး မော့ကြည့်လိုက်တယ်။ အဲဒီမျက်လုံးရွဲကြီးက နောင်ဦးရင်ထဲ ဝင်သွားတော့တာ၊ နောင်ဦးနဲ့ နွယ်နွယ်တို့ ထမင်းထုပ်ကိုယ်စီနဲ့ အရိပ်ကောင်းတဲ့ အပင်အောက်မှာထိုင်ရင်း ထမင်းလက်ဆုံ စားဖြစ်ခဲ့ကြတယ်။

"ဒါနဲ့ နွယ်နွယ်၊ ဆိုရှယ်လစ်ပုံပြင်တွေ၊ ဂေါ်ဇီလာပုံပြင်တွေ ကြားဖူးလား"

"ဟင့်အင်း မကြားဖူးဘူး ကိုနောင်ဦး"





"ဆိုရှယ်လစ်ခေတ်မှာ သမဆိုင်က ပစ္စည်းခွဲတန်းချတာကို လှောင်တဲ့ပုံပြင်လေးပေါ့၊ တစ်နေ့မှာ လူတစ်ယောက်က ရေနံဆီ တစ်အိမ်ထောင် တစ်ပုလင်းပေးမယ်ဆိုလို့ သမဆိုင်မှာ ဆီစာအုပ်ထပ်ပြီး တန်းစီနေသတဲ့၊ တစ်နေကုန် တန်းစီပြီးမှ ရေနံဆီတစ်ပုလင်း မပြည့်တပြည့်လေးရလာလို့ အားရဝမ်းသာနဲ့ အိမ်ကိုပြန်လာခဲ့တယ်၊ အိမ်ပြန်ရောက်တော့ သူ့မိန်းမ တခြားယောက်ျားနဲ့ ဖောက်ပြန်နေတာကို ပက်ပင်းမိရောတဲ့"

"ဒါနဲ့ ဒေါပွပြီး နှစ်ယောက်လုံး သတ်ပစ်လိုက်ရောလား"

"ဘယ်က သတ်ရမှာလဲ နွယ်နွယ်ရယ်၊ အဲဒီလူက သူ့မိန်းမရဲ့ သင်ငယ်ကို ကရုဏာသက်သလိုကြည့်ပြီး ဟေ့လူ သမဆိုင်မှာ ရေနံဆီ ဆေးနေတယ်လေ၊ ဘာမဟုတ်တဲ့ ကိစ္စအတွက်နဲ့ ဒီမှာလာ အချိန်ဖြုန်းနေရလား၊ သွား. . သွား. . တော်ကြာ ကုန်သွားဦးမယ်လို့ ပြောတာ"

"ဟင်. . အဲလိုလား၊ အဟင်း. . ရင်နာစရာ ကောင်းလွန်းတဲ့ အဖြစ်မှန်တွေကို ထင်ဟပ်ပေါ်လွင်စေတာမို့ ရယ်တောင် မရယ်နိုင်ပါဘူး ကိုနောင်ဦးရယ်"

"ဟုတ်တယ် နွယ်နွယ်၊ ဂေါ်ဇီလာကော နားထောင်ဦးမလား"

"အင်း. . ."

"အမေရိကန်မှာ ဂေါ်ဇီလာကြီး သောင်းကျန်းနေလို့ စစ်တပ်က လက်နက်ဆန်းတွေနဲ့ ပစ်ခတ်နှိမ်နင်းပေမယ့် ဘယ်လိုမှ မနိုင်ဘူးတဲ့၊ ဒါနဲ့ သမ္မတက ဂေါ်ဇီလာကြီးကို လှမ်းအော်ပြောတာပေါ့၊ ဟေ့ကောင် ငါတွေကို သန်းချီသတ်ခဲ့တဲ့ ဟစ်တလာကို မင်းဆီလွှတ်လိုက်ရမလားပေါ့၊ ဒီတော့ ဂေါ်ဇီလာကြီးက မကြောက်ဘူးဆိုတဲ့သဘောနဲ့ တဟားဟား အော်ပြီး ရယ်တယ်တဲ့"



www.burmeseclassic.com

“အင်း ကြုံကြုံဖန်ဖန် ကိုနောင်ဦးရယ်”

“ပုံပြင်ပါဆို နွယ်နွယ်ကလည်း ဒါနဲ့ သမ္မတကြီးက ဟစ်တလာ ထက်ရက်စက်တဲ့ ကိုယ့်ပြည်သူတွေကို သန်းနဲ့ချီ သတ်ဖြတ်ရဲတဲ့ ခမာနီ ခေါင်းဆောင်တွေကို လွှတ်လိုက်ရမလားလို့ မေးမြန်းရောတဲ့”

“ဂေါ်ဇီလာ ကြောက်လောက်တယ်နော်”

“ဒါတောင် မကြောက်ဘူးတဲ့ နွယ်နွယ်ရဲ့၊ မကြောက်လို့ ရယ်တာများ . . ဂေါ်ဇီလာ မျက်ရည်တောင် ထွက်သတဲ့”

“အဟင်း . . ဟင်း . . ဟင်း”

“ဒါနဲ့ သမ္မတကြီးလည်း ကြံရာမရဖြစ်ပြီး ခေါင်းကုတ်စဉ်းစား ရင်း နောက်ဆုံးအနေနဲ့ ခြိမ်းခြောက်ကြည့်လိုက်သတဲ့၊ ဟော့ကောင် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ ဥက္ကဋ္ဌကြီး လွှတ်လိုက်ရမလားလို့ မေး လိုက်ရောတဲ့ . . .”

နွယ်နွယ်မျိုး စိတ်ဝင်စားလို့ မျက်ဝန်းတွေ အရောင်လက် လာတယ်။

“အဲဒီတော့မှ ဂေါ်ဇီလာကြီး မျက်စိမျက်နှာပျက်ပြီး အမြီး ကုပ်လို့ တစ်ချိုးတည်း ထွက်ပြေးသွားတာတဲ့ နွယ်နွယ်ရဲ့”

နွယ်နွယ်မျိုး သဘောကျသွားလို့ တခစ်ခစ်နဲ့ရယ်တယ်၊ နောင် ဦးတော့ မရယ်နိုင်ဘူး၊ အပြစ်ကင်းကင်း ရှင်းရှင်းသန့်သန့် ရယ်နေတဲ့ နွယ်နွယ်ရဲ့ လှတစ်မျက်နှာလေးကိုပဲ တစိမ့်စိမ့်ကြည့်ရင်း ဖီးလ်တက်နေ တာ၊ အဲဒီအချိန်က ခေတ်စားနေတဲ့ စိုင်းထီးဆိုင်ရဲ့ မောင့်လပြည့်ဝန်း သီချင်းသံစဉ်တွေက သူ့နားထဲမှာ လျှံလို့။

အဲဒီနေ့က နွယ်နွယ်မျိုးကို အိမ်ပြန်ပို့ပေးခွင့်ရခဲ့တယ်၊ ခင်မင် ရင်နှီးမှုတွေလည်း ပိုပြီးဖြစ်ထွန်းလာတာပေါ့၊ နောက်ရက်တွေ ကျောင်း





မှာ ဆုံဖို့ပါ ချိန်းခဲ့ကြတယ်လေ၊ ကျောင်းသားအရေး၊ နိုင်ငံ့အရေးအပြင် အချစ်ရေးပါ ဆုံသွားလို့ နောင်ဦး အရမ်းကို တက်ကြွနေရော၊ ဆယ့် ငါးရက်နေ့မှာ နွယ်နွယ်က ထမင်းဘူးနဲ့ကိုလာတာ၊ မိုးသီးဇွန်တို့ မင်းကို နိုင်တို့ ဟောတာပြောတာတွေ နောင်ဦးနဲ့အတူ နားထောင်ရင်း နွယ်နွယ် ယူလာတဲ့ ထမင်းဘူးကို မျှစားရတဲ့ အရသာက နောင်ဦးရင်ထဲက အချစ်စိတ်ကို ပိုပြီးခိုင်မာသွားစေတယ်လေ။

တက္ကသိုလ်ကျောင်းဝင်းထဲမှာကလည်း လူတွေက အမျိုးမျိုး ရယ်၊ ကျောင်းသားတွေနဲ့ လူထုပါသလို အစိုးရသတင်းပေးတွေလည်း ရှိတယ်၊ ဒီကြားထဲ ဟေးလားဝါးလားနဲ့ ရောယောင်ရှိ လာလုပ်တဲ့သူတွေ ရှားသလို၊ ဝေ်ပြုတ်လို့ ဘာပဲစားရစားရဆိုတဲ့ မျှော်လင့်ချက်နဲ့ လာတဲ့ သူတွေလည်းရှိတယ်၊ အုတ်ရောရော ကျောက်ရောရောပေါ့၊ ကိုယ့် အုပ်စုနဲ့ကိုယ် ထင်ရာမြင်ရာတွေ ပြောနေကြတာ။

“ဟေ့ . . . ဒီမှာရှိတဲ့ လူတွေအတွက် သမဆိုင်က ပစ္စည်းအ ကောင်းစားတွေ ခွဲတမ်းချပေးမယ်တဲ့၊ ခုနက မော်ကွန်းထိန်းရုံးခန်းကို နင်းဝင်လာတယ်”

“ဟုတ်လား၊ ပစ္စည်းအကောင်းစားဆို မာတ်ဘူး၊ ဒူးယားစီးက ရက်နဲ့ အားဆေးဖြစ်မှာပေါ့”

“မဟုတ်ဘူးကွ၊ (က. စ. လ)ထုတ် ပစ္စည်းတဲ့”

“ဘာလဲ မာဇဒါဂျစ်လား၊ လေးဘီးကားလား”

“မဟုတ်ဘူးဟေ့၊ (က. စ, လ)ထုတ် အကောင်းစား ဂျီသရီး ကျည်ဆံတွေ”

“ဟား . . ဟား . . ဟား . . ဟား . .”

“အဲဒါ ဖြစ်နိုင်တယ်ကွ၊ ဟိုတစ်နေ့ကပဲ သမ္မတကြီး ပြောသွား

www.burmeseclassic.com



တယ် မဟုတ်လား၊ စစ်တပ်ဆိုတာ ပစ်ရင် မှန်အောင်ပစ်တယ်၊ မိုးပေါ် ထောင်မပစ်ဘူး၊ နောင်ကို ဆူဆူပူပူလုပ်ရင် မသက်သာဘူးသာ မှတ်ပေရော့ ဆိုတာလေ"



"အေးကွာ ပြည်သူ့ဆန္ဒကို လိုက်လျောပေးမယ်ဆိုတာ မရှိဘူး၊ တစ်ဆိတ်ရှိ ပစ်မယ်ခတ်မယ်နဲ့ ခြိမ်းခြောက်နေတာ"

"ကြည့်နေပါကွာ၊ ပြည်သူဒဏ်ခတ်တာကို ခံရလိမ့်မယ်"

"အရေးပေါ် လွှတ်တော်အစည်းအဝေးတော့ လုပ်နေတာပဲ မဟုတ်လား"

"အဟင်း. . ဒါကလည်း မြပုဏ္ဏမာအငြိမ့်မှာ ဇာဂနာတို့ ပြက်





လုံးထုတ်သလို အားလုံး ညာချနေတာပဲလေ၊ ခေါင်းပေါင်းစ. . ခေါင်းခေါင်းစ. . ."

"ဟား. . ဟား. . ဟား. . ဟား. ."

ဆယ့်ခြောက်ရက်နေ့မှာ လူထုနဲ့စစ်တပ် ထိပ်တိုက်တွေ့တာ ပိုကြီးမားလာတယ်၊ တက္ကသိုလ်ကျောင်းဝင်းကို စစ်တပ်က ဝိုင်းလိုက်ပြီလေ၊ ခေါင်းဆောင်တချို့က ရှောင်မှုဖြစ်မယ်၊ တချို့က မရှောင်ဘူးနဲ့ သဘောထားကွဲလွဲကုန်ရော၊ နောင်ဦးတို့က အများစုဆန္ဒအတိုင်း၊ ထိုးသေနဲ့ဆင် တစ်လှမ်းဆုတ်ဆိုသလို ရှောင်တိမ်းခဲ့ကြတယ်၊ နွယ်နွယ့်ကို အောင့်ရှောက်ရင်းနဲ့ အိမ်ပြန်ပို့ပေးခဲ့တယ်။

တိုင်းပြည်အခြေအနေကလည်း အရမ်းရှုပ်ထွေးနေပြီး. . ကျောင်းတွေလည်း ရက်အကန့်အသတ်မရှိ ပိတ်လိုက်ပြီး (၂၁. ၆. ၈၈) မှာ လှည်းတန်းကစပြီး ကျောင်းသားနဲ့လူထု ပူးပေါင်းချီတက် ဆန္ဒပြကြတယ်။ စစ်တပ်က မြေနီကုန်းကစပြီး ဟန့်တားတယ်၊ ပစ်ခတ်နှိမ်နင်းတယ်၊ ငရဲပွက်သလိုပဲ ဒဏ်ရာရတဲ့သူတွေ အများကြီး၊ စစ်တပ် ရှေ့တိုးလာတော့ ကျောင်းသားတွေ ရပ်ကွက်ထဲ ဝင်ပြေးပြီး နီးရာအိမ်ထဲ ပုန်းခိုနေကြရတယ်။

အိမ်ရှင်တွေက စေတနာပိုပိုနဲ့ နောင်ဦးနဲ့ နွယ်နွယ့်ကို စတိုခန်းထဲ ထည့်ပိတ်ပြီး ဝှက်ထားပေးတယ်လေ။ ပူထူနေတုန်းဆိုတော့ ဘာမှ သတိမပြုမိဘူး၊ သွေးအေးသွားတော့မှ အခန်းထဲမှာ နှစ်ယောက်ထဲပါလားဆိုတဲ့အသိနဲ့ နွယ်နွယ်လန့်ရကောင်းမှန်း သိသွားတာ၊ ကြည်ဆံတွေကြားက သက်စွန့်ဆံဖျား ထွက်ပြေးလာရလို့ ကြောက်ကြောက်နဲ့ နောင်ဦးလက်ကို နွယ်နွယ် အားကိုးတကြီး ဆုပ်ထားမိတာ အခုထိပဲ။



www.burmeseclassic.com

www.burmeseclassic.com



နောင်ဦးလည်း နွယ်နွယ့်ကို မကြည့်ရဲဘူး၊ ရင်ခုန်သံကို အပြင် မထွက်အောင် မနည်းထိန်းချုပ်နေရတာ၊ နွယ်နွယ်က မသိမသာရုန်းပြီး သူ့လက်ကို ပြန်ရုပ်နေလို့ နောင်ဦး မသိချင်ယောင် ဆောင်နေလိုက်တယ်။ အားပေးတဲ့အနေနဲ့. . .

"ဘယ်လိုလဲ နွယ်နွယ် ကြောက်သွားပြီလား"

"နည်းနည်းတော့ ကြောက်တာပေါ့၊ ဒါပေမယ့် ဒါကဆက်လုပ် ရမယ့် ကိစ္စပဲလေ၊ ဒီလိုမှ မဆန့်ကျင်ရင် တစ်သက်လုံး ပြောင်းမှာမှ မဟုတ်တာ"

"အဲဒါအမှန်ပဲနွယ်နွယ်၊ ဒီလို သတ္တိမွေးနိုင်တဲ့အတွက် ချီးကျူး ဂုဏ်ယူမိပါတယ်"

မြေနီကုန်းကတပ်တွေ ဆုတ်သွားပြီလို့. . အိမ်ရှင်တွေ အကြောင်းကြားမှ နောင်ဦးတို့ ပြန်ခဲ့ကြတယ်၊ အိမ်ရှင်တွေက လမ်းစရိတ် တောင် ထောက်လိုက်သေးတာ၊ ဩော် ပြည်သူတွေက တို့ကျောင်းသား တွေဘက်မှာပါလားလို့ အားတက်မိရတယ်၊ အဲဒီအချိန်ဟာ ပြည်သူတွေ အတွက်တော့ အခက်ခဲဆုံးကာလပဲ၊ ပိုက်ဆံကမရှိ၊ အလုပ်အကိုင်က မကောင်း ကုန်ဈေးနှုန်းတွေတက်၊ မာရှယ်လောကလည်း အချိန်ဈေး အတိုးအဆုတ် ရှိနေတော့ မမှောင်ခင် အိမ်ပြန်ရောက်ဖို့ပဲ လုံးပန်းနေ ကြရတာ. . .

ဒီကြားထဲ မြွေပူရာကင်းမှောင့်ဆိုသလို ဆဲဗင်းဂျူလိုင် ဆန္ဒပြပွဲ အပြီးမှာ ဘာသာခြားနဲ့ ဗုဒ္ဓဘာသာဝင်တွေ အဓိကရုန်းဖြစ်ပြန်ရော၊ ပြည်နဲ့တောင်ကြီးမှာ ဆိုးဆိုးဝါးဝါး ဖြစ်ခဲ့တယ်၊ ဦးနေဝင်းလည်း ခေါင်း ရှောင်တဲ့အနေနဲ့ ဦးစိန်လွင်ကို သမ္မတရာထူး လွှဲပေးပြီး ကန့်လန့်ကာ နောက် ဝင်သွားတယ်။





ဒါဟာ ပြည်သူ့အောင်ပွဲဆိုပေမယ့် မင်းသားပြောင်းပြီး ဒီဇတ် ခဲ ဆက်ကနေတဲ့ (မ. ဆ. လ)ကို ဆက်ပြီး ဆန္ဒပြကြတုန်းပဲ၊ B.B.C အဆင့်ဆင့် ရက်ချိန်းပေးပြီး (၆. ၈. ၈၈) ညရှစ်နာရီမှာ တစ်နိုင်ငံလုံး သံပုံးတီးပြီး (မ. ဆ. လ)ပါတီကို တောထုတ်ခဲ့ကြတယ်။ ပြီးတော့ ရှစ် လေးလုံးနေ့မှာ အထွေထွေသပိတ်ကြီး ဆင်နွှဲဖို့ ဆော်ဩခဲ့ကြတယ်။ ဂဏန်းလေးလုံးထပ်တဲ့ ရက်စွဲဆိုတာ ပြက္ခဒိန်မှာ ခဏခဏလာတာ မဟုတ်ဘူး၊ တိုက်ဆိုင်ခဲ့တဲ့ ဒီလိုနေ့မှာ လုပ်ငန်းစရင် အောင်မြင်မယ်လို့ ပြည်သူတွေက ယုံကြည်နေကြတယ်။

ဦးစိန်လွင်ကလည်း လုံထိန်းရဲနဲ့ စစ်တပ်အင်အားတွေ တိုးချဲ့ပြီး အမြောက်တင် ဂျစ်ကားတွေ ထရပ်ကားတွေနဲ့ ရန်ကုန်တစ်မြို့လုံးပတ် ပြီး အင်အားပြနေတယ်။ (ရှစ်ရက်၊ ရှစ်လ၊ ရှစ်ဆယ့်ရှစ်)ရက်နေ့မှာ နောင်ဦး နွယ်နွယ်တို့အိမ်ကို အစောကြီး ရောက်လာခဲ့တယ်။

နောင်ဦးက သူတို့ကျောင်းသားတွေရဲ့ အစီအစဉ်ကို ပြောပြ တော့ နွယ်နွယ်မျိုး စိတ်ပါလက်ပါနဲ့ လိုက်မယ်ဖြစ်ရော၊ နွယ်နွယ့်မိဘ တွေကလည်း ခေတ်အဆက်ဆက်မှာ မတရားအုပ်ချုပ်မှုတွေကို ကျောင်းသားတွေပဲ ဦးဆောင်ဆန့်ကျင်ခဲ့တာဆိုပြီး အားပေးတယ်၊

အဲဒီနေ့ မနက်လင်းကတည်းက လမ်းပေါ်မှာ လူရှင်းပြီး ရပ် ကွက်တိုင်း တိတ်ဆိတ်နေတာများ အံ့ဩစရာတောင် ကောင်းသေး လည်ပတ်အပြာ၊ လည်ပတ်အနီနဲ့ ယူနီဖောင်းဝတ်တွေသာ စစ်ကား များနဲ့ တစ်မြို့လုံး ပတ်နေတာလေ၊ အပြင်မထွက်ရဲကြတဲ့ လူထုက လမ်းပေါ်ကိုမျှော်ရင်း အိမ်ထဲကလည်ပင်းရှည်နေကြပြီ။

နောင်ဦးတို့ ကျောင်းသားအုပ်စုက သတ်မှတ်ထားတဲ့အချိန်မှာ ရပ်တနေ တစ်ခဲနက် ကြွေးကြော်သံတွေနဲ့စပြီး ချီတက်ကြတော့တာ



www.burmeseclassic.com

www.burmeseclassic.com



ပေါ့။ အဲဒီအဖြစ်အပျက်ဟာ အစိုးရက ဆူပူအကြမ်းဖက်မှုလို့ သေးသိမ်အောင် ခေါ်ဝေါ်သုံးစွဲခဲ့တဲ့ ရှစ်လေးလုံး အရေးတော်ပုံကြီးပဲ၊ ကျောင်းသားလေးငါးရာနဲ့စခဲ့တဲ့ ဆန္ဒပြပွဲဟာ ရောက်လေရာအရပ်က လူထုပါလိုက်လာလို့ တဖြည်းဖြည်းအင်အားကြီးလာလိုက်တာ လမ်းလုံးကို ပြည့်ရော။

တစ်ခုထူးဆန်းတာက အဲ့သလို ကျောင်းသားနဲ့ပြည်သူ လမ်းပေါ်ရောက်လာတဲ့အချိန်မှာ စစ်တပ်က လမ်းပေါ်မှာ လုံးဝမရှိတော့ဘူး။ သက်သက်လွှတ်ပေးလိုက်တာလားလို့တောင် ထင်စရာပဲ၊ Tom မရှိတော့ Jerry မြူးသလို ရန်ကုန်တစ်မြို့လုံး အကြီးအကျယ် ဆန္ဒပြကြတော့တာပေါ့။ အတူတူလိုက်မလာရဲတဲ့ ပြည်သူတွေက အိမ်ရှေ့ထွက်လက်ခုပ်တီးပြီး အားပေးတယ်။ စားစရာနဲ့ သောက်ရေတွေ ဝေတယ်။ ကျောင်းသားနဲ့ပြည်သူ ချစ်ကြည်ဖြူတဲ့ ပြယုဂ်. . .

တစ်ဖွဲ့နဲ့တစ်ဖွဲ့ လက်ဆင့်ကမ်း သတင်းပေးချက်တွေအရ ဆန္ဒပြအဖွဲ့တွေ မြို့ထဲကို ဦးတည်ချီတက်ကြတယ်၊ ကြွေးကြော်သံတွေလည်း မိုးလုံးအနှံ့ ပြန့်လို့၊ ဒီမိုကရေစီရရှိဖို့ တစ်ပါတီစံနစ် ပြုတ်ကျဖို့တောင်းဆိုတယ်၊ သမ္မတဦးစိန်လွင် နာမည်တပ်ပြီး ဘဲဥဈေး ဆန်ဈေးတွေနဲ့ တွဲဖက်လို့ သံချပ်ထိုးသလို ကြွေးကြော်ကြတယ်၊ တကယ့်ကိုအားရစရာကြီး၊ ညနေ သုံးနာရီ ကျော်ကျော်လောက်မှာ စစ်ကားတွေအများကြီး ရပ်နားတပ်စွဲထားတဲ့ မြို့တော်ခန်းမရှေ့မှာ ဆန္ဒပြလူထုစည်းလုံးစွာ စုရုံးမိကြတယ်လေ။

အဲဒီရှေ့က လမ်းပေါ်မှာ လူတွေနဲ့ အပြည့်ပဲ၊ တစ်ဖွဲ့စီ တစ်လှည့်စီ ကြွေးကြော်ကြ၊ သံချပ်တွေထိုးကြနဲ့ ခွင့်ပြုချက်ရထားတဲ့ ပွဲတစ်ပွဲလို ဖြစ်နေတာ၊ မြို့တော်ခန်းမ ခြံစည်းရိုးထဲက စစ်သားတွေ လုံထိန်း





တွေလည်း သေနတ်တပြင်ပြင်နဲ့ပါပဲ။ ဒါပေမယ့် လှုပ်ရှားမှုတော့ မရှိသေးဘူး၊ ဒီနေရာမှာပဲ စခန်းချဖို့ ဆုံးဖြတ်လိုက်တော့ သတင်းကြားတဲ့ပြည်သူလူထုက စားစရာသောက်စရာတွေ စေတနာနဲ့ ပို့ပေးကြတယ်။

"ညောင်းနေပြီလား နွယ်နွယ်"

"မညောင်းပါဘူး ကိုနောင်ဦး ဖိနပ်ပေါက်တာက ဆိုးတာ"

"တစ်နေကုန် လျှောက်နေရတာ လေးငါးခြောက်မိုင်မှ မကပဲနွယ်နွယ်၊ ခက်တာပဲ ဘာဆေးမှလည်း မပါဘူး"

"အဲဒါ အရေးမကြီးဘူး ကိုနောင်ဦး၊ ဟိုလေ နွယ် အပေါ့အပါး သွားချင်နေတာ"

"ဟင်. . ဟုတ်လား"

နောင်ဦး ဝန်းကျင်ကို မျက်စိကစားကြည့်တော့ ဆူးလေစေတီမှာ အများသုံးအိမ်သာရှိတာ သတိရသွားတယ်၊ ဒါနဲ့ နွယ်နွယ့်ကိုခေါ်ပြီး ရေအိမ်လိုက်ပို့ရသေးတယ်။ နွယ်နွယ်ရှက်နေတာတော့ အသေအချာပဲ၊ အန္တရာယ် လွှယ်မထားနိုင်လို့သာ နောင်ဦးကို အကူအညီတောင်းရရှာတာ၊ နောင်ဦးကလည်း ရေအိမ်လိုက်ပို့ရတာကို တစ်ဘဝလုံး တာဝန်ယူခွင့်ရသလိုကို ရင်ကော့ဂုဏ်ယူနေတာလေ။

တဖြည်းဖြည်းနဲ့ အလင်းရောင် ဆုတ်ခွာစ ပြုလာပြီ၊ မှောင်မိုက်လာပြီ၊ အင်အားစုက လုံးဝလျော့မသွားသလို ကြွေးကြော်သံလည်း တိတ်မသွားဘူး၊ ဒီလောက်များတဲ့ လူအုပ်ကြီးထဲမှာ ဝတ်တဲ့လူ မရှိတာဆန်းဘူးလား၊ ကျပ်တည်းနေကြပေမယ့် ဦးဆောင်တဲ့ ကျောင်းသားတွေအပေါ်ထားတဲ့ ပြည်သူတွေရဲ့ စေတနာက အထင်အရှားပဲ။

"အိမ်မှာဆို ထမင်းဝတ်မှာ သေချာသလောက်ပဲ၊ အလုပ်မရှိပိုက်ဆံမရှိနဲ့ ဆန်ဈေးတွေက တအားတက်နေတာ၊ ခုတော့ ဗိုက်ခွေး



www.burmeseclassic.com

www.burmeseclassic.com



နမ်းမတတ်ဘဲ"

"သြော် . . တော်တော်ကောင်းတဲ့ နိုင်ငံရေး ခံယူချက်ပါလား၊ ထမင်းဝချင်လို့ ဆန္ဒပြတာပေါ့ ဟုတ်လား"

"ဟုတ်တယ်လေ တစ်နပ်စာကို ပြောနေတာ မဟုတ်ဘူး . ၊ တစ်တိုင်းပြည်လုံး ထမင်းနပ်မှန်အောင် ဝဝလင်လင်စားရဖို့ ဆန္ဒပြတာ"

အနီးအနား စကားဝိုင်းက ထွက်လာတဲ့ ရင်ခုန်သံပြင်းပြင်း စကားလုံးတွေလေ။

"စစ်တပ်က ဘာလို့ငြိမ်နေတာလဲ၊ ဘာလို့ လွှတ်ပေးထားတာလဲ၊ ဘာတွေ ကြံနေတာလဲ"

ရှေ့မတိုး နောက်မဆုတ် အခြေအနေကို သည်းမခံနိုင်သူ တစ်ယောက်က မေးလာတယ်၊ တစ်ယောက်က ပြန်ဖြေတယ်။

"မြို့တော်ခန်းမထဲ သွားမေးပါလား"

"အေး ကောင်းတယ် မင်းပါလိုက်ခဲ့"

"ဟား . . ဟား . . ဟား . . ဟား"

အညောင်းပြေထိုင်ရင်း အုပ်စုဖွဲ့ စကားပြောနေတဲ့ သူတွေဆီက စကားသံကြောင့် နောင်ဦးနဲ့ နွယ်နွယ် ပြုံးလိုက်မိတယ်။ စကားဝိုင်းက မပြီးသေးဘူး။

"မင်းဟာက နောက်ဆုံးဆန္ဒဆိုတဲ့ ဟာသလိုပါပဲလား"

"ဟာသဆိုရင် ပြောသာပြော၊ အခု တစ်နိုင်ငံလုံး ငိုချင်နေတာ၊ အဲဒီအချိန်မှာ ရယ်အောင်လုပ်တဲ့သူ ကုသိုလ်ရမှာပဲ"

"ဟုတ်ပြီ ကုသိုလ်ရမယ်ဆို ပြောမယ် ဒီလိုကွ၊ တစ်ခါက သေဒဏ်ကျခံရတဲ့ အကျဉ်းသားတစ်ယောက်ကို လျှပ်စစ်ကုလားထိုင်မှာ ထိုင်ခိုင်းပြီး ခလုတ်အားမလွှတ်ခင်မှာ ထောင်မှူးကြီးက အကျဉ်းသားကို





ဉ်းရဲ့ နောက်ဆုံးဆန္ဒကို ပြောပါ၊ ဖြည့်ဆည်းပေးမယ်လို့ စကားစသတဲ့၊ ဒီတော့ အကျဉ်းသားက ကျွန်တော့်လက်ကို ကိုင်ထားပေးပါ၊ ဒါမှ ကျွန်တော် နည်းနည်းစိတ်သက်သာရာရမှာလို့ ဖြေသတဲ့"

အဲဒီနေရာ တစ်ဝိုက်မှာ ရယ်သံတွေ ဆူညံသွားတယ်။

"မြို့တော်ခန်းမထဲ ဝင်မေးဖို့ မင်းပါလိုက်ခဲ့လို့ခေါ်တာ၊ အကျဉ်းသားရဲ့ နောက်ဆုံးဆန္ဒလိုပါပဲကွာ"

"မင်းတော့ ကုသိုလ်အများကြီး ရသွားပြီ၊ တကယ် ရယ်ရတယ်တော့ သိလား"

ဟုတ်တယ် အဲဒီညက နောင်ဦးတို့အားလုံး အဲလိုရယ်ရတာနောက်ဆုံးပဲ၊ ညဆယ်နာရီခွဲလောက်မှာ မြို့တော်ခန်းမထဲက တပ်တွေထွက်ရှားလာသလို ဗိုလ်တထောင် ဘုရားကျောင်းဘက်က မီးတဝင်းဝင်းနဲ့ သံချပ်ကာကားတွေ ထရပ်ကားတွေ တစ်ဘီးချင်း လှိမ့်ပြီး ချီတက်လာကြတာ တွေ့လိုက်ရတယ်၊ ရှေ့ဆုံးမှာ သေနတ်ကို အသင့်အနေအထားနဲ့ တိုင်ပြီး လမ်းလုံးပြည့် ရင်ပေါင်တန်းတက်လာတဲ့ စစ်သားတွေနဲ့ပြည့်လို့ . . .

ဆန္ဒပြပြည်သူတွေနဲ့ ကျောင်းသားတွေ ရုတ်ရုတ်သဲသဲ ဖြစ်သွားတယ်၊ အားလုံးထရပ်ပြီး လက်ချင်းတွဲထားလိုက်ကြတယ်၊ စစ်တပ်က အသံချဲ့စက်နဲ့ သတိပေးတယ်၊ ငါးမိနစ်အတွင်း လူစုခွဲပါ မခွဲရင် ပစ်ရလိမ့်မယ်တဲ့၊ ကျောင်းသားထုက တို့အရေး ကြွေးကြော်သံတွေနဲ့ တုံ့ပြန်လိုက်တယ် . . .

အဲ . . . ငါးမိနစ်တောင် မကြာဘူး၊ တပ်က တရကြမ်း ရှေ့တက်လာပြီး တရစပ် ပစ်တော့တာ၊ ကျောင်းသားတွေအားလုံး ဖရိုဖရဲ ထွက်ပြေးသူ ထိတဲ့သူ ဒဏ်ရာရတဲ့သူတွေ တစ်ပုံကြီး ဖြစ်လာရော၊ အသံနဲ့



www.burmeseclassic.com

www.burmeseclassic.com



နဖူးစီး အနီရောင်ကလွဲပြီး ဘာမှမပါတဲ့ ကျောင်းသားတွေ မပြေးရင် အသေခံရတော့မှာ. . ဒီတော့ ခြေဦးတည့်ရာ ထွက်ပြေးကြရတော့တာ ပေါ့. . .

နောင်ဦးက နွယ်နွယ့်ကို ရှေ့ကသွားခိုင်းပြီး နောက်က အကာ အကွယ်ပေးရင်း ပြေးခဲ့ကြတယ်။ အဲဒါ ရှစ်လေးလုံးနေ့၊ ညဆယ့် တစ်နာရီမှာ အစိုးရရဲ့ ဦးဆုံးတုံ့ပြန်မှုပါပဲ၊ ဆေးရုံထဲက လုံခြုံတဲ့နေ ရာမှာ အကာအကွယ် ယူပြီးမှပဲ သက်ပြင်းချ အမောဖြေ ကြရတယ်၊ အတူတူတွဲခေါ်လာခဲ့ကြတဲ့ ဒဏ်ရာရ ကျောင်းသားတွေ ဆေးရုံထဲမှာ ပြည့်သွားရော။

ဒီတော့မှ နွယ်နွယ့်ကို အားပေးနိုင်တော့တယ်၊ နွယ်နွယ် ထိတ် လန့်တုန်လှုပ်လွန်းလို့ မျက်စိမျက်နှာပျက်ပျက်နဲ့ ရှိုက်ငိုရှာတယ်၊ နောင်ဦးကို အားကိုးတကြီးနဲ့ ဖက်တွယ်ငိုကြွေးနေခဲ့တာ၊ နောင်ဦး ဘာလုပ်ရမလဲ၊ နွယ်နွယ့်ကျောပြင်ကို မရဲတရဲ ပွတ်သပ်ပြီး နှစ်သိမ့် ပေးခဲ့ရတာပေါ့၊ သူတို့လေးတွေ အိမ်နဲ့လည်း အဆက်အသွယ် ပြတ် သွားကြပြီ။

နောက်နေ့တွေကစပြီး ရန်ကုန်ဆေးရုံကြီးဟာ သပိတ်စခန်း ဖြစ်လာတယ်၊ ရန်ကုန် ရှစ်လေးလုံး ဆန္ဒပြမှုနဲ့ အစိုးရရဲ့ နှိပ်ကွပ်မှု သတင်းက တစ်တိုင်းပြည်လုံးကို ပြန့်သွားပြီး မြို့ကြီးတိုင်းမှာ ဆန္ဒပြပွဲ တွေလုပ်လို့ အစိုးရကို ဆန့်ကျင်ခဲ့ကြတယ်၊ အစိုးရရုံးတွေလည်း အလိုလိုပိတ်ပြီး အဆက်အသွယ်တွေ ပြတ်တောက်၊ ကုန်ဈေးနှုန်းတွေ အဆမတန်တက်နဲ့ တစ်ပြည်လုံး ထိန်းမရတော့ဘူး။

ဒီလိုနဲ့ (၁၂. ၈. ၈၈)မှာ ဦးစိန်လွင် နုတ်ထွက်ပြီး ဒေါက်တာ မောင်မောင် သမ္မတဖြစ်လာပြန်တယ်။ သူက ရွေးကောက်ပွဲ လုပ်ပေး





မယ်လို့ ကတိပေးတယ်၊ ဒါပေမယ့် မရတော့ဘူး၊ ပြည်သူက ကြားဖြတ် အစိုးရကို တောင်းဆိုလာတယ်၊ နှုတ်ခမ်းမွှေးပြောင်ပြောင်နဲ့ . . ' အရှု ထောင်ကို ပို့လိုက်ပို့လိုက်ဆိုတာ တကယ်အော်ဟစ်ခဲ့ကြတဲ့ ကြွေးကြော် သံပါ။



အဲဒီနောက်မှာ ညွန့်မင်္ဂလာပေါင်းစုံ ဆိုင်းဘုတ်တောင်ပြီး လှုပ်ရှား လာတယ်၊ အိမ်ရှင်မများသမဂ္ဂဆိုတာနဲ့ အငယ်တန်းအရာ ရှိများ သမဂ္ဂဆိုတာတောင် ပေါ်လာတယ်၊ မိန်းမလျာတွေကတောင် ကျွန်ုပ်တို့ အရေးအော်တာများ ရယ်စရာတောင် ကောင်းသေး။

"အများစု ပါလာတာ ကြုံဆိုရမှာပါ၊ ဒါပေမယ့် အငယ်တန်း အရာရှိများ သမဂ္ဂဆိုတော့ နေ့ခွက်နေ့သလိုပဲ၊ အရေးတော်ပုံကို သိမ်းဖျင်း



www.burmeseclassic.com

www.burmeseclassic.com



စေတယ်"

"ဘယ်တတ်နိုင်မလဲ နွယ်နွယ် သူတို့လည်း မြန်မာပြည်သူတွေပဲလေ"

ဆေးရုံဝင်း တရားပွဲတွေမှာ လူထုလူတန်းစား အလွှာစုံ ရင်ဖွင့်ကြတယ်၊ ဟောပြောကြတယ်၊ နောင်ဦးလည်း တရားဟောကောင်းတဲ့ ခေါင်းဆောင် ဖြစ်လာတယ်။ (၂၄. ၈. ၈၈)မှာ ဒေါ်အောင်ဆန်းစုကြည် ရန်ကုန်ဆေးရုံကို ရောက်လာပြီး ပထမဆုံးမိန့်ခွန်း ပြောတယ်လေ၊ အားပေးကြတာ ဝက်ဝက်ကွဲပဲ။

အဲဒီနောက်မှာတော့ အခြေအနေတွေက မကောင်းတော့ဘူး၊ စစ်တပ်က ဘဏ်က ငွေသိန်းခြောက်ရာကို ထုပ်ယူသွားတဲ့သတင်းနဲ့ အင်းစိန်ထောင် ပွင့်သွားတဲ့(တချို့ကလည်း ဖွင့်ပေးလိုက်တာလို့ ပြောကြရဲ့)သတင်းတွေ ထွက်လာတယ်။ (၂၆. ၈. ၈၈)မှာ ရွှေတိဂုံ အနောက်မုခ်က ဒေါ်စုရဲ့ လူထုတရားပွဲကလည်း အောင်မြင်တယ်၊ ကြွေးကြော်သံတွေလည်း ပြောင်းသွားတယ်၊ ရရင်ရ မရရင်ချဆိုတာတွေလည်း ဖြစ်လာရော၊ အစိုးရယန္တယား ရပ်သွားတာကို အခွင့်ကောင်းယူပြီး (ဗ. က. ပ) တွေက မိုင်းယန်းကို တိုက်ခိုက်သိမ်းပိုက်တာတွေ ဖြစ်လာတယ်၊ အဘက်ဘက်က ယိုယွင်းလာတဲ့ အခြေအနေတွေကြောင့် အရေးအခင်းစပြီး တစ်လနဲ့ ဆယ်ရက်ပြည့်တဲ့နေ့မှာ ဗိုလ်ချုပ်ကြီးစောမောင် ဦးဆောင်တဲ့တပ်က အာဏာသိမ်းလိုက်တော့တာ၊ အဲဒါ (၁၈. ၉. ၈၈) ပေါ့။ သမိုင်းတစ်ဆစ်ချိုး ပြောင်းသွားတဲ့နေ့။







# အခန်း(၅)

**တော**တောင်တွေ အုံ့မှိုင်းညို့ဆိုင်းလို့ နေခြည်မထိုးအောင်ကို အပင်ချင်း ယှက်နေတာ၊ ကျေးငှက်တွေ တွန်ကျူးသံတွေကလည်း တစ်ခါမှ မကြားဘူးတဲ့အသံတွေမို့ အထူးအဆန်းကို ဖြစ်နေတာ၊ နောင်ဦးဟာ ရှေ့ကမားမားရပ်လို့ နွယ်နွယ်မျိုးက နောင်ဦးလက်မောင်းကို အားကိုးတကြီး ဆုပ်ကိုင်ပြီး အထိတ်တလန့် မျက်လုံးနဲ့ တောတိုးဝင်လာခဲ့တာ။

သူတို့တွေရောက်နေတာ မုဒုံနဲ့ ကမာဝက် ကြားမှာ၊ မွန်လူမျိုး

www.burmeseclassic.com



လမ်းပြရဲ့ ပြောစကားအရဆိုရင် ထင်းရှူးရွာကိုရောက်ဖို့ သိပ်မလိုတော့ဘူး၊ တောတိုးနေတဲ့လူ စုစုပေါင်း သုံးရာကျော်လောက် ရှိမယ်၊ သူတို့ဘာလို့ ဒီကိုရောက်နေတာလဲဆိုတော့ စစ်တပ်က အာဏာသိမ်းပြီးတဲ့နောက် အဖမ်းခံရမှာကြောက်ပြီး တောခိုဖို့ ထွက်ပြေးလာခဲ့ကြတာ။

ရန်ကုန်ကနေ မုတ္တမ၊ မုတ္တမဘူတာကမှ မုဒုံရထားစီးလို့ ထင်းရှူးဘူတာမှာဆင်းပြီး လမ်းလျှောက်လာတာ၊ နောက် နာရီဝက်လောက် လျှောက်ပြီးမှ ထင်းရှူးရွာကိုရောက်တယ်၊ ရွာလေးက သေးသေးပါ။ သူတို့လည်း ပါလာသမျှ ပိုက်ဆံတွေခြစ်ကုတ်စုဆောင်းပြီး ရွာသားတွေကိုပေးလို့ ထမင်းချက်[illegible]။

ထမင်းအကျက်စောင့်နေတဲ့ ကျောင်းသားတွေ တစ်ယောက်မှ မျက်နှာသာသာယာယာ မရှိဘူး၊ အိမ်ကိုလွမ်းနေလား၊ စစ်အစိုးရကို ကြောက်နေတာလား၊ တစ်ခုခုတော့ တစ်ခုခုပဲ။

"တစ်ရွာမပြောင်း သူကောင်းမဖြစ်ဆိုသလို တို့တွေ ပိုကောင်းတဲ့ ဘဝတစ်ခုကို ရပါ့မလား"

"သေချင်တဲ့ကျား တောပြောင်းသလို မဖြစ်ရင် တော်ပါပြီကွာ"

မျှော်လင့်ချက်မဲ့နေတဲ့ စကားတွေပဲ ကြားနေရတော့ နွယ်နွယ် ငိုမဲ့မဲ့ ဖြစ်လာတယ်၊ ဖိုးနောင်ဦးက [illegible]

"အားမငယ်ပါနဲ့ နွယ်နွယ်၊ [illegible] ကိုယ်ရှိပါတယ်"

[illegible] နေတွေ [illegible] ငါးသေးသေးနှစ်ကောင်ရတယ်၊ ဒါမှမစားရင် ဝတ်မှာမို့ ဖြစ်သလိုစားကြရတယ်၊ [illegible]





[illegible] ထမင်းစားအပြီးမှာ လမ်းပြလဲတဲ့ ... ဆန်ခါဆိုတဲ့ရွာကို [illegible] ကြာမယ်လို့ သိရတယ်။

နောင်ဦး [illegible] စားရတယ် [illegible] ရတယ်၊ [illegible] အတိုင်း အိပ်ရတာ၊ ခြင်တွေမှက်တွေဆိုတာ [illegible] လေးရက်မြောက်မှာ ဖျားတဲ့ [illegible] နောင်ဦးက နွယ်နွယ်ကို [illegible] ဆောင့်ရောက်ခဲ့တာ။

[illegible] မိန်း [illegible] တစ်ယောက် [illegible] ရှိတဲ့ [illegible] တစ်ယောက်က သစ်ကိုင်းကျိုးတစ်ခုနဲ့ [illegible] သွား [illegible]

[illegible] သမားက မျက်နှာတစ်ချက် မပျက်ဘူး၊ [illegible] တစ်ယောက် [illegible] ကြပါလို့တောင် [illegible] နောင်ဦး [illegible] နောက် [illegible] အပြတ် [illegible] ခရီးနှင်ပြီးမှ ဆန်ခဆိုတဲ့ နယ်ခြားရွာလေးတစ်ရွာကို ရောက်သွား [illegible] သွားရော။



www.burmeseclassic.com

www.burmeseclassic.com



ဆန်ခက ထိုင်းရွာသားတွေရဲ့ အကူအညီနဲ့ သူတို့အားလုံး ဘုရားသုံးဆူကို ရောက်ခဲ့ကြရပြန်တယ်။ အဲဒီအချိန်က မွန်ပြည်သစ်ပါတီနဲ့ ကေအင်န်ယူ နယ်လုတိုက်ပွဲတွေဖြစ်နေလို့ . . ရွာမှာ လူတစ်ယောက်မှ မရှိတော့ဘူး။ သူတို့ အဖွဲ့သားတွေ လူမရှိတဲ့အိမ်တွေမှာ အခန့်သား တက်နေလိုက်ကြတာပေါ့။

ရက်ပိုင်းအတွင်းမှာပဲ လက်ရဲဇက်ရဲ နှုတ်ရဲပြီး ရဲသုံးရဲနဲ့ ပြည့်စုံတဲ့သူတွေ ခေါင်းဆောင်တက်လုပ်ကြရော၊ နောက်ထပ်ရောက်လာတဲ့ ကျောင်းသားတွေနဲ့ ပေါင်းလိုက်တော့ အင်အားက ခုနစ်ရာလောက် ဖြစ်လာတယ်။

ကျောင်းသားထဲက တစ်ယောက်ဖြစ်တဲ့ တင်စိုးနောင်က မွန်ပြည်သစ်ပါတီရှိနေတဲ့ နမ့်ကုတ်စခန်းကိုသွားပြီး သီးသန့်စခန်း တည်ထောင်ခွင့်တောင်းခဲ့တယ်လေ၊ မွန်တွေကလည်း သူတို့ပိုင်နက်ထဲမှာဆိုတော့ ခွင့်ပြုတာပေါ့။ အဲဒါနဲ့ နမ့်ကုတ်စခန်းနဲ့ ဘုရားသုံးဆူကြားမှာ စခန်းသစ်တစ်ခု ဖြစ်လာရော. . .

အကြောင်းအမျိုးမျိုးကြောင့် စစ်တပ်က အထုတ်ခံရတဲ့ ကျော်သစ်၊ ညိုမှိုင်းနဲ့ နေလင်း တပ်ထွက်အုပ်စုက ဆရာလုပ်ပြီး ကျောင်းသားတွေကို စစ်သင်တန်းပေးတော့တာ၊ အဟင်း. . တုတ်နဲ့ဝါးလုံးကို သေနတ်လုပ်ပြီး လေ့ကျင့်ရတဲ့ စစ်သင်တန်းမှာ နောင်ဦးနဲ့ နွယ်နွယ်လည်း သင်တန်းသားတွေပေါ့၊ တစ်ညနေမှာ. . .

"နွယ် ကိုယ်တော့ ဒီစခန်းကို သဘောမကျတော့ဘူး"

"တိုးတိုးပြောပါ ကိုနောင်ဦးရယ်"

"ဒီစခန်း သဘောမကျဘူးဆိုတာ တခြားစခန်းကို ပြောင်းချင်တာ မဟုတ်ဘူး၊ တောတွင်းဘဝတွေကို မကြိုက်တော့တာ၊





ခေါင်းဆောင်ပိုင်းက မဲဆောက်မှာ တိုက်နဲ့ကားနဲ့ ဇိမ်ခံနေကြတာ ကိုယ်တို့မှာတော့ မငတ်ရုံတစ်မယ်ရယ်"

"ဒီကြားထဲ အချစ်ရေး အိမ်ထောင်ရေး ကိစ္စတွေလည်း သိပ်ရှုပ်တာ"

ဒါကိုတော့ နောင်ဦး ခေါင်းညိတ်ရုံသာ ညိတ်မိတယ်၊ လူမှုပတ်ဝန်းကျင် ဘယ်နေရာမှာမဆို ယောက်ျားနဲ့မိန်းမ ရှိနေကြတာ မဟုတ်လား ဒီတော့ ဖိုမဆက်ဆံရေးဆိုတာ ရှိလာတာပဲလေ၊ တောထဲမှာဆိုတော့ ဒီကိစ္စက ပိုပြီး လက်လွတ်စပယ် ဖြစ်နေသလိုပဲ၊ လေးငါးလတာလအတွင်းမှာ လက်ထပ်တဲ့စုံတွဲတွေ မနည်းဘူး၊ ပြီးတော့ မခြားဘူး၊ ဟိုတစ်ယောက် ဟောတစ်ယောက် ပြောင်းနေကြသလိုပဲ၊ ရာထူးကြီးသူကို လိုက်ကပ်ပြီး မယားငယ်ဖြစ်ဖို့ ကြိုးစားနေတဲ့ မိန်းကလေးတွေလည်း မရှားဘူး။

အဲဒါတွေထက် ပိုဆိုးတာက တင်စိုးနောင်ရဲ့လက်ရုံး စောဂျက်ဆိုတဲ့လူက နွယ်နွယ့်ကို သဘောကျနေတာပဲ။ နွယ်နွယ်နားမှာ နောင်ဦး အမြဲရှိနေလို့သာပေါ့။ နောင်ဦးလည်း နွယ်နွယ့်ကို ချစ်နေမိပေမယ့် အခြေအနေအရ ဖွင့်မပြောရက်တာ. . တွေးရင်းနဲ့ ရင်ပူလာလို့. . .

"နွယ် စောဂျက်ကို နှောင့်ယှက်သေးလား"

"အမြဲ ကျားချောင်းချောင်းနေတာပဲလေ၊ သိပ်စိတ်ညစ်တာပဲ"

"နွယ် သူ့ကို သဘောမကျဘူးပေါ့"

"ဒီလိုလူစား သဘောကျစရာလား"

"ဒါဆို သတိထားပါ နွယ်"

"အင်းပါ. . ဒါနဲ့ အစိုးရက ကျောင်းသားတွေကို ကြိုဆိုနေ

www.burmeseclassic.com

www.burmeseclassic.com



စခန်းမှာပဲငိုပြီး မြန်မာစကားပြောနေတယ်ဆို"

"ဟုတ်တယ်နွယ်၊ ကြာလှပြီ၊ အခုဘာလဲ နွယ် မြန်မာချစ်နေပြီလား"

"မြန်မာချစ်တယ်၊ ဒါပေမယ့် မယုံဘူး၊ ကြောက်တယ်၊ ရောက်တာနဲ့ ထောင်ထဲတန်းဝင်ရမှာလား၊ ဒါမှမဟုတ် တစ်သက်လုံး စောင့်ကြည့်ခံနေရမှာလား၊ ဒါတစ်ခုခုပဲ"

"အင်း၊ ကိုယ်လည်း သံသယတော့ ရှိတယ်"

"ဒါဆိုပြီ ကိုနောင်ဦး၊ နွယ်တို့ဘာလဲ ဆုံးဖြတ်စရာ စားလည်းရှိ ဖြစ်တော့မှာ"

"သိပ်ကြာလည်း စိတ်မပူပါနဲ့ နွယ်၊ ကိုယ်ဆုံးဖြတ်ရမှာ ကြည့်ရမယ်"

အခြေအနေတွေကို စောင့်ကြည့်ရင်း နောင်ဦးနဲ့ နွယ်နွယ် ရင်း(၁၀၁)မှာ နောက်တစ်လ ထပ်ကြာသွားတယ်။ (နအဖ)တွေရဲ့ ထောင်ထဲရောက် အကျဉ်းသားတွေ ပြန်လာဖို့နဲ့ ဘာမှ အရေးမယူဘူးဆိုတဲ့ ကြေညာချက် စာရွက်တွေ နယ်စပ်မှာ ဝေတယ်လို့ အသံကြားရပေမယ့် မျက်မြင်ယုံကြည်ခွင့် မရခဲ့ဘူး၊ တောတွင်းမှာကလည်း မြင်ရတဲ့ အတိုက်အခိုက်တွေနဲ့ လက်နက်အင်အားအရ အစိုးရကိုတိုက်ဖို့ ဘယ်လိုမှ မဖြစ်နိုင်ဘူးဆိုတာ သိလာတယ်၊ ဒီတော့ အခြေအနေပေးရင် ထွက်ပြေးဖို့ပဲ ဆုံးဖြတ်ထားလိုက်တယ်။

စောဂျက်ကီရဲ့ ခြေလှမ်းတွေကလည်း နွယ်နွယ့်ကို သိမ်းပိုက်တဲ့အထိ စီစဉ်လာပြီမို့ နောင်ဦးလည်း လုပ်စရာရှိတာ လုပ်ထားရတယ်။ အဲဒါကို နွယ်နွယ်တောင် မသိဘူး၊ တစ်နေ့မှာတော့ စောဂျက်ကီ ပွဲကြီးရော၊ နွယ်နွယ့်ကို နသားပါးယားလုပ်ပြီး ရွှေတိချစ်ရေးဆိုတော့တာ ဒီတော့ကို မှိန်နေပြီဆိုတော့ လူရှေ့သူရှေ့ တောင် မရှောင်တော့ဘူး





အဲဒီမှာ နောင်ဦး မဖြစ်မနေ ဝင်ရပြီပေါ့၊ နွယ်နွယ်က အတင်းရုန်းပြီး ငိုနေတာ. .

"ဗိုလ်စော အဲဒါ ကျွန်တော့်ကောင်မလေးပါ"

အမဲရိုး ပါးစပ်ထဲ ရောက်လုနီးမှ ပြုတ်ကျသွားလို့ စားမာန်ခုပ်တဲ့ ခွေးတစ်ကောင်ရဲ့ အကြည့်မျိုးနဲ့ စောဂျက်ကီရှိုးတယ်၊ ဘတ်သီးတွေ တွန်းလုမတတ် အရောင်တွေ ထွက်လို့. . .

"ဒါမျိုးတွေ ရိုးနေပြီ၊ မင်းတို့ချင်း ပတ်သက်တာကို ဘယ်လို သက်သေပြမလဲ"

"ခင်ဗျားတို့ ထုတ်ထားတဲ့ တောတွင်းစည်းကမ်းရှိတယ် မဟုတ်လား၊ စခန်းက ရဲဘော်ရဲမေအချင်းချင်း ယူမယ်ဆိုရင် စခန်းတာဝန်ခံဆီ လက်ထပ်ခွင့် တောင်းရမယ်ဆို"

"ဟုတ်တယ်လေ အဲဒါ စည်းကမ်းပဲ"

နောင်ဦးက အဆင်သင့်ရေးထားတဲ့ လက်ထပ်ခွင့် တောင်းခံတဲ့လျှောက်လွှာကို ထုတ်ပေးလိုက်တယ်။ စောဂျက်ကီ စစ်ဆေးကြည့်တော့ ဟုတ်နေလို့ သူတို့ရှုံး သူတို့ပတ်ပြီး စာရွက်ကို ပစ်ချရင်း ဒေါနဲ့မောနဲ့ ထွက်သွားရော၊ အဲဒီစာရွက်ကို ကောက်ယူလို့ ဖတ်ကြည့်တာ နွယ်နွယ်ပါ။ စာလည်းဆုံးရော မျက်လုံးဝိုင်းကြီးတွေနဲ့ နောင်ဦးကို မော့ကြည့်ရှာတယ်။

"ဒါ. . ဒါက"

"ဟုတ်တယ်နွယ်၊ ဒီလိုဖြစ်လာတော့မယ်ဆိုတာ သိလို့ ကိုယ်ကြိုတင်ပြင်ဆင်ခဲ့တာ"

"ဒါပေမယ့် ကိုနောင်ဦးနဲ့နွယ်က ဘာမှ မပတ်သက်ဘူးလေ"

"ဒါဆို နွယ် စောဂျက်ကီကို ယူမှာလား"



www.burmeseclassic.com

www.burmeseclassic.com



"မယူပါဘူး၊ ဒီကိစ္စ ကိုနောင်ဦးအတွက် ခက်ခဲနေမှာပေါ့"

"နွယ်ရယ်. . နွယ့်ကို အရိပ်လိုကြည့်ပြီး စောင့်ရှောက်ခဲ့တာ၊ ရန်ကုန်မှာ ကတည်းကလေ၊ ကိုယ် နွယ့်ကိုချစ်တယ် သိပ်ချစ်တယ် သိရဲ့လား၊ ဒါကို နည်းနည်းလေးမှ မရိပ်မိဘူးလားနွယ်"

ပုံးစမထိ သေနတ်မမှန်ဘဲ နောင်ဦး ရင်ဘတ်ကြီး ပွင့်ထွက်သွားတာ၊ သူ ရည်းစားစကားပြောတာ သေနတ်နဲ့ မချိန်ရုံတစ်မယ်ပဲ၊ ဒါပေမယ့် အချိန်အခါကောင်းလို့ပဲ ဆိုရမှာပါ၊ နွယ်နွယ့်မျက်ဝန်းမှာ ဝမ်းသာကြည်နူးမှုတွေကို ပက်ပင်းတွေ့လိုက်ရတာကိုး။

"ကိုနောင်ဦး၊ တကယ့်ရင်ထဲကစကား ပြောတာလား၊ နွယ့်ကို အကာအကွယ် ပေးတာလား"

"နွယ့်ကို ချစ်လွန်းလို့ အကာအကွယ် ပေးတာပါ"

ဒီတစ်ခါတော့နွယ်၊ နောင်ဦးကို မော့မကြည့်တော့ဘူး၊ ခေါင်းကြီးငုံ့လို့ ဘာမှလည်း မပြောတော့ဘူး၊ မချင့်မရဲတွေ ဖြစ်လာတဲ့နောင်ဦး စိတ်မထိန်းနိုင်တော့သလို နွယ့်လက်မောင်းနှစ်ဖက်ကို ဆုပ်ကိုင်လှုပ်ယမ်းရင်း. . .

"တစ်ခုခု ပြောပါဦး နွယ်ရယ်"

"အို. . . ကျွန်မ. . ကျွန်မ"

နွယ် ရှန်းထွက်ပြီး အမျိုးသမီးဆောင်ဘက် ကသုတ်ကရက် ပြေးသွားတော့တယ်၊ နောင်ဦးမှာသာ မချင့်မရဲနဲ့ ကျန်ခဲ့တာ၊ တစ်ယောက်က ရည်းစားစကားပြော၊ တစ်ယောက်က နသားပါးယားလုပ် ဆိုတဲ့ ဓမ္မနဲ့ အဓမ္မမှုကို တစ်ပြိုင်တည်း တွေ့ကြုံခံစားလိုက်ရတဲ့ နွယ်နွယ်မျိုးတစ်ယောက် တစ်နေကုန် တဲအောင်းနေတယ်၊ အပြင်မထွက်ဘူး၊ ဒါပေမယ့် အဖြစ်အပျက်တွေက အခြေအနေသစ် တစ်ခုဆီကို တွန်းပို့





နေခဲ့ပြီ။ ဒီတော့ နွယ်နွယ်မျိုး နောင်ဦးနဲ့ မျက်နှာချင်း ဆိုင်ခဲ့ရတယ်။

"ကိုနောင်ဦး၊ ဟို. . ဟိုလေ"

"ပြောနွယ် ဘာကူညီရမလဲ"

နွယ်က ပြောရခက်နေဟန်နဲ့ တွေဝေနေသေးတယ်၊ ပြီးမှ ဇတ်သာတော့တဲ့ ပုံမျိုးနဲ့။

"စခန်းတာဝန်ခံက မေးနေတယ်၊ ဟိုလျှောက်လွှာ မတင်သေးဘူးလားတဲ့"

"ဘယ်လျှောက်လွှာလဲ၊ ဟင်. . သြော်. . ဟို. . လက်ထပ်ခွင့်လား"

"အင်း. . ."

"ကိုယ်က တင်ချင်တာပေါ့၊ နွယ် သဘောတူမတူ မသိလို့"

"အဲဒါ အခုတင်လိုက်တော့ သူတို့ သံသယဖြစ်နေပြီ"

ဒါပဲပြောပြီး နွယ်နွယ်မျိုး သမင်ပျိုတစ်ကောင်လို လှစ်ခနဲ ပြေးထွက်သွားရော၊ တိုတိုပြောရရင် နောင်ဦး နွယ်နွယ့်ကို ရည်းစားစကားပြောပြီး နောက်တစ်နေ့မှာ အကြင်လင်မယား ဖြစ်ခဲ့ကြတာ၊ သူတို့ဖူးစာက အဲ့သလိုကြီး၊ နှစ်ယောက်လုံးရင်ထဲမှာ အချစ်ပျိုးခင်းတွေ ဖြစ်ထွန်းနေပေမယ့် အချိန်မတိုင်ခင် ရိတ်သိမ်းလိုက်ရသလိုမျိုး၊ ပြောခွင့် လမစေ့ဘဲ မွေးလာတဲ့အချစ်။

ချစ်ဇနီးနဲ့ တောထဲတောင်ထဲမှာပဲ ဟန်နီးမွန်း ထွက်ရတယ်၊ နွယ် ဝမ်းဝခါးလှဖို့ နောင်ဦးက မွန်နယ်မြေထဲက သစ်စက်တစ်ခုမှာ တစ်ရက် ဘတ်(၅၀)နဲ့ အလုပ်ကြမ်း ဝင်လုပ်တယ်။ အခြေအနေပေးတာနဲ့ ထွက်ပြေးနိုင်အောင် ပိုက်ဆံစုတယ်၊ တစ်ရက် တပ်စီးလိုက်တင်းသည့်ထွက်ရတဲ့အခိုက် သူတို့နှစ်ယောက် ထွက်ပြေးကြတယ်လေ။



www.burmeseclassic.com

www.burmeseclassic.com



သုံးရက်လောက် သေပြေးရှင်ပြေး ပြေးလာပြီးတဲ့နောက် ဆန်ခလယ် ဒုက္ခသည်စခန်းကို ရောက်သွားကြရော၊ အဲဒီက (U.N.H.C.R) မှာ Refugee ဒုက္ခသည်လျှောက်တယ်။ ကံကောင်းထောက်မစွာ အဆင်ပြေပြီး လင်မယားနှစ်ယောက်ပေါင်း တစ်လကို ဘတ်(၄၅၀၀)နဲ့ ဘန်ကောက်မှာ ရှစ်လလောက်နေခဲ့ရတယ်။

ဒီလိုနဲ့ ထိုင်းနိုင်ငံ မြန်မာသံရုံးက ပြည်တော်ပြန်ကျောင်းသားတွေကို အကူအညီပေးနေတဲ့သတင်း ကြားပြီး. . စာရင်းပေးခဲ့ရာက မြန်မာသံရုံးအစီအစဉ်နဲ့ ရနောင်းကတစ်ဆင့် ကိုယ့်နိုင်ငံကို ပြန်လာခွင့်ရခဲ့တာပါ။





**အ**ဖေက စကားကိုအဆုံးသတ်ပြီး ရေနွေးတစ်ခွက် ကောက်သောက်လိုက်တယ် ပြောပြတဲ့အဖေတော့မသိဘူး၊ နားထောင်ရတဲ့ အောင်နိုင်ဦး မောနေပြီ၊ အဖေတို့က ရှစ်လေးလုံးမှာ အချစ်တွေ သန္ဓေတည်ခဲ့တာတိုး. . .

"ဖေဖေနဲ့မေမေ ကြုံခဲ့ရတဲ့ဒုက္ခတွေက မသေးဘူးနော်"

"ဒါကြောင့်လည်း ငြိမ်းချမ်းရေးကို သူများထက်ပိုပြီး မြတ်နိုးတာပေါ့၊ ပါတီနိုင်ငံရေးတို့ အမျိုးသားနိုင်ငံရေးတို့ ဘာမှခေါင်းစဉ်တပ်ဘဲ စည်းလုံးညီညွတ်မှုနဲ့တိုးတက်ကြီးပွားရေးကိုပဲ လိုလားတော့တာလေ"

"ဟုတ်ပါတယ်ဖေဖေ အားလုံးရဲ့ရင်ထဲမှာလဲ ဒီအတိုင်းပါပဲ"

စကားဖြတ်ပြီး နာရီကြည့်တော့ ဆယ်နာရီခွဲနေပြီး ဒါနဲ့ အဖေတို့ နှုတ်ဆက်ပြီး ကိုယ့်အခန်းကိုယ် ဝင်လာခဲ့တော့တယ်. . .



www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၆)

ဒါ ဒီနောက်ပိုင်း အောင်မျိုးဦးက အဖြေမြန်မြန်ရဖို့အတွက် မေမိုင်ကို ရီဝေဝေအကြည့်တွေနဲ့ အားတိုင်းယားတိုင်းပြုစားနေတော့တာ၊ လုပ်ဖော်ကိုင်ဖက်ချင်း ရိုင်းပင်းတာထက်ပိုတဲ့သာတဲ့ ဝန်ဆောင်မှုတွေပေးလာတယ်။ ဂျာနယ်လစ်ဘဝမှာ သတင်းအရင်းအမြစ်တွေကလည်း များသား၊ မီးလောင်တဲ့သတင်း၊ သစ်လုံးတင်ကားမှောက်တဲ့သတင်း၊ လူသတ်မှုသတင်းတွေအပြင် ဌာနဆိုင်ရာ သတင်းထုတ်ပြန်ပွဲတွေ၊ သတင်းစာရှင်းလင်းပွဲတွေ၊ ပါတီပေါင်းစုံလှုပ်ရှားမှုသတင်းတွေနဲ့





စုံတကာစေ့နေတော့ အောင်မျိုးဦးတို့လို သတင်းထောက်တွေလည်း ခြေထောက်မှာ ဘီးတပ်နေသလိုမျိုး ပြေးလွှားနေကြရတာလေ. . .



တိုက်ကကား မအားရင် တက္ကစီနဲ့ပြေးကြ၊ ထမင်းချိုင့်တန်းနဲ့ပြေးလွှားလို့မရတဲ့အတွက် ကြုံရာဝင်စားပြီး အလုပ်လုပ်ကြရတာသေးတယ် သူတို့ဂျာနယ်က အင်တာတိန်းမင့်(န်)တွေမထည့်ဘဲ ပညာရေးရာဖော်ပြမှုကဏ္ဍတွေသာ သတင်းယူရမယ်ဆိုရင် ရှိတဲ့နေရာမှန်သမျှလိုက်ပြီး မင်းသားမင်းသမီးတွေကို ရှာနေရ

www.burmeseclassic.com



မှာ. . .

ဒီလိုအပြေးအလွှားသတင်းယူရလို့ မေမိုင်နဲ့အတူ တာဝန်တွဲ ကျတဲ့အခါ အောင်မျိုးဦးပဲ ဦးဆောင်ရတယ်။ မေမိုင်သက်သာအောင် အစစငဲ့ညှာတယ်၊ နှမြောတတ်တဲ့မေမိုင်က ခရီးစရိတ် စားစရိတ်ရပေမယ့် အရမ်းကိုချွေတာတတ်တာ။ အဲဒီအတွက်လည်း စားသင့်တာစား ခိုင်းပြီး ပိုက်ဆံကိုလည်း သူပဲရှင်းတယ်၊ ဒါတွေကို မေခိုင်တင်မကဘူး သဥ္ဇာဝင့်တို့ စီစီဝေတို့ပါ ရိပ်မိတယ်။

တစ်ရက်မှာတော့ ညနေပိုင်းမှစမယ့် အစိုးရဧည့်ခံပွဲတစ်ခုမှာ သတင်းယူဖို့ အချိန်စောင့်နေရတဲ့အခိုက် သူတို့အုပ်စု ဆုံမိကြတယ်။ တိုက်က ကင်(န်)တီးမှာပဲ ကော်ဖီမစ်ဆွဲရင်းပေါ့ စီစီဝေက. . .

"အကယ်ဒမီပွဲမှာ ငါတို့သတင်းမယူခဲ့ရတာ လုံးဝမကျေနပ်ဘူး"

"ဒါဆိုလည်း အာသာပြေလေး ရေဝေးသွားပြီး ကိုမော့(စ်) နာရေးမှာ သွားဖျူးပေါ့"

"သေချင်းဆိုး နင်ပဲသွားဖျူး"

နှာဘူးကို စီစီဝေ ဖဲ့လိုက်တယ်၊ အားလုံးတခွီခွီ. . အာလူးက ပြေရာပြေကြောင်း ဝင်ပြောရတယ်။

"အကယ်ဒမီပွဲမှာ သတင်းယူဖို့ မိန်းကလေးတွေကို တာဝန်မ ပေးတာတော့ လူကြီးတွေလွဲသွားပြီ၊ တကယ်တော့ မိန်းမသဘာဝနဲ့ အကယ်ဒမီအင်တာဗျူးက အင်မတန်လိုက်တာကွ"

"လင်းစမ်းပါဦး ဘယ်လို မိန်းမသဘာဝလဲ"

"မိန်းမဆိုတာ စကားများတယ်၊ စပ်စုတယ်၊ ဒါကြောင့် အင် တာဗျူးနဲ့ လိုက်တယ်လို့ပြောတာ"





"အောင်မာ နင်ကလည်း အာလူးဘွဲ့တောင်ရထားတဲ့ လေအိုး ကြီးလေ"

"မနာပါနဲ့ စီစီဝေရာ၊ မိန်းမတွေ စကားများတာနဲ့ ပတ်သက်ပြီး လှောင်ထားတဲ့ဟာသတွေမှအများကြီး"

"ပြောစမ်းပါဦး ပေါက်ကရ"

အာလူးစကားစတော့ သဥ္ဇာဝင်းက ပွဲတောင်းတယ်။

"အဟီး စိတ်တော့မဆိုးနဲ့ ကြုံပြောထားတာ၊ အခုပြောမယ့် ဟာတွေအတွက် အောင်လလုပ်ဖို့ အစီအစဉ်မရှိဘူးနော်"

"ရတယ် တောင်းပန်စရာမလိုဘူး တို့လက်သံက ပြောင်ပြီး သား"

"မကြောက်ဘူးစီစီ ငါကတော့ပြောမှာပဲ"

"ကဲ. . . အပျိုးနဲ့တင် ပေတစ်သောင်းကျော်သွားပြီ အာလူး အချိန်မရှိဘူး"

"အေးပါ. . . ကဲ စပြီ တစ်ခါက အများသုံးဖုန်းရုံးမှာ လူ တစ်ယောက်ဖုန်းကိုင်ထားတာ အတော်ကြာသွားတော့ စောင့်နေတဲ့ လူတန်းက အတော်ရှည်သွားတယ်၊ စိတ်မရှည်တော့တဲ့ အနီးဆုံး လူတစ်ယောက်က. . ဟေ့လူ မြန်မြန်ပြော ဘာမှမပြောဘဲ ဖုန်းကိုင် ထားတာကြာလှပြီ နောက်မှ စောင့်နေတဲ့လူတွေလည်း အားနာဦး. . လို့ပြောသတဲ့၊ ဒီတော့ ဖုန်းကိုင်ထားတဲ့သူက ဆောရီးဗျာ ကျွန်တော့် မိန်းမနဲ့ ပြောနေတာပါ. . ဒါပေမဲ့ သူပဲပြောနေလို့ ကျွန်တော်ဘာမှ မပြောရသေးတာပါလို့ ဖြေရှင်းသတဲ့လေ"

မိန်းကလေးတွေကလွဲရင် အကုန်လုံးရယ်လိုက်ကြတာ ဝတ် ကော်တွေ၊ မေမိုင်တို့ကတော့ ရှက်ပြုံးနဲ့မချိပြုံးပဲ ပြုံးကြတယ်။



www.burmeseclassic.com

www.burmeseclassic.com



စကားဝိုင်းအရှိန်ရသွားတော့ နှာဘူးက. . .။

"ငါ့သူငယ်ချင်းလင်မယားလည်း ဒီလိုဗဲ"

"အင်း. . ပြောကြည့်စမ်း တစ်ခုတော့ရှိတယ်နော် နင်တို့က နှစ်ယောက် တို့ကသုံးယောက်နော်"

"ဟားဟားဟား. . . ခြိမ်းခြောက်မနေနဲ့ ကြောက်မွေးပါရင် ဇာဂနာနဲ့နှုတ်ရှုံတင်မကဘူး ဂေါ်ဇီလာကိုပါ ခေါ်ပြီး နှုတ်ခိုင်းလိုက်မယ် သိလား"

"သိပ်ဖောမနေနဲ့ နှာဘူး၊ ပြောစရာရှိတာပြော. . တစ်ခုတော့ ရှိတယ် မေမိုင်တင်းသွားရင် နင့်ကို ဗျင်းမှာက သူမဟုတ်ဘူးနော်၊ အာလူး. . . အာလူး ဗျင်းမှာ"

စီစီဝေရဲ့ အနှောင့်အသွားမလွတ်တဲ့ စကားကြောင့် မေမိုင့် မျက်နှာလှလှလေး ရဲခနဲဖြစ်သွားတယ်လေ။ နှာဘူးက အာလူးလောက် တော့ မမှုဘူးဆိုတဲ့ စတိုင်နဲ့. . .

"အဟင်း. . ငါ့သူငယ်ချင်းလင်မယား မင်္ဂလာဆောင်ပြီးတာနဲ့ ချောင်းသာကို ဟန်းနီးမွန်းထွက်သွားကြတယ်၊ ဟိုမှာ ငါးရက်နေပြီး ပြန်ရောက်လာတာနဲ့ မိန်းမကို ဆေးရုံတန်းတင်လိုက်ရတယ်တဲ့"

"ဟေ မင်းဘော်ဒါက ပွဲကြမ်းလို့ပေါ့၊ ဘယ်လောက်ကဲလဲမှ မသိတာ"

အာလူးရဲ့ မှတ်ချက်ကြောင့် မိန်းကလေးသုံးယောက် ခေါင်းငုံ့ ပြီး ရယ်ရွှင်ပြုံးတုံ့မပြုံးတုံ့လုပ်နေကြရဲ့။

"ဟော့ကောင် ငါပြောတဲ့အထဲမှာ ဆင်ဆာမလွတ်တာ ဘာမှ မပါဘူး၊ ကိုယ်လိုရာဆွဲတွေးမနေနဲ့ အဲဒီသတင်းကြားလို့ ဖုန်းဆက်မေး ကြည့်တော့ နား၊ နှာခေါင်းလည်ချောင်းဆေးရုံ တင်ထားရတာတဲ့"





"ဟမ်. . တစ်မျိုးကြီးပါလား တကယ်ဆို OG နဲ့ပြရမှာ"

"အာလူး. . နင့်စိတ်နဲ့နှိုင်းပြီး လျှောက်ပြောမနေနဲ့၊ နှာဘူးပြီး အောင်ပြောပစေ. . "

သဉ္ဇာ ဝင်ဟောက်လို့ အာလူးငြိမ်အသွားမှာ. . နှာဘူး စကား ဆက်တယ်. . .

"ငါဆေးရုံလိုက်သွားပြီး သတင်းမေးတော့မှ. . .

"ဘာဖြစ်တာတဲ့လဲ"

"အဟင်း လျှာနေလောင်သွားတာတဲ့"

"မကြားဖူးပေါင်ဟယ်"

"ဒီလိုဟ ကမ်းခြေမှာ နေပူစာလှုံရင်း စကားတအားပြောလွန်း လို့ ဖြစ်သွားတာတဲ့"

ရယ်သံတွေ အုန်းအုန်းထလို့ မေမိုင်က. . .

"ဒါ သက်သက်မဲ့ မိန်းမတွေကို လှောင်ပြောင်နှိမ့်ချလုပ်ကြံ ပြောတဲ့ ဗရွတ်ရွတ်တ စကားတွေပါ. . ."

"မနာပါနဲ့ မေမိုင်ရယ်၊ ဒါက ယူနီဗာဆယ်ထရု၊ ကမ္ဘာလုံးဆိုင် အမှန်တရားတွေပါဟ၊ ငါ့မှာပြောစရာတွေရှိသေးတယ် သိလား"

"ပြောစရာရှိရင် ပြောသာပြောနှာဘူး အောင့်မထားနဲ့"

"အဟဲ. . ပြောမှာ ပြောမှာ စိတ်ချ၊ တို့ဆီမှာ ငါးသိန်းဖုန်းတွေ ပေါ်ခါစကပေါ့. . .

မိန်းမနှစ်ယောက် ရန်ဖြစ်တာ အော်ကြီးဟစ်ကျယ်ပဲ. . တစ် ယောက်က ဟဲ့ကောင်မ ကျုပ်က ညည်းလိုတစ်အိမ်တက်ဆင်း သွား ဆင်းလျှောက်ပြောနေတဲ့မိန်းမ မဟုတ်ဘူးဟဲ့ သိရဲ့လား. . လို့ ပြောတော့ နောက်တစ်ယောက်က. . ကြည့်စမ်း ကြည့်စမ်း ညည်းတို့



www.burmeseclassic.com

www.burmeseclassic.com



ဖုန်းဝယ်လိုက်တာ ငါတောင်မသိလိုက်ရပါလားတဲ့. . .”

“ဟားဟားဟားဟား. . . အဟမ်း. . ဘွတ်. .”

အာလူး ဖင်ဆောင့်ရယ်တာ အရှိန်လွန်သွားလို့ လေလည်သံပါ ထွက်သွားတယ်။. ကောင်မလေးတွေလည်း နှာခေါင်းပိတ်တဲ့သူပိတ်၊ ယပ်ခတ်တဲ့လူခတ်နဲ့ပေါ့၊ ခပ်ထုံထုံသဥ္ဇာဝင့်က မရှင်းလို့ထပ်မေးတယ်။

“ဖုန်းဝယ်လိုက်တော့ ဘာဖြစ်လဲ၊ အဲဒါ ဘာအဓိပ္ပါယ်လဲ”

“နိုလိုက်တာ မိသဥ္ဇာရာ ပန်းဆိုးတန်းဘက်မသွားနဲ့ လူကုန်ကူး ခံနေရမယ်၊ ဒါလေးတောင် မသိဘူးလား၊ မွေ့ မွေ့ချင်း ခြေမြင်တဲ့ စကားလေ. . ဖုန်းဝယ်လိုက်ပြီဆိုတော့ အရပ်ထဲလျှောက်ပတ်မနေဘဲ ဖုန်းနဲ့တင် အတင်းပြောလို့ရပြီလို့ ပြောလိုက်တာဟ ရှင်းပြီလား”

ဒီတော့မှ ဟာသကို သဥ္ဇာနားလည်ပြီး ရယ်တတ်သွားသည်။ ဟားလို့အားရတော့မှ အာလူးက နာရီကြည့်ပြီး. . .

“ကဲကဲ. . . အတင်းပြောပြီးရင် သတင်းဟောမယ့်သူဆီ သွားကြစို့”

အားလုံး တာဝန်ကျတဲ့ သတင်းရင်းမြစ်တွေဆီသွားဖို့ ပြိုင်တူ ထလိုက်ကြတယ်။

ဒီရက်ပိုင်းတွေမှာ ကမ္ဘာကျော်တဲ့ မိန်းကလေးနှစ်ယောက် သတင်းတွေက ဂျာနယ်စာမျက်နှာတွေပေါ်မှာ ပလူပျံ့လို့၊ မာလာလာ ယူဆွတ်နဲ့ ကရင်တိုင်းရင်းသူ မအဲတို့ပေါ့၊ မာလာလာက အာဖဂန်က အမျိုးသမီးအခွင့်အရေးတောင်းဆိုလို့ တာလီဘန်တွေ သေနတ်နဲ့ပစ် သတ်ခံရတဲ့ (၁၅)နှစ်သမီးလေး၊ မအဲက ထိုင်းမှာအိမ်ဖော်လုပ်ရင်း အိမ်ရှင်လင်မယားရဲ့ လူမဆန်စွာ နှိပ်စက်မှုခံရတဲ့ (၁၂)နှစ်သမီး။

ကဲ. . . ကြည့် ဘယ်လောက်များ လူစိတ်ပျောက်နေကြသလဲ





ဆိုတာ၊ အဲဒီနှစ်ယောက်လုံး အသက်မသေပေမယ့် ဒဏ်ရာအနာတရ ကိုယ်စီနဲ့ ဘဝတွေ မလှမပဖြစ်ကြရသလို ကမ္ဘာလည်းကျော်ခဲ့တယ်။

မြန်မာ့သတင်းစစ်စစ်တွေကလည်း ရိုးရာမပျက် နှစ်ယောက် ရှိတာနဲ့ သုံးဖွဲ့ကွဲနေကြတုံး၊ ပြည်တွင်းငြိမ်းချမ်းရေးက သေနတ်တွေဖယ် ပြီး မျက်နှာချင်းဆိုင်နေကြပြီ၊ ဒါပေမဲ့ ငြိမ်းချမ်းရေးအတွက် ရန်ကုန်က နေ လိုင်ဇာထိ လမ်းလျှောက်တဲ့အဖွဲ့တွေက ဟိုကိုမရောက်သေးခင် နီးရာထိန်းသိမ်းတဲ့အနေနဲ့ နှစ်ဖွဲ့ကွဲသွားကြပြီတဲ့. . .။

ခရီးတစ်ဝက် မရောက်ခင်မှာ ဆက်လက်ပူးပေါင်းလို့မရတော့ တဲ့အတွက် (၂)ဖွဲ့ကွဲသွားပြီဆိုတဲ့သတင်းတွေ ဝင်လာတယ်။ အာလူး သက်ပြင်းပဲချလိုက်ရတော့တာပေါ့၊ မြန်မာ့ထုံးစံအတိုင်း ရပ်ကွက်အုပ် ချုပ်ရေးမှူးရွေးပွဲကိုပဲ ကြည့်လိုက်၊ ဆော်လိုက် နှက်လိုက် ကွဲလိုက် ဖွဲ့လိုက်ကြတာဆိုတာများ ကြားလို့တောင်မကောင်းဘူး။

သမိုင်းနဲ့ချီပြီး မပြောတော့ဘူး၊ ရပ်ကွက်ခမ္ဘာရုံလောက်ကို ကြည့် ဥက္ကဋ္ဌမလုပ်ရလို့ ခမ္ဘမရှာနိုင်ဘဲ ဓားမြှောင်ရှာပြီး ရန်ဖြစ်ကြတာ မြန်မာပဲမဟုတ်လား၊ တော်သေးတယ် အခြေခံဥပဒေအရ သမ္မတကို တစ်ယောက်တည်း ပြဋ္ဌာန်းသတ်မှတ်ထားလို့ သာပေါ့၊ နိုမို့ဆို သူသန်း ခြောက်ဆယ်လုံး သမ္မတပဲလုပ်နေကြတော့မှာ၊ ဒါလည်း ကောင်းတော့ ကောင်းသား ဘယ်သူမှငယ်သား မလုပ်ချင်ဘူးဆိုတာ ကြီးမြတ်တဲ့ စိတ်ထားပဲလေ. . . အဲဒါ တိုးတက်ကြီးပွားမယ့် လက္ခဏာအစစ်။

ဒီကြားထဲ မကွေးက အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလှဆွေဆီ ကချင်ဘင်လာဒင်ဆိုတဲ့လူက စာပို့သတဲ့. . ရာသက်ပန် ချစ်သူအဖြစ်သတ်မှတ်ပြီး တွေ့ရာသချိုင်း ဓားမဆိုင်းဘဲ သားစဉ်မြေး ဆက်အထိ သုတ်သင်မယ်ဆိုပဲ။



www.burmeseclassic.com

www.burmeseclassic.com



သမ္မတကြီးကလည်း ပြောင်းလဲဖို့ကျန်နေသေးတဲ့ သူတွေထဲမှာ ညွှန်ချုပ်ကစပြီး အောက်ခြေဝန်ထမ်းတွေထိပါကြောင်း သတိပေးစကား ပြောလိုက်ပြန်ပြီလေ။ ပြောလည်းပြောချင်စရာဘဲ အောက်မှာခုထိ လက်ဖက်ရည်ဖိုး တောင်းလို့ကောင်းတုန်း၊ လက်ဖက်ရည်ဖိုးလို့သာ ခေါင်းစဉ်တပ်ရတာ တကယ်ပေးရတော့ မယားငယ်လိုင်းကြေးတောင် သလို သိန်းချီပြီးပေးရတာလေ၊ လစာမလုံလောက်တာရယ် လာဘ်စား တာရယ်က ခုထိမုန့်လုံးစက္ကူကပ်နေတုန်းပဲ။

တိုင်းရေးပြည်ရာတွေက ပြုပြင်ပြောင်းလဲမှုတွေ လုပ်ရင်းနဲ့ကို ရှေ့တိုးလို့မရဖြစ်နေတော့တာ၊ နောက်ကြောင်းပြန်လှည့်မသွားတာဘဲ ကျေးဇူးတင်ရမလိုဖြစ်နေပြီ။ ဒီလိုနဲ့ သတင်းတွေ Edit လုပ်ပြီးချိန်မှာ မြို့တော်ခန်းမကို သွားဖို့တာဝန်ကျလာတယ်။ လိုအပ်တာတွေ စုစည်း ပြီး ကမန်းကတန်းထွက်လာတော့ အတူသွားရမယ့်တွဲဖက်က မေမိုင် ဖြစ်နေတယ်လေ။ ရေတော်တုန်း ရေတွင်းထဲကျသလိုလို၊ ဆီးချုပ်နေ တုန်း ဘီယာအဝသောက်ရသလိုလိုဖြစ်ပြီး အတော်ပျော်သွားမိတယ်။

"လာ. . . မေမိုင်ရေ သူတို့ကလည်း ကပ်ပြီးမှ သတင်းပေး တာ. . . နောက်ကျနေပြီ"

အာလူးနဲ့မေမိုင် ကားတစ်စီးငှားပြီး တက်သုတ်ရိုက်ထွက်ခဲ့ ကြတယ်။ မြို့တော်ခန်းမရောက်တော့ အစီအစဉ်ကစနေပြီ။ ကိစ္စက ဟံသာဝတီယာဉ်ရပ်နားစခန်းကို သီရိမင်္ဂလာဈေးဟောင်းကို ပြောင်း ရွှေ့ဖို့ကိစ္စတဲ့။

ပြီးခဲ့တဲ့ရက်တွေတုန်းက အဲဒီက ဆိုင်ပိုင်ရှင်တွေရယ် ကားဝယ် ရောင်းပွဲစားတွေရယ် တရားဝင်ဆန္ဒဖော်ထုတ်ကြသေးတယ်လေ။ အဲဒါကို မလိုက်လျောတော့ဘူးထင်ပါရဲ့။ အားလုံးကို ခေါ်ယူတွေ့ဆုံညှိ





နှိုင်းပေးခဲ့တယ်ထင်ပါရဲ့။ အဲဒီမှာ ဈေးဆိုင်ခန်း (၁၀၀)ကျော်နဲ့ ဝယ် ရောင်းသမား(၄၀၀၀)လောက် နေ့စဉ်လှုပ်ရှား ဝမ်းစာရှာစားနေကြတာ တိုလည်းသိရတယ်။

တာဝန်ရှိ ပုဂ္ဂိုလ်က ရှင်းလင်းပြောကြားရာမှာ မြို့တော်အဂ္ဂါ ရုပ်နဲ့ညီအောင် အခြေခံအဆောက်အအုံတွေ အဆင့်မြှင့်တင်ပေးတာ ဖြစ်ကြောင်း၊ မူလဆိုင်ပိုင်ရှင်တွေကို နေရာပြန်ပေးမှာဖြစ်ပြီး ဝယ်ရောင်း သမားတွေအတွက် ကားအရောင်းပြခန်းတွေအပြင် အရောင်းအဝယ် လုပ်ဖို့ ကားစင်းရေ (၁၀၀၀)ကျော် ရပ်နားနိုင်တဲ့ ကားရပ်ကွင်းတွေ လည်းပါမယ်လို့ ရှင်းပြသွားတယ်။ ပြောသွားတာတော့ အားလုံးကောင်း ပဲ. . .

လောလောဆယ်မှာတော့ အဲဒီနေရာကို မှီပြီး လုပ်ကိုင်စား သောက်နေတဲ့သူတွေ နည်းနည်းပါးပါး ကသိကအောက်ဖြစ်မှာပေါ့။ နေရိပ်ကိုလိုချင်ရင် နေပူကစောင့်ရတယ်ဆိုတဲ့ စကားလိုပေါ့ဗျာ. . ။ ပြောင်းရွှေ့ရေးကော်မတီဖွဲ့ပြီး ကန့်ကွက်လှုပ်ရှားမှုတွေလည်း အောင် မြင်လိပ်သွားရော. .

ရှင်းလင်းပွဲအပြီးမှာ အာလူးကပဲ စပြီး 'တစ်ခုခုစားရင်း စကား ပြောရအောင်လို့' စည်းရုံးရေးဆင်းလိုက်တယ်။ မေမိုင် မကြားသလို လုပ်နေတယ်. . .

"မေမိုင်. . ငါ ဗိုက်ဆာတယ်ဟာ တစ်ခုခုစားရအောင်"

"ဟင်. . အေး စားချင်လည်းစားလေ"

ပါမစ်ရလို့ အာလူးအားတက်သွားပြီး လားရှိုးခုနစ်လွှာပေါက်စီ ဆိုင်ထဲ ဝင်လာခဲ့တယ်။ ထိုင်မိတာနဲ့ မေမိုင်က မီနူးကို ကောက်ကိုင် တော့တာ. . .



www.burmeseclassic.com

www.burmeseclassic.com



"မေမိုင် ဘာစားမလဲ"

"မစားတော့ပါဘူးဟယ် အရမ်းဈေးကြီးတာပဲ"

အဲဒါမှ မေမိုင်အစစ် ကိုယ့်ပိုက်ဆံကိုယ် နှမြောရုံမက သူများ ပိုက်ဆံပါကျပြီး နှမြောတသဖြစ်နေမှ မေမိုင်ပီသတာ။

"နင်ကလည်းဟာ ငါကျွေးမှာပါဟ နှမြောမနေပါနဲ့ တစ်ခုခုမှာ လိုက်စမ်းပါ"

"ကဲ. . ကဲ. . ပေါက်စီတစ်လုံးဟယ် ဝက်သားနဲ့"

မေမိုင် ပေါက်စီမှာလို့ အာလူးက ကြက်ဆီထမင်း မှာလိုက် တယ်။ ပေါက်စီက လုပ်ပြီးသားဆိုတော့ ချက်ချင်းရောက်လာတာပေါ့။ မေမိုင်ပေါက်စီကို တူနဲ့ဘယ်လိုစားမလဲဆိုတာ အသာစောင့်ကြည့်နေ လိုက်တယ်။

တူနဲ့ပေါက်စီစားရတာ အဆင်မပြေပါဘူး၊ ပေါက်စီကိုဖွဲ့ တူနဲ့ ညှပ် အချဉ်ရည်ဆမ်း ပဲငံပြာရည်ထဲထည့်၊ အဆင့်တွေက များလိုက်တာ လက်နဲ့ပယ်ပယ်နယ်နယ်ကိုင်ပြီး ပဲငံပြာရည်ထဲထိုးထည့်လိုက်ရတာမှ အရ သာရှိဦးမယ် မေမိုင်စားနေတာကို အလှထိုင်ကြည့်ရင်း စိတ်ထဲ မချင့်မရဲ ဖြစ်လာတာနဲ့. . .

"မေမိုင် ပေါက်စီစားပြီးရင် အဖြေပေးတော့ဟာ"

"ဘာအဖြေလဲ အရသာကောင်း မကောင်းလား"

"နင် မညစ်နဲ့နော်"

"ဘာညစ်လို့လဲ"

အဲဒီအချိန်မှာ မှာထားတဲ့ ကြက်ဆီထမင်းက ရောက်လာပြန် ရော သူကတော့ ဇွန်းနဲ့ခက်ရင်းနဲ့ဆိုတော့ သိပ်လက်မဝင်ဘူး၊ ကြက် ကြော်ကလည်း တစ်ကိုက်စာအတုံးလေးတွေ တုံးထားပြီးသားမို့ အာလူး





သွက်သွက်ပဲ စားလိုက်တယ်၊ တစ်ဝက်ကျိုးမှ ခဏရပ်ပြီး. . .

"တို့အသက်တွေ မငယ်တော့ဘူး မေမိုင်၊ အိမ်ထောင်ပြုဖို့ ပြင်ဆင်ရတော့မယ်"

"အဲဒီတော့"

"အဲဒီတော့ အဖြေမြန်မြန်ပေးပေါ့၊ ဒါမှ ရှေ့ဆက်လို့ရမှာ"

မေမိုင်က ပေါက်စီကိုလက်စသတ်လိုက်တယ်။ ပြီးတော့ တစ် ရှူးနဲ့သန့်ရှင်းရေးလုပ်ရင်း. . .

"အပျော်တွဲကြတာမဟုတ်ဘဲ ဘဝအတွက် စဉ်းစားတာဆို တော့ နည်းနည်းအချိန်ပေးရမှာပေါ့၊ ခုပဲကြည့် ကြက်ဆီထမင်းက ထောင့်ရှစ်ရာ၊ ပေါက်ဆီက ခြောက်ရာ၊ နှစ်ထောင့်လေးရာကုန်သွားပြီ၊ ဒါတောင် ကားခ၊ ကွမ်းဖိုး၊ လက်ဖက်ရည်ဖိုးမပါသေးဘူး၊ ဒီလိုသုံးပြီး အဆင်ပြေမယ့်ဘဝတစ်ခု ဘယ်လိုထူထောင်မှာလဲ"

"ဟာကွာ မေမိုင်ကလည်း ဒါမျိုး ဘယ်သူက နေ့တိုင်းစားနေ မှာလဲ တစ်ခါတလေပဲဟာ"

"တစ်ခါတလေလည်း ဒီလောက်မသုံးသင့်ဘူး အဲဒါအသာ သား လက်ထပ်ဖို့ရည်မှန်းချက်ရှိတဲ့နင်က ဘာတွေပြင်ဆင်ပြီးပြီလဲ ပိုက်ဆံဘယ်လောက်စုမိပြီလဲ"

"ငါးသိန်းလောက်စုမိပြီးပြီ၊ နေစရာအတွက် မပူရဘူး ငါက တစ်ဦးတည်းသောသား အဖေတို့က အိုးပိုင်အိမ်ပိုင်လေ"

"ငါးသိန်းဆိုတာ ခုတင်တစ်လုံး ဗီရိုတစ်လုံးလောက်ပဲ ရမှာ လေ"

"အေးလေ နင့်ဘက်ကသာ ကျိန်းသေရင် ငါပိုပြီးကြိုးစားမှာ ပေါ့ စုမှာဆောင်းမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"နင်က နှစ်သိန်းနီးပါး ငါကတစ်သိန်းမပြည့်တပြည့်ပဲရတာ အဲဒါနဲ့ ဘယ်လိုစုကြမှာတုန်း"

"နင့်လိုသာတွက်ကြေးဆို ခုခေတ်ကြီးထဲ ဘယ်သူမှ အိမ်ထောင်ပြုမှာမဟုတ်ဘူး မေမိုင်"

အာလူးက စိတ်ပျက်လက်ပျက်ပြောရင်း ကြက်ဆီထမင်းကို အပြတ်ရှင်းတယ်။ မေမိုင်လို နှမြောပုံမျိုးနဲ့ မင်္ဂလာဆောင်မှာ ထမင်းရည်တောင်တိုက်ဖြစ်ပါ့မလား မသိဘူး၊ တွေးရင်း စိတ်လေးလာတယ်။ ကျွန်တော်လည်း ဦးလှရွှေရဲ့အမျိုးပါဆိုပြီး ကချင်ဘင်လာဒင်ရှေ့ လည်စင်းပေးချင်စိတ်တောင် ပေါက်သွားတယ်။ ဒါနဲ့ပဲ. . .

"ဟုတ်ပြီလေ ဒါဆိုလည်း မီဂါဘောစီနဲ့ စပွန်ဆာပေးမယ့် ခရိုနီတွေသာ ရှာလိုက်တော့၊ အဆင်မပြေမှသာ ငါ့ဆီပြန်လာခဲ့. . ဟုတ်လား၊ ဟော့ ပိုက်ဆံရှင်းမယ်"

ဘောက်ပြော ဘုတောလိုက်မှပဲ မေမိုင်က စပ်ဖြဲဖြဲနဲ့. . .

"နင်ကလည်း ငါက သဘောပြောတာပါ၊ ကဲ. . ကဲ. . နှစ်လ နှစ်လပဲစောင့် အဲဒီကျရင် အဖြေပေးမယ်"

"ပြီးရော နှစ်လနော် ရက်မစွန်းစေနဲ့ ငါသေချာမှတ်ထားမှာ"

နှမြောတတ်တဲ့ ကတ်တီးကတ်ဖဲ့မလေးကို ချစ်မိတဲ့ အာလူး. . အနေအထားက ဓာတ်လှေကားစီးလာခိုက်မှ မီးပျက်သွားလို့ ပိတ်မိနေရသလိုမျိုးကြီး အထက်မရောက်အောက်မရောက်နဲ့. . .။

ထုံးစံအတိုင်း တစ်ပတ်တစ်ရက်ဆိုသလို အာလူးနဲ့နှာဘူး နိုက်ကျတီကျတယ် အားကစားဂျာနယ်က တာဝန်ခံနဲ့အတူ ပရီးမီးယားရယ် လာလီဂါရယ်စောင့်ကြည့်ပြီး သတင်းရေးနေကြတယ် ဆယ်နာရီခွဲမှာ ပထမတစ်ပွဲ ပြီးသွားတယ်။ တညီတညွတ်တည်း ဝါးခနဲသမ်းမိကြရဲ့။





"နှာဘူး ကော်ဖီဖျော်ကွာ"

နှာဘူး ရေနွေးထထည့်နေတုန်း အာလူးက ဘန်ကောက်ပို့စ်ကို ခပ်တည်တည်ကောက်ဖတ်နေလိုက်တယ်။ ရိုပ်ဖမ်းသံဖမ်း ဘာသာပြန်လိုက်တော့. . . ထိုင်းရဲတပ်ဖွဲ့က (၁၂)နှစ်သမီး မအဲကို နှိပ်စက်ခဲ့တဲ့ သင်မယားကို ဖမ်းမိဖို့ ဘတ်တစ်သိန်းဆုငွေထုတ်ထားတာ သိရလို့ သာခုခေါ်မိတယ်။ မြန်မြန်မိပါစေပေါ့၊ ကော်ဖီရတော့ အားလုံးဝိုင်းဖွဲ့ သောက်ရင်း ဘောတာဝန်ခံဓာမင်းက. . .

"ပလေးဘွိုင်းသန်းနိုင်နဲ့ ရဲချုပ်ဟောင်း ဦးစိုးဝင်းတို့ကိစ္စက ဘယ်လိုဖြစ်တာလဲ"

"ပြီးသွားပြီလေကွာ ဖေဖော်ဝါရီလ (၁၈)က (၉)မိုင် ဂေါက်ကွင်းထဲ ... သတင်းစာကွန်ဖရင့်လုပ်တယ်၊ ပလေးဘွိုင်းက အများရှေ့မှာ တောင်းပန်တယ်၊ ရဲချုပ်ဟောင်းက ကျေအေးပေးလိုက်တယ် ဒါပဲ ပြီးသွားရော"

"အဲဒီသတင်းအသာထား ကချင်ပြည်နယ် ဝိုင်းမော်မြို့နားက နောင်စီပေါ်ကျေးရွာမှာ ဇန်နဝါရီနဲ့ဖေဖော်ဝါရီ (၂)လအတွင်း မှာပဲ ... ကနဲ့လက်ထပ်သွားတဲ့ ကချင်တိုင်းရင်းသူ (၂၁)ယောက်တောင် ရှိသွားပြီတဲ့ကွ"

"အေး. . အဲဒီသတင်းကတော့ လုံးဝဒိုင်နိုးဂျားပဲ၊ အဲဒါ အိမ်ခြေ (၂၀၀)ပဲရှိတဲ့ နောင်စီပေါ်မှာပေါ့နော်၊ ကချင်ပြည်နယ်တစ်ခုလုံးမှာဆို ... တွက်သာကြည့်တော့. . ."

မျိုးချစ်စိတ်အရင်းခံနဲ့ မြန်မာနိုင်ငံသား ယောကျာ်းသုံးယောက်ထဲက ဆို့ဆို့နင့်နင့်. . .

"မိန်းကလေးတစ်ယောက် ယွမ်နှစ်သောင်းနဲ့ ဝယ်နေကြတာ



www.burmeseclassic.com

www.burmeseclassic.com



တဲ့. . .”

“မြန်မာငွေနဲ့ဆို သိန်း(၃၀)လောက်ရှိမှာပေါ့၊ ဒါဟာ မြန်မာပြည်ရဲ့ ထုတ်ကုန်တစ်ခု နိုင်ငံခြားထိ ထိုးဖောက်နိုင်တဲ့ရောင်းကုန်တစ်ခုဆိုရင်တော့ ဈေးရတယ်လို့ပြောရမှာပဲနော်. . .”

အာလူးက အစွဲ့တိုက်စကားဆိုတော့ စောမင်းက. . .

“လက်ထပ်တယ်ဆိုတဲ့ ကာဗာစတိုရီသုံးပြီး တရားဝင်လူကုန်ကူးနေတာကို တို့တွေ လက်ပိုက်ကြည့်နေကြတော့မှာလား. . .”

“လက်ပိုက်ကြည့်မနေပါဘူးကွာ ကုန်သွယ်ခွန် တစ်ရာရာခိုင်နှုန်းကောက်ပြီး ရတဲ့ပိုက်ဆံနဲ့ တို့ရဲ့နိုင်ငံခြားကြွေးမြီတွေ ဆပ်လိုက်မယ်ကွာ မကောင်းဘူးလား”

အငေါ်တူးလေသံတွေ ညံနေလေရဲ့. . .

“နှစ်ပေါင်းတစ်ထောင်ကျော်သမိုင်းရှိတဲ့ နိုင်ငံတဲ့ကွာ ကိုယ့်လူမျိုးကိုယ်တောင် မစောင့်ရှောက်နိုင်ဘူး”

“အစဉ်အလာကိုဖြစ်နေပြီကွ သူ့ကျွန်ဘဝမှာလည်း ချစ်တီးလက် ထိုးအပ်ခဲ့ရတဲ့ မိန်းမသားတွေ ဘယ်လောက်များခဲ့သလဲကွာ”

“ဗိုင်းမော်ကလူငယ်တွေရဲ့စကားက ရင်နာဖို့ကောင်းတယ်ကွာ ဒီအတိုင်းသာ ဆက်လွှတ်ထားလို့ကတော့ သိပ်မဝေးတော့တဲ့ ကာလမှာ ကချင်ပြည်နယ်ဟာ တခြားနိုင်ငံတစ်ခုပိုင်တဲ့ နယ်မြေဖြစ်သွားလိမ့်မယ်တဲ့”

“သိပ်လည်းစိုးရိမ်မနေပါနဲ့ကွာ မန္တလေးမှာ စနေပါပြီ၊ မြန်မာစကားကောင်းကောင်းမပြောတတ် နိုင်ငံတော်သီချင်းတောင် အလွတ်မရတဲ့ နိုင်ငံသားကတ်ကိုင်ထားတဲ့လူတွေ ရှာဖွေဖော်ထုတ် အရေးယူတော့မယ်တဲ့”





“ဟုတ်လား ဒါဆို မန္တလေးမှာလူရှိပါဦးမလားကွာ”

စောမင်းရဲ့ ဟာသကိုဘယ်သူမှ မရယ်နိုင်ကြဘူး၊ ရင်နာစရာတွေ မကြားချင်တော့လို့ ခေါင်းစဉ်ပြောင်းလိုက်တယ်။

“ဒါနဲ့ ကလေးရိုက်တဲ့ ဆရာမ ထောင်ဒဏ်တစ်လ ဒါမှမဟုတ် ဒဏ်ငွေတစ်ထောင်ဆိုတာရော ဘယ်လိုသဘောရလဲ”

“ကိုယ့်အိမ်မှာ ကိုယ့်သားသမီး နှစ်ယောက်သုံးယောက်တောင် ထိန်းမနိုင်လို့လဲ ဆရာမတွေက အနည်းဆုံး အယောက်လေးဆယ်လောက် ထိန်းနေရတာလေ”

“ခုတော့ ကျော်မကောင်း ကြားမကောင်းကွာ. . .”

“အေးလေ ဟသ်ာတမြို့ ဒူးယားကျေးရွာ အထက်တန်းကျောင်းက ကျောင်းအုပ်ဆရာမကြီး လုပ်ရပ်ကရော. . .”

“အေးကွာ ဆံပင်ဆောင့်ဆွဲကုတ်ဆွဲ ရိုက်နှက်ဆိုတော့လည်း အဲဒါမှန်ရင် ဆရာမကြီးလွန်တာပေါ့”

“အခုတော့ ဆေးစာနဲ့ ရဲစခန်းမှာ အမှုဖွင့်သလို တရားစွဲဖို့လည်းလုပ်နေပြီလေ”

“ဆိုးပါတယ်ကွာ”

“ကြားရကြားရ နားဝမှာ မချမ်းသာ ဆိုသလို ပါပဲကွာ၊ ကဲ. . ကဲ. . ဘောပွဲတောင် နောက်တစ်ပွဲစပြီ အလုပ်လုပ်ကြဦးစို့ရဲ့”

အာလူး သတိပေးမှပဲ ကော်ဖီသောက် ဘောပွဲကြည့်ရင်း မှတ်စရာရှိတာတွေ တေးမှတ်ကြရတော့တယ်။ ဒါပေမဲ့ စကားဝိုင်းက အရှိန်ရနေပြီ နောက်ခေါင်းစဉ်ပြောင်းသွားလို့ အာလူး တအားစိတ်ဝင်စားသွားတယ်။

“ဒါနဲ့ နေစမ်းပါဦး၊ ခုတလော မေမိုင် ငါတို့ကို ရှောင်နေ



www.burmeseclassic.com

www.burmeseclassic.com



သလိုပဲ”

နှာဘူးရဲ့ ဖျူးချက်ကြောင့် သူ့အချစ်ရေး သောင်မတင် ရေမကျ ဖြစ်နေတဲ့ကိစ္စ၊ ရင်ဖွင့်ချင်သလို ဖြစ်သွားတယ်၊ ထန်ရည်မမူးဘဲနဲ့ ကျွဲနီး လာတဲ့အကြောင်း ဖြောင့်ချက်ပေးချင်နေတာ။

“ဟုတ်တယ် အဲဒီကိစ္စ၊ မင်းတို့နဲ့ တိုင်ပင်ချင်လို့ သူရှောင် နေတာ ငါ့ကြောင့်၊ ငါ သူ့ကို ပရိုပို့စ် လုပ်တဲ့ကိစ္စ အတင်းလောနေ့လို့”

“ဟင်. . .”

“ဟေ. . .”

နှစ်ကောင်လုံးဆီက တအံ့တသြ အာမေဋိတ်သံတွေ ထွက် လာကြတယ်၊ ရုပ်တွေက ဘင်လာဒင်ကို အသေမိတဲ့သတင်းနဲ့ ကဒါဖီ ကို ရေဆိုးမြောင်းပေါင်းထဲကမိပြီး လက်သည်မပေါ်ဘဲ သေသွားတဲ့ သတင်းတွေ ကြားခဲ့ရတုန်းကလို ဖြစ်သွားကြတာ၊ နှာဘူးက အိုဘားမား ဒုတိယသက်တမ်းအတွက် မဲဆွယ်ထွက်တဲ့ မျက်နှာပေးမျိုးနဲ့. . .

“ဒီကိစ္စ ရှော့ရှိတယ်”

“ဟင်. . .”

နှာဘူးက မေမိုင်နဲ့ တစ်တိုက်တည်း အတူနေတဲ့သူတွေ မ ဟုတ်လား၊ သူ့သတင်းက အတည်ပြုလို့ရတယ်လေ၊ ဒီတော့ အာလူး ရေလည် စိတ်ဝင်စားသွားတယ်။

“ဘယ်လိုရှော့လဲ နှာဘူး၊ ပြောစမ်းပါဦးကွာ”

“မေမိုင့်အမေက ငါ့ကို ပေါ်တင်ပြောတာ၊ မင်းနဲ့ မေမိုင်တို့ စောင့်ကြည့်ပေးပါတဲ့၊ နိုင်ငံရေးသမားရဲ့သားနဲ့ သူ့သမီးကို အဖြစ် မခံနိုင်ဘူးတဲ့”

“ဟေ. . .”





အာလူး မျက်နှာပျက်သွားပုံက လေျှင်ဒဏ်နဲ့ ဆူနာမီဒဏ် ပေါင်းပြီးခံလိုက်ရတဲ့ ဂျပန်နိုင်ငံသားတစ်ယောက်လိုကို ဖြစ်သွားတာ။

“ဟုတ်တယ် အာလူး၊ ထူးထူးခြားခြား ဖြစ်စဉ်ရှိရင် သတင်း ပေးပါတဲ့”

“သူ့ဆီကရမယ့် သတင်းဖိုး မင်းမျှော်လင့်နေတာလား နှာဘူး”

တင့်နိုင်သိန်းအခွက်က သကြားနည်းနည်းနဲ့ ဖျော်ထားတဲ့ ဘိုရာရည်လို မချိုမချဉ်နဲ့ စောမင်းက ကြားဝင်ညှိနှိုင်းပေးပါတယ်။

“ဒီလိုလုပ်လေ၊ အာလူးက ဟိုဘက်ကပေးမယ့် အမောင့်ထက် ပိုပေးလိုက်၊ ဒါဆို နှုတ်ပိတ်ခကော သတင်းပေးခကော တစ်ခါတည်းပြီး ရော၊ ဒီကောင် သတင်းရောင်းစားနေကျပဲဟာ”

“အင်း အဲဒါဆိုရင်တော့ စဉ်းစားမယ်၊ အမေရိကန် အစိုးရ တောင် ဘင်လာဒင့် သတင်းရဖို့ ဒေါ်လာသန်းချီ အကုန်အကျခံခဲ့ရ တာ”

ကြားထဲက ချွန်တွန်းနဲ့ နှာဘူးပေါင်းပြီး အပေးအယူ လုပ်နေ ကြတာများ ဆိုမာလီ မားပြတွေလိုပဲ၊ ဒီတော့ အာလူးလည်း နှလုံးသား ဆိုင်ရာဖြစ်ဖွံ့ဖြိုးဖို့ သင့်တော်တဲ့ဘတ်ဂျက် ချထားမှ ဖြစ်တော့မယ်ဆိုတာ သိသွားတယ်။ ခက်တာက ပရောဂျက်က မရေရာဘူး၊ ဒါပေမယ့် စွန့် စားမြှုပ်နှံရမယ့်ကိစ္စ ဖြစ်နေတော့ အရဲစွန့်ပြီး ရေလောင်းလိုက်တယ်။

“ဒီလိုလုပ်ကွာ တိကျသေချာတဲ့ သတင်းတစ်ခုအတွက် ဘီယာ တစ်ပိုင်း”

“နည်းနည်းတိုးပေးပါလား အစ်ကိုရာ၊ ကျွန်တော်တို့ မကိုက် ဘူး”

“ကိုက်ချင်ရင် တောင်ပံနဲ့ ခြေထောက်ကင်တစ်ပွဲ အဆစ်ပေး



www.burmeseclassic.com

www.burmeseclassic.com



မယ်"

"အိုကေ အဆင်မပြေပေမယ့် လူရင်းတွေမို့ လျှော့ပေးလိုက်ပါ့မယ်"

ကားပွဲစားတန်းလည်း မဟုတ်ဘဲနဲ့ အရောင်းအဝယ်တော့ တည့်သွားပြီ။

"မေမိုင်ရဲ့ တခြားထူးခြားချက်တွေ သတိပြုမိတာ ရှိလား"

နှာဘူးက စစ်တုရင် ချန်ပီယံ၊ ဂယ်ရီကက်စပါရော့လို နဖူးကြောထောင်အောင် စဉ်းစားရင်း. . .

"အင်း ပြီးခဲ့တဲ့ နှစ်ရက်သုံးရက်လောက်က သူ့ထဘီ အရောင်နုနုမှာ အကွက်ပေါ်စ်ကွက် စွန်းနေတာ သတိထားမိတယ်"

"ဟော့ကောင် ဟော့ကောင် ဆင်ဆာမလွတ်တာတွေ မပြောနဲ့"

"အဲဒါတော့ ဟုတ်တယ် နှာဘူး၊ ဒီကိစ္စ မပြောသင့်ဘူး အာလူးက ဗန်ပိုင်းယား(သွေးစုတ်ဖုတ်ကောင်)လို သွေးဆာနေတာ"

"ထို့. . . တော်စမ်းပါ စောမင်းရာ၊ မင်း ဘောကွင်းသွားပြီး သတင်းယူနေရင် ကောင်းမယ်"

"ဟဲ. . ဟဲ. . ဟဲ. . ငါက ပွဲဆူအောင် လုပ်ရတာ ဝါသနာပါလို့ပါကွာ၊ ဒါမှ သတင်းက အခန်းဆက်ဖြစ်မှာလေ"

အာလူး မျက်နှာပျက်နေတာမြင်မှ နှာဘူး တစ်ထစ်လျှော့သွားတာ။

"ငါလည်း ဒီကိစ္စ မသက်ာတာနဲ့ နည်းလမ်းပေါင်းစုံသုံးပြီး ဆက်စုံစမ်းတော့မှ နံရံကိုထွေးထားတဲ့ လတ်လတ်ဆတ်ဆတ် ကွမ်းထွေးနဲ့ တင်ပါးပွတ်မိတာတဲ့ကွ၊ အ. . ဟဲ. . ဟဲ. . ဘီယာတိုက်"

"သေချင်းဆိုး ဘီယာတော့မတိုက်ဘူး၊ ဒူးနဲ့ပဲ တိုက်မယ်"





ပွဲဆူစေချင်တဲ့ စောမင်းကလည်းတစ်မှောင့်. . .

"ဒါနဲ့ နှာဘူးနဲ့ မေမိုင်က တစ်တိုက်ထဲမှာ အပေါ်အောက် ဆင့်ပြီး နေကြတာဆို၊ မင်းသာ ဆွဲစိမယ်ဆိုရင် အာလူးလောက် ခက်မှာ မဟုတ်ဘူး၊ အချိုးအကွေ့များတဲ့ လှေကားမှာတင် အိုကေသွားမှာ"

"ဟော့ကောင်. . ဟော့ကောင် မင်းဟာလေ စစ်ဖြစ်နေတဲ့နေရာ သွားပြီး လက်ပစ်ဗုံးရောင်းတဲ့ကောင်လိုပဲ"

"နားစမ်းပါကွာ၊ ဒီကောင်သာ မျက်စိမပါလို့ မေမိုင့်ကိုကြိုက် [illegible] တို့က ရွာနားက ဟမ်ဘာဂါ ရွာကာလသား မစားတဲ့သဘော"

"အမလေးကွာ ရွာနားကမြက်နဲ့ ရွာနွားတော့ သိက္ခာကျ ပါပြီ"

"ဟော့ကောင်တွေ နောက်မနေနဲ့ကွာ၊ ငါ တကယ် ဟုတ်ထိနေ [illegible]. . အခြေအနေ သုံးသပ်ပေးဦး"

အာလူးက လူနာအမဲခြောက်ဖုတ်တောင်းသလို တောင်းဆိုမှ နှာဘူးက သူ့မျက်နှာကို ဒက်တောနဲ့ ပိုးသတ်ရင်း. . .

"ငေးငေးငိုင်ငိုင် ဖြစ်နေတာတော့ သတိထားမိတယ်၊ ငါက [illegible] နှစ်လုံးသုံးလုံးကြောင့် အကြွေးတင်နေတယ် မှတ်တာ၊ ခုမှပဲ မင်းကြောင့်ဆိုတာ သိရတာ၊ သူများသားသမီး စိတ်ဆင်းရဲအောင် မလုပ်ပါ [illegible]"

"ဟော့ကောင် စကားကောင်းကောင်းပြောစမ်းပါကွာ"

"ဟုတ်သားပဲကွာ၊ မေမိုင့်ဘက်က ဘာတွေ ပြင်ဆင်နေလဲ [illegible] ရပ်ကွက်ရုံးတိုင်မှာလား၊ အလုပ်ထွက်မှာလား စသည်ဖြင့်ပေါ့ [illegible]"

ချွန်စက်လိုလူ ဓားလိုလူ စောမင်းကလည်း အချွန်နဲ့မတာ [illegible]မ်းပဲ၊ အာလူးမျက်နှာက ကူတို့ဆိပ် မီးဘေးဒုက္ခသည်လို ငိုမဲ့မဲ့



www.burmeseclassic.com

ဖြစ်နေပြီ၊ ဒီတော့မှ နှာဘူးက. . .

"မင်းကိစ္စ ငါမှမသိတာ အခုသိပြီ၊ စိတ်သာချ ငါ သဘောတူတယ်၊ ဖြစ်အောင် ဂွျင်းပေးမယ်၊ တစ်ခါတည်း သုံးညအိပ် လေးရက်နဲ့ တည်းခိုခန်းအရောက် ပို့ပေးမယ်၊ ဒေါက်တာအောင်ခင်ဆင့်ရဲ့ သိပ္ပံနည်းကျ အိမ်ထောင်သည်ဘဝသာ ပြေးဝယ်ထားလိုက်"

"ဟား. . အာမခံရဲလိုက်တာကွာ၊ ကြည့်လုပ်နော် ဒီကောင်နှိုက်မြည်းရုံ မြည်းသွားမှ မင်းပိုက်ဘောမိနေမယ်"

"အေး. . ငါက ချယ်ဆီးဂိုးပေါက်က ပီတာချက်လိုပဲ အမိဖမ်းမှာ. . ၊ ဟား. . . တော်စမ်းပါ စောမင်းရာ၊ မင်းဖွတာနဲ့ စကားတွေမှားကုန်ပြီ၊ ဘာမှ မပူနဲ့အာလူး စိတ်သာချပြီး အိပ်ရာအဝက စောင့်နေ"

ဟုတ်တာမဟုတ်တာ အပထား၊ နှာဘူးရဲ့ အာမခံချက်တွေက ဟန်းဖုန်း လူတိုင်းရစေရမယ်လို့ ကတိပေးတဲ့ စကားလိုပဲ၊ လန်ထွက်နေတာ။

၅ ၅ ၅ ၅





ဂျာနယ်တိုက်က အတူတူပြန်လာကြတဲ့ နှာဘူးနဲ့မေမိုင် လိုင်းကားပေါ်ကဆင်းပြီး ရပ်ကွက်ထဲ လမ်းလျှောက်ဝင်လာကြတယ်။

"မေမိုင် ဟိုသတင်း ကြားပြီးပြီလား"

"ဘာလဲ. . စမ်းသပ် သန်းကောင်စာရင်းကောက်မယ်ဆိုတာလား"

"အဲဒါ မဟုတ်ပါဘူး၊ အာလူးလေ နယ်ထွက်မလို့တဲ့၊ မန္တလေးမြို့နဲ့ နေပြည်တော် ရှုံးခွဲတစ်ခုခုကို ပြောင်းမှာတဲ့"

"ဟင် ဟုတ်လား ဘာဖြစ်လို့လဲ၊ ဒီမှာ အဆင်ပြေရဲ့သားနဲ့"

"အဲဒါ ဘေးကအမြင်လေ၊ သူ့အတွက် အဆင်မပြေလို့ ဖြစ်မှာပေါ့၊ ပြီးတော့ အမြဲငိုင်တွေနေတာ၊ ရွှင်ရွှင်လန်းလန်း မရှိဘူး"

"ဟုတ်လို့လားဟယ်"

"သြော်. . . (၂၀၁၃)နှစ် မကုန်ခင် ဆီးဂိမ်းအိမ်ရှင်လုပ်မယ်ဆိုတဲ့ သတင်းလိုပဲ သေချာတာ"



www.burmeseclassic.com

www.burmeseclassic.com



တို့မီးရှို့မီးလုပ်ပြီး မီးပြင်းတိုက်လို့ လှော်လိုက်တဲ့ နှာဘူး စကားကြောင့် မေမိုင့်မျက်နှာ နွမ်းသွားတာကို သတိပြုမိလိုက်တယ်၊ ဒါဆို အခြေအနေ ကောင်းနိုင်တယ်လို့ နှာဘူးတွက်လိုက်တယ်။

"ဒီကောင့်ဆီမှာ စိတ်ဆင်းရဲစရာ ဘာကိစ္စ ရှိနေလဲမသိဘူး၊ မိသားစုအရေးတော့ မဖြစ်နိုင်ဘူး၊ သူ့မိဘတွေလည်း ပျော်နေကြတာပဲဟာ"

"ပြောတတ်ပါဘူးဟယ်၊ ငါက သူ့ကိစ္စ ဘယ်လိုလုပ် သိမှာလဲ"

"နင် ဒီည ဖုန်းဆက်ပြီး အစ်အောက်ကြည့်ပါလား"

"အို ဘာလို့ ဆက်ရမှာလဲ၊ နင်တို့က ဘော်ဒါရင်းတွေပဲဟာ၊ မေးကြည့်ပေါ့"

"မေးတယ် ဘာမှမပြောလို့"

မေမိုင် ငိုင်သွားပြန်ရော၊ သူ့ရဲ့ စစ်ဆင်ရေး အောင်မြင်တာ သိလို့ နှာဘူး ကျိတ်ပြုံးလိုက်တယ်၊ မေမိုင်မှာတော့ လူယုံပူးသတ်နေတာကို မရိပ်မိလိုက်ဘူး။

ဍ ဍ ဍ ဍ





**နောက်**တစ်နေ့ ဘီယာဝိုင်းမှာ အာလူး၊ နှာဘူးနဲ့ စောမင်းတို့ အူမြူးနေကြတယ်။

"မင်းပေးတဲ့ အိုင်ဒီယာ လန်းတယ်၊ ညက မေမိုင် ဖုန်းဆက်တယ် သိလား၊ မင်း ကြိုပြောထားလို့သာပေါ့၊ ငါ ရေလည်ကြွေပြလိုက်တယ်"

"အဲဒီတော့ မေမိုင် ထဟားရောလား"

"ဟားစရာလားကွာ ငူငိုင်ငေးရင်း ငုပ်ပြီး ငိုက်ဆင်းသွားတာ"

"မင်းက ဖုန်းထဲက လှမ်းမြင်ရလို့လား"

"အသံနားထောင်ပြီး ပညာရှိလို မှန်းကြည့်လိုက်တာလေကွာ၊ တိတိပဲ စောမင်း ဘာမှ မနာလိုမဖြစ်နဲ့"

"အဲဒါ အရေးမကြီးပါဘူး၊ မင်းကို အဖြေပေးပြီလား အာလူး"

"မပေးသေးဘူးကွ၊ ဒီနားရောက်တာနဲ့ စဉ်းစားဦးမယ်ဆိုပြီး ဆင်နေရော"



www.burmeseclassic.com

www.burmeseclassic.com



"ဆပ်ပြာလေးဘာလေးသုံးပြီး ချော့သွင်းပေါ့"

"လုပ်လာပြီ ပေါက်ပန်းဈေး"

"မင်းပဲ တစ်နေလို့ဆို. . လက်စွပ်တို့ လက်ကောက်တို့ ဝတ်တဲ့အခါ ကြပ်နေတစ်နေရင် ဒီလိုပဲလုပ်ရတာ"

"တော်စမ်းပါ စောမင်းရာ၊ ဒီမှာ ပရာဒိုနဲ့ဆပ်ဖ် အရောင်းအဝယ် လုပ်နေတာ၊ လိုင်စင်မဲ့ဆိုက်ကားက ကန့်လန့်ကန့်လန့် လာလုပ်မနေနဲ့"

နှာဘူးနှိပ်ကွပ်လိုက်လို့ စောမင်း သူ့အပေါက်သူ ဘီယာနဲ့ ပိတ်လိုက် ကြက်တောင်ပံနဲ့ပိတ်လိုက် လုပ်နေရှာပါတယ်။

"ဒီအဆင်ကို ငါ သိပ်မကြိုက်ဘူး"

"ဘာလဲ မင်းဝယ်လာတဲ့ အင်္ကျီကို ပြောတာလား၊ မကြိုက်ရင်ပြန်လဲပေါ့ နှာဘူးရ"

"ဟာ. . ဒီကောင် တုံးလိုက်တာကွာ၊ ငါပြောတာက မင်းနဲ့ မေမိုင်ရဲ့ နောက်ဆုံးအခြေအနေကို ပြောနေတာ၊ ဒီလောက် ပဲများနေစရာ မလိုဘူး အဖြေပေးသင့်နေပြီ၊ အိုကေ ငါကြံမယ်ကွာ၊ လာမယ့် ဆန်ဒေးမှာ ပွဲသိမ်းစစ်ဆင်ရေး ဆင်နွှဲရမယ်"

အာလူးက နှာဘူးရဲ့ အာမခံစကားကို သဘောခွေ့ပြီး တရုတ်ကားတွေထဲကလို ဘယ်လက်ဝါးထဲ ညာလက်သီးဆုပ်ထည့်ရင်း ဝမ်ရွေ့ ဝမ်ရွေ့ လုပ်လိုက်တော့တယ်။ အဲဒီညက အာလူးရဲ့ ဘီယာချောင်းစီးမောင်းမတီးဘဲ လျှုတဲ့အလျှုဟာ သာဓုခေါ်မယ့်သူ မရှိဘဲနဲ့ ဒါနမြောက်သွားတော့တာပေါ့။

၂ ၅ ၅ ၅





ရွှေတိဂုံဘုရား တောင်ဘက်မုခ်က ဟက်ပီးဝေါလ် ကစားကွင်းထဲ အာလူးတို့အုပ်စု ရောက်နေကြတယ်၊ ဟောလီးဒေးကို အကျိုးရှိရှိ အသုံးချတယ်ဆိုတာထက် အာလူးနဲ့ မေမိုင်ကို ပွင့်လင်းသွားအောင် လုပ်ဖို့က အဓိကပါ၊ အဲဒီအစီအစဉ်ကို မေမိုင်ကလွဲရင် အားလုံးသိကြတယ်လေ၊ ကစားကွင်းရောက်နေတာ တစ်နာရီလောက် ရှိနေပြီ၊ ဒါပေမယ့် ဘယ်သူမှ ကိုယ်ဆော့ချင်တာ မဆော့ရဘူး။

ပရောဂျက်ဒါရိုက်တာ နှာဘူးခေါ် တင့်နိုင်သိန်းရဲ့ အစီအစဉ်အတိုင်း လှုပ်ရှားဆော့ကစားနေရတာ စောမင်းနဲ့ စီစီဝေ နှစ်ယောက်ပြီး တိုက်ကားစီးပြီးပြီ၊ ဘောလုံးတွေ လေသေနတ်နဲ့ ပစ်ပြီးပြီ၊ အခုသူတို့ရောက်နေတာ သရဲရထားရှေ့မှာ ထုံးစံအတိုင်း နှာဘူးက မဲနှိုက်ပြန်ရော၊ ဒီတစ်ခါ မဲပေါက်တာ အာလူးနဲ့မေမိုင် မေမိုင်က အကြောက်အကန် ငြင်းရော။

"ဟာ မစီးဘူး. . မစီးဘူး၊ ငါကြောက်တယ် လုံးပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟ ဖြစ်မလား၊ ဒီအစီအစဉ်ကို အားလုံးသဘောတူလို့ လာခဲ့ကြတာလေ"

"ဟုတ်သားပဲ တို့တုန်းက ငြင်းတာ ရလို့လား၊ ကျက်သရေမရှိတဲ့ စောမင်းနဲ့ တိုက်ကားစီးခဲ့ရပြီးပြီ"

"အောင်မာ နင့်ရှုပါက တော်တော်ကျက်သရေရှိတာကိုး၊ ဟုတ်တယ်မေမိုင် နင် ငြင်းဖို့စိတ်မကူးနဲ့"

နှာဘူး၊ စီစီဝေနဲ့ စောမင်းက အတင်းအကြပ် အရေးဆိုလာကြတော့တယ်၊ မေမိုင်က ကြောက်တာထက် အာလူးနဲ့တွဲပြီး နှစ်ယောက်ထဲ စီးရမှာကို ရှက်နေတာ. . .

"ရတယ်လေ သဘောပဲ၊ နင်မစီးရင် စည်းကမ်းချက်အတိုင်း ဒီနေ့ စားသောက်တာအားလုံး နင် ဒကာခံပေ့ါ"

နှုတ်မြာတသ ဖြစ်လွန်းတတ်တဲ့ မေမိုင် အကြောက်ဆုံး စည်းကမ်းကြီးနဲ့ အပီချုပ်ထားတော့ မေမိုင် မငြင်းရဲတော့ဘူး၊ သူက သူ့ပိုက်ဆံ တောင် သူသဒ္ဓါတဲ့သူမှ မဟုတ်တာ။

"ကဲ. . စီးမယ်ဟယ် စီးမယ်၊ သရဲရထားမကလို့ တစ္ဆေရထားဖြစ်ဖြစ် စီးမယ်၊ သူများစားတာ မရှင်းရရင် ပြီးရော"

မေမိုင် ဒေါနဲ့မောနဲ့ ရထားဆီ လျှောက်သွားတယ်၊ အားလုံးက အာလူးကို တွန်းလွှတ်ပြီး မျက်စိမှိတ်ပြ လက်မထောင်ပြကြနဲ့ ဒါရိုက်တာ နှာဘူးက တီးတိုးမှာတယ်။

"ဟေ့ကောင် အပီ ပွဲကြမ်းခဲ့နော်"

အာလူးခေါင်းညိတ်ပြပြီး ရင်တထိတ်ထိတ်နဲ့ ရထားပေါ် တက်လိုက်တယ်၊ မေမိုင် သူ့ကိုမကြည့်ဘူး မျက်နှာလွှဲထားတာ၊ ဒါရိုက်တာကြီးရဲ့ အစီအစဉ်က ရေပက်မဝင် ပြည့်စုံပေမယ့် အာလူးက သတ္တိမရှိ





ဘူး ဖြစ်နေတာ၊ ရထားက စထွက်ပြီ၊ အာလူးလည်း ငါဟဲ့ယောက်ျား ဆိုပြီး ကိုသွင်းထားလိုက်တယ်၊ မှောင်မှောင်မည်းမည်း အခန်းထဲ ရထားက တဖြည်းဖြည်း တိုးဝင်သွားပြီး အဲဒီအချိန်မှာ ဘာမှမမြင်ရဘဲ တဟားဟားနဲ့ ရယ်သံကြီး ထွက်လာတာ မေမိုင် လန့်အော်ပြီး သူ့ဘက် တိုးကပ်လာမှန်း အထိအတွေ့ကြောင့် သိလိုက်ရတယ်၊ အာလူး ရဲဆေး ဆင်းရင်း မေမိုင့်လက်ကို မှန်းဆပြီး လှမ်းကိုင်လိုက်တယ်။

"ကြောက်နေလား မေမိုင်"

"အင်း. . ."

ရုတ်တရက် အရိုးခြောက်ကြီး မေမိုင့်ဘေးက ထွက်လာပြီး ခြောက်တယ်၊ မေမိုင် အသံကုန်အော်ဟစ်ပြီး အာလူးရင်ခွင်ထဲ ဝင်လာသို့ အာလူးက အလိုက်သင့် ဖက်ထားလိုက်တယ်၊ ကျေးဇူးတင်လိုက်တာ အရိုးခြောက်ရယ်၊ မေမိုင့်တစ်ကိုယ်လုံး တုန်နေတာ အာလူးသိတယ်၊ သရဲရထားက တာဝန်ကျေပါတယ်၊ လင်းနို့တွေ ခေါင်းပေါ်က ပျံပြီး ပျံလိုက်၊ ရုပ်ပျက်ဆင်းပျက် သရဲတွေ ထွက်လာလိုက်နဲ့ဆိုတော့ မေမိုင် လှုပ်ကို မလှုပ်ရဲတော့ဘူး၊ အာလူးအတွက်တော့ ရေတတ်တုန်း ဘဝချက်စက်ရုံထဲ ရောက်ရသလိုပဲပေ့ါ။

"မေမိုင် ကိုယ့်ကိုအဖြေပေးဦးလေ၊ သိပ်ချစ်မိတဲ့ကိုယ့်ကို ဆက်ပြီး ညှင်းထားဦးမှာလား"

မေမိုင် မတုံ့ပြန်သလို အာလူးရင်ခွင်ထဲကလည်း ရုန်းမထွက်ဘူး ဒီတော့ အာလူးက ဝက်အူကို ထပ်ကျပ်လိုက်တယ်။

"မေမိုင် အဖြေမပေးရင် ရထားပေါ်က ခုန်ဆင်းလိုက်မယ်"

"ဟင့်အင်း. . မလုပ်နဲ့"

ဒါတော့ မေမိုင် ကြောက်သွားပဲ။



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို အဖြေပေးလေ"

"ဟင့်အင်း မဆိုးနဲ့ကွာ"

အာလူးက ခုန်ဆင်းဖို့ ဟန်ပြင်လိုက်တယ်၊ မေမိုင် လှုပ်လှုပ်ရှားရှားဖြစ်ပြီး သူ့ကို ဖမ်းဆွဲထားတယ်။

"ဘယ်လိုဖြစ်နေတာလဲ ဒီမှာ ကြောက်ပါတယ်ဆိုမှ"

"ကိုယ်ဘယ်လိုမှ မခံစားနိုင်တော့ဘူး မေမိုင်၊ တစ်ခုခု မသိရရင် ကိုယ်ထရန်စဖာတင်ပြီး မန္တလေးကို ပြောင်းတော့မယ်"

"အာလူးရယ် နင်သိပ်တုံးတာပဲ၊ ငါ့တစ်ကိုယ်လုံး နင့် ရင်ခွင်ထဲမှာလေ"

"ဟင်. . ဒါ. . ဒါဆို နင် ငါ့ကိုချစ်တယ်ပေါ့၊ ဟုတ်လား"

အဲဒီအချိန်မှာ ပင်လယ်ဓားပြသရဲက သူတို့ကို ဓားနဲ့ခုတ်တာ

"အမလေး. ."

မေမိုင် လန့်အော်ရင်း အာလူးရင်ခွင်ထဲ အတင်းတိုးဝင်ပြီး ခေါင်းငုံ့ထားရှာတယ်၊ အခွင့်အရေးဆိုတာ နှစ်ခါမလာဘူးလို့ အားတင်းရင်း အာလူးလည်း သိမ်းကျုံးဖက်ထားတော့တာပေါ့၊ စိတ်မထိန်းနိုင်တဲ့ အာလူးက မေမိုင်ရဲ့ ဆံနွယ်စတွေကို ငုံ့နမ်းလိုက်တယ်၊ အဲဒီအချိန်မှာ မေမိုင်က မော့ကြည့်တာနဲ့ ဆုံသွားတော့ မေမိုင့်နဖူးကို နမ်းမိရက်သား ဖြစ်သွားရော။

"သိပ်ချစ်တာပဲ မေမိုင်ရယ်၊ မေမိုင့်နှုတ်ဖျားက ချစ်တယ်ဆိုတဲ့ အဖြေ ကြားပါရစေနော်"

ဒိန်းဒလိန်းနတ် ပူးဝင်ခံစားရတဲ့ မေမိုင်လည်း တုန်တုန်ယင်ယင်နဲ့. . .

"ငါ. . ငါလည်း နင့်ကိုချစ်ပါတယ် အာလူးရယ်"





"ဟား. . ဝမ်းသာလိုက်တာ မေမိုင်ရာ"

အဲဒီနောက်မှာတော့ ဘာသရဲခြောက်ခြောက် သူတို့မကြောက်တော့ဘူး၊ ဘယ်ကြောက်တော့မှာလဲ တစ်ယောက်ကိုတစ်ယောက် ဖက်ရင်း သတ္တိတွေရှိသွားကြပြီလေ။ အချစ်ရေယဉ်ကြောမှာ မျောပါရင်း ကြည်နူးနေလိုက်ကြတာ၊ ရထားရပ်သွားတာတောင် မသိတော့ဘူး။

"ဖြောင်း. . ဖြောင်း. . ဖြောင်း. . ဖြောင်း"

လက်ခုပ်သံတွေ ကြားလိုက်ရမှ သတိရလာကြတယ်၊ သူတို့နှစ်ယောက်ကို သူငယ်ချင်းတွေဝိုင်းပြီး ဂုဏ်ပြုနေတာတွေ့မှ မေမိုင် ရှက်ရမှန်းသိသွားတာ၊ မိန်းကလေးတွေရှက်တော့ ဘေးနားက ယောကျ်ားလေးကို ဆွဲတာအုန်းအုန်း ထုတတ်တာလေ၊ အာလူး နာရကောင်းမှန်း မသိဘူး၊ သွားအဖြဲသားနဲ့ ပေပြီးခံနေတော့တာ။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၇)

တရားဝင် ချစ်သူစုံတွဲဘဝကို တက်လှမ်းပြီးတဲ့နောက် တစ်လပြည့် အထိမ်းအမှတ်အနေနဲ့ အာလူးနဲ့မေမိုင် လျှောက်လည်ကြတယ်၊ နှမြောတတ်တဲ့ ကပ်စေးနှဲမရဲ့ အစီအစဉ်အတိုင်း ရေကျော်နဲ့ အနီးဆုံး ပုဇွန်တောင်ဘူတာမှာ ချိန်းထားတာ၊ အသွားအပြန် ခရီးအတွက် ရထားခတစ်ရာပဲ အကုန်ခံမယ့်သဘော၊ မတတ်နိုင်ဘူးလေ ဒါတွေသိသိနဲ့ သူချစ်ခဲ့တာမဟုတ်လား၊ ချစ်သူလက်ကိုတွဲပြီး ပျော်ပျော်ကြီး မြို့ပတ်ရထား စီးခဲ့ကြတယ်။





ရထားက ချောင်ပါတယ် ထိုင်စရာရတယ်၊ မေမိုင့် လက်ထဲမှာ ကြွပ်ကြွပ်အိတ် အမည်းတစ်လုံး ဆွဲလာတာမို့ ဘာတွေများလဲဆိုပြီး စပ်စုမိတယ်။

"ဘာတွေ ယူလာတာလဲ မေ"

"ငှက်ပျောသီးတွေလေ၊ ဆာရင်စားရအောင် အိမ်မှာ ပွဲစွန့်လို့ ယူလာတာ၊ ရေဘူးလဲပါတယ် အပိုမကုန်အောင်လို့"

အာလူး ဖီးလ်ငုပ်သွားရော၊ သူက တက္ကစီနဲ့သွားမယ်၊ ဂျဒိုး နတ်ဝင်ပြီး ချစ်သူတို့ဘဝ ကြည်ကြည်နူးနူး စားကြသောက်ကြ စကားပြောကြမယ်ဆိုပြီး တွေးလာခဲ့တာ၊ ခုတော့ တစ်လပြည့် အထိမ်းအမှတ်က မြို့ပတ်ရထားစီးပြီး ငှက်ပျောသီး စားရတော့မယ်တဲ့။

"မေ ကိုယ်တို့ ဘယ်ကိုသွားကြမှာလဲဟင်"

"ဟောတော် ရထားပေါ် ရောက်နေပြီလေ၊ ဘယ်ကိုသွားရမှာလဲ၊ ရထားခေါ်ရာ လိုက်သွားရုံပဲပေါ့၊ ဒီရထားက ခေါင်းလှည့် မဟုတ်ဘူး မြို့ပတ်လေ၊ စီးပါလေ့အကြာကြီး ပုဇွန်တောင် ပြန်ရောက်တော့ ဆင်းလိုက်ရုံပဲ။

"ဟာကွာ မေကလည်း ပျင်းစရာကြီး"

"ဘာလဲ ကိုယ်က ရုပ်ရှင်ကြည့်မယ်၊ ပန်းခြံသွားမယ်ဆိုပြီး တွေးနေတာလား၊ ဘာလုပ်မှာလဲ ပန်းခြံဝင်ခက ဈေးကြီးတယ်၊ ရုပ်ရှင်ဆိုလည်း အနိမ့်ဆုံးအတန်းက တစ်ယောက် လေးရာ၊ အလကား နေရင်း ပိုက်ဆံမဖြုန်းချင်စမ်းပါနဲ့"

အာလူး စိတ်ပျက်လက်ပျက်နဲ့ သက်ပြင်းပဲ ချလိုက်ရတော့တယ်၊ ဒီလောက်ထိ နှမြောတတ်တော့ ပျော်စရာ မဖြစ်တော့ဘူးပေါ့

ဒီတော့ အာလူးစိတ်ပျက်ပြီး နှုတ်ခမ်းစူနေလိုက်ရော မေမိုင်



www.burmeseclassic.com

www.burmeseclassic.com



သတိမထားမိဘဲ ရထားပြူတင်းက ရှုခင်းတွေ ငေးနေလေရဲ့၊ အချိန်အကြာကြီး အသံတိတ်နေမှ သတိရသွားဟန်နဲ့. . .

"ဟင်. . ကို စကားလေးဘာလေး ပြောဦးလေ"

အာလူး စိတ်ကောက်သလို ခေါင်းယမ်းပြတယ်၊ မျက်နှာကလည်း ရှုံ့တွစူပုပ်နေတာမို့ မေမိုင် စိတ်ပူသွားပြီး. . .

"ကို နေမကောင်းဘူးလား၊ ဘာဖြစ်နေလဲ"

"ဟူး. . ကိုယ် စိတ်ကောက်နေတာမေ"

"ဟယ် ယောကျ်ားကြီးတန်မဲ့"

"ဟုတ်တယ်လေ၊ ဒီနေ့ဟာ ကိုယ်နဲ့မေ ချစ်သူဖြစ်တာ တစ်လပြည့်တဲ့နေ့"

"အင်းလေ အဲဒါကြောင့် ခုလို လျှောက်လည်ကြတာပေါ့"

"အဲဒါကို ကိုယ်မကျေနပ်တာ၊ မေက ကိုယ်တို့အချစ်ကို ရထားစီးရင်း ဌက်ပျောသီးစားပြီး ဂုဏ်ပြုမလို့လား"

"ကို ဘယ်လိုလုပ်ချင်လို့လဲဟင်"

အာလူး မျက်နှာမကောင်းလို့ မေမိုင် လိုက်လိုက်လျောလျောပြောလာတယ်၊ ဒီအခွင့်အရေးကို အာလူး မိမိရရ အသုံးချလိုက်ပါတယ်။

"မေ ဘာမှမပြောဘဲ ကိုယ်ဦးဆောင်တဲ့နောက်ကိုလိုက်ခဲ့ပါ၊ ဘယ်လောက်ပဲကုန်ကုန် မဟန့်ပါနဲ့၊ ကိုယ် အမှတ်တရ ဖြစ်ချင်တယ် ဟုတ်ပြီလား"

"အင်း. . သဘော. . သဘော ကိုယ့်သဘော ကိုယ်သွားတဲ့ဆီ မေလိုက်ခဲ့မယ် ဟုတ်ပြီလား"

ဒီတော့မှ အာလူးမျက်နှာ ကြည်လင်လာတော့တာ၊ အဲဒီအ





ချိန်မှာ ရထားက ပါရမီဘူတာကိုကျော်လို့ ရေကူးကို ဦးတည်နေပါပြီ၊ ပြူတင်းပေါက်က လှမ်းကြည့်တော့ အသစ်ဖွင့်ထားတဲ့ ဂန္ဓမာဟိုးဆေးလ် ကုန်တိုက်ကြီးကို တွေ့လိုက်ရတယ်၊ အာလူးမျက်နှာ ပြုံးသွားတယ်၊ ပြီး ရပ်ပြီး မေမိုင့်ကို ဆွဲခေါ်တယ်။

"ကိုယ်တို့ ရှေ့ဘူတာမှာ ဆင်းမယ် မေ"

ရေကူးဘူတာမှာဆင်းပြီး နောက်ကို ပြန်လျှောက်လာခဲ့ကြတယ်၊ ဆယ်မိနစ်လောက်နဲ့ ကုန်တိုက်ကို ရောက်လာတယ်လေ၊ ကုန်တိုက်အဝင်မှာပဲ။

"မေ အထဲမှာ လိုချင်တာတွေ့ရင် ယူနော်၊ ဈေးနှုန်းကို မကြည့်နဲ့ မေ့အတွက် အမှတ်တရ လက်ဆောင်ပေးချင်လို့"

"ကိုယ် တကယ်နော် တကယ်ပြောတာနော်"

"တကယ်ပေါ့ မေရဲ့"

"အိုကေ"

ပြုံးပျော်ရွှင်မြူးသွားတဲ့ မေမိုင် အာလူးလက်ကိုဆွဲပြီး ကုန်တိုက်ထဲ ပျော်ဝင်တော့တာ. . .

"အလှပြင်ပစ္စည်းတွေ ဘယ်မှာလဲဟင် ကို"

"သိဘူးလေ ကိုယ်လည်း ဒီကို ခုမှရောက်ဘူးတာ၊ အကုန်သာ လျှောက်ကြည့် အေးဆေးပဲ တွေ့မှကြိုက်တာဝယ်"

"ကောင်းပြီ ကို ကတိတည်ရမယ်နော်"

"အင်းပါ မေရယ်၊ ကိုယ်က မေ စိတ်ချမ်းသာဖို့အတွက် မွေးဖွားလာခဲ့တာပါ"

မေမိုင် အရမ်းပျော်သွားပြီး အာလူးလက်မောင်းကို ဖက်တွယ်ပြီး ကုန်တိုက်ထဲ စိတ်ကြိုက်မွှေနှောကကာ လူတွေကြားထဲ တိုးဝှေ့ပြီး



www.burmeseclassic.com

www.burmeseclassic.com



သူလိုချင်တာကို ရှာတယ်၊ တစ်ထပ်ပြီးတစ်ထပ် တက်တယ်၊ အလှပြင်ပစ္စည်းတွေထားတဲ့အထပ်ရောက်တော့ မေမိုင် ခုန်ပေါက်နေလိုက်တာများ ကကယ့်ကလေးတစ်ယောက်လိုပဲ၊ အဲဒီအခိုက်မှာ သူတို့ရှေ့ကို လူတစ်ယောက် လာရပ်တယ်။

"ဟင်. . မောင်. . မောင်လေး"

မေမိုင့်ဆီက အလန့်တကြား အသံထွက်လာမှ အာလူး မှတ်မိသွားတယ်၊ ချာတိတ်က မေမိုင့်မောင်၊ အဲဒီတော့မှ မေမိုင် အာလူးလက်မောင်းကို လွှတ်ဖို့ သတိရသွားတယ်။ ဒါပေမယ့် ချာတိတ်က သူတို့ရဲ့ ပတ်သက်မှုကို ရိပ်မိသွားပြီ။

"ဘယ်လိုလဲ အစ်မ ဒီကို သတင်းယူဖို့ ရောက်လာတာပဲလား"

"ဟို. . ဟိုလေ အဲဒါ. . အဲဒါ အဲ"

"နေပါဦး သူ့ကို မြင်ဖူးပါတယ်၊ ဪ သိပြီ၊ နိုင်ငံရေးသမားရဲ့သား သတင်းထောက် မဟုတ်လား"

"ဟုတ်ပါတယ် ကိုယ့်ညီ၊ ကိုယ့်နာမည် အောင်မျိုးဦးပါ"

"နားစမ်းပါဗျာ၊ ခင်ဗျားကိုလာပြီး မိတ်ဆက်တာမဟုတ်ဘူး ဘယ်လိုလဲ အစ်မ၊ ဒီလူနဲ့မတွဲဖို့ အမေမှာထားတယ် မဟုတ်လား"

"မောင်. . မောင်လေးရယ်၊ ဒီကိစ္စ အမေ့ကို ပြန်မပြောပါနဲ့နော်"

"ပြောဖို့ မပြောဖို့ဆိုတာ ကျွန်တော် ဆုံးဖြတ်ရမှာ၊ ဒီမှာ အမေလည်းရှိတယ်၊ ကျွန်တော်တို့ထုတ်တဲ့ပစ္စည်းတွေ ကုန်တိုက်တင်ဖို့ကိစ္စ မန်နေဂျာနဲ့ ဆွေးနွေးနေတာ၊ စောင့်နေ ကျွန်တော် အမေ့ကို သွားခေါ်ဦးမယ်၊ ထွက်မသွားကြနဲ့နော်"

ချာတိတ်က ဂျစ်ကန်ကန်ပြောပြီး ပေစောင်းစောင်းနဲ့ ထွက်





သွားတယ်။ မေမိုင်တစ်ယောက် အကြောက်လွန်ပြီး တစ်ကိုယ်လုံး တုန်နေပြီ။

"မေ ဘယ်လိုလုပ်မလဲ၊ အဆင်ပြေပါ့မလား"

"ဟင့်အင်း မပြေနိုင်ဘူး၊ အမေတွေ့ရင် သတ်မှာ"

"ဒါဆို. . ."

"မေ ကြောက်တယ် ကို. . ဘယ်လိုလုပ်ကြမလဲဟင်"

အာလူး ဆုံးဖြတ်ချက်တစ်ခု ချလိုက်တယ်၊ အခု စကားပြောနေရမယ့် အချိန်မဟုတ်ဘူး၊ ထွက်ပြေးရမယ့်အချိန်၊ ဒီတော့ မေမိုင့်လက်ကိုဆွဲပြီး ဆင်းပြေးတော့တာပေါ့၊ ကုန်တိုက်ဝင်းထဲမှာ ပါရမီတက္ကစီတွေ ရှိနေတာ သူတို့အတွက် ကံကောင်းမှုတစ်ခုပါပဲ၊ ကားပေါ်ရောက်တာနဲ့ အမောတကော ပြောလိုက်တာက. . .

"အောင်မင်္ဂလာ အဝေးပြေးဂိတ်"

ကားထွက်သွားမှ အာလူးတို့စုံတွဲ သက်ပြင်းချရဲတော့တာလေ၊ စိတ်မောလူမောနဲ့မို့ စကားမပြောဖြစ်ကြဘူး၊ အမောပြေ လောက်မှ မေမိုင်က. . .

"မေတို့ ဘယ်ကိုသွားကြမှာလဲ ကို"

"မပြောတတ်ဘူးမေ၊ ဟိုရောက်မှ ရတဲ့လက်မှတ်ဖြတ်ပြီး တက်လိုက်သွားကြမယ်"

"ဟင်. . အဲဒါ ဘာကိုပြောတာလဲ ကို"

"မေ ကိုယ့်နောက်ကို လိုက်ခဲ့တော့၊ တို့နှစ်ကိုယ်တိုင်းပြည် ထူထောင်ကြမယ်လေ"

"ရှင်. . ."

"ဒီနည်းပဲ ရှိတော့တာလေ၊ မေ့မိသားစုက ကိုယ့်ကို လက်ခံ



www.burmeseclassic.com

www.burmeseclassic.com



နိုင်မှတော့ စောစောစွန့်စားကြတာပဲ ကောင်းပါတယ်"

"ဖြစ်. . ဖြစ်ပါ့မလားကိုရယ်"

"မေ ကိုယ့်ကိုချစ်ရင် ဖြစ်ပြီ၊ ကိုယ့်မှာ ဘဏ်စာအုပ်ပါတယ်၊ တစ်ပတ်ဆယ်ရက်တော့ အေးဆေးပဲ"

"ကိုရယ်. ."

"ချစ်တယ်. . ဆို"

"အင်း. . ."

"မငြင်းနဲ့တော့နော် ကိုယ် မေ့ကို အဆုံးရှုံး မခံနိုင်ဘူး"

မေမိုင် ဘာမှ မပြောတော့လို့ အာလူးက ခပ်တင်းတင်း ဖက်ထားလိုက်တယ်။

"သတင်းထောက်ကတ် ပါတယ်နော်"

"အင်း. . ."

"ဒါဆို ကမ္ဘာပတ်လို့ရပြီ"

အောင်မင်္ဂလာရောက်တော့ အစောဆုံးထွက်မယ့် ကားက မော်လမြိုင်ဘက်ဖြစ်နေလို့ အဲဒီလက်မှတ်ပဲ နှစ်စောင်ဝယ်လိုက်တယ်။ မေမိုင်လည်း အိမ်မပြန်ဘူးလို့ ဆုံးဖြတ်လိုက်ပြီမို့ အတော်အတန် တည်ငြိမ်သွားခဲ့ပြီး အာလူးက နှာဘူးဆီ ဖုန်းခေါ်လိုက်တယ်။

"ဟော့ကောင် နှာဘူး"

"ပြော. . အာလူး"

"ငါတို့ ကျိုင်ပူနေပြီ"

"ဘာကျိုင်လဲ"

"ငါနဲ့မေမိုင့်ကို သူ့မောင်တွေ့သွားပြီး တိုင်မယ်တောမယ် လုပ်လို့. . ငါ မ,သွားပြီ"





"ဟော့ကောင် လာဖော့မနေနဲ့ ဒါမျိုးတွေ ရိုးနေပြီ"

"အာ တကယ်ပြောနေတာ နှာဘူးရ"

မေမိုင်က စိတ်မရှည်သလို ဖုန်းကို ဆွဲယူရင်း. . .

"ဟဲ့ သေနာနှာဘူး၊ တကယ်ပြောနေတာ၊ ငါတို့ နောက်ဆယ်မိနစ်လောက်ဆို ရေခြားမြေခြားကို ဒိုးပြီ၊ ခိုးရာလိုက်တော့မှာ တိုက်မှာ ခွင့်သုံးရက်စီ တင်ထားလိုက် ဒါပဲ"

မေမိုင်က ပြတ်ပြတ်ပြောပြီး ဖုန်းပိတ်လိုက်တယ်၊ ပြီးတော့ သူ့ကိုယ်တိုင် ဦးဆောင်ပြီး ကားပေါ်တက်သွားရော၊ အာလူးလည်း သချာပေါက် မိန်းမရပြီဆိုတာ ကျိန်းသေသွားပြီဆိုတော့ ရင်ထဲမှာ တော်ကနားပေးသလို ဖြစ်နေပြီပေါ့။

အဝေးပြေးကားကြီး စထွက်တော့မှ အာလူး သူ့အဖေရဲ့ ဖုန်းနဲ့ မေမိုင့်အမေရဲ့ဖုန်းထဲ မက်ဆေ့ချ် ပို့ပေးလိုက်တယ်လေ။

ပထမ မက်ဆေ့ချ်က. . .

ဖေဖေနဲ့မေမေ သား လုပ်ဖော်ကိုင်ဖက် မေမိုင်ဆိုတဲ့ ကောင်မလေးကို ခိုးပြေးသွားပါပြီ။

နောက် မက်ဆေ့ချ်တစ်ခုက. . .

မေမေ သမီး အောင်မျိုးဦးနဲ့ လိုက်သွားပါပြီ။

ဆိုတာပဲဖြစ်တယ်၊ ပြီးတော့ ဖုန်းပိတ်ထားလိုက်တယ်၊ ဘာမှ သုံးစရာ မရှိတော့တဲ့အတွက် မေမိုင့်ကို သူ့ရင်ခွင်ထဲ ဆွဲသွင်းထားလိုက်တော့တာပေါ့။

အင်း. . အာလူးနဲ့ မေမိုင်တို့ အချစ်ကလည်း ဆန်းသား. . ၊ ချည်ရွယ်ဘူး၊ မျှော်လင့်မထားဘူး၊ တက်ကျိုးလို့ လက်ထိုးပြီး လှော်ခဲ့တာ အဟင်း. . . ဘယ်လိုပဲဖြစ်ဖြစ် အဖတ်တော့ တင်တာပေါ့၊ ရှစ်



www.burmeseclassic.com

www.burmeseclassic.com



လေးလုံးမှာ သန္ဓေတည်ခဲ့ကြတဲ့ သူ့အဖေနဲ့ အမေရဲ့ အချစ်မျိုးစေ့တွေ အမွေဆက်ခံပြီး မျိုးရိုးလိုက်သွားတာက အာလူး။

ဦးနောင်ဦးနဲ့ ဒေါ်နွယ်နွယ်မျိုးတို့ ညားခဲ့ကြတာလည်း စိုင်ကော်လို့ ချုပေါ်ရောက်ခဲ့တာ မဟုတ်လား၊ မရွှယ်ဘဲ ဇော်ကဲမင်းဖြစ်တဲ့ ကိမ်းလေ၊ အာလူးနဲ့ မေမိုင်လည်း ဒီလိုပဲ၊ အခုအခြေအနေရောက် အောင် မေမိုင့်မောင်က အရောက်ပို့ပေးခဲ့တာ၊ ဖေဖေရယ်၊ မေမေရယ်၊ အာလူးရယ်၊ မေမိုင်ရယ်၊ အဲဒီလေးယောက်ရဲ့ နှလုံးသားလေးစုံနဲ့ ထုဆစ်ထားတဲ့ မျိုးဆက်နှစ်ဆက်စာ အချစ်မော်ကွန်းကို "ချစ်လေးလုံး"လို့တောင် နာမည်ပေးလိုက်ချင်တယ်၊ ဟုတ်တယ်၊ ဒီမိုကရေစီ ရသွားတဲ့ နှလုံးသားတွေရဲ့ ချစ်လေးလုံးလို့ . .

BURMESE CLASSIC

ရှင်လန်းချမ်းမြေ့ကြပါစေ...

WAiHZAR




www.burmeseclassic.com